# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၀၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**
**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဖြူးချောင်းရေလှောင်တမံနှင့် ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဖြူးချောင်းရေလှောင်တမံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် ဒေသအတွက် များစွာအကျိုးရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမိုင်တိုင်(၁၁၄)ရှိ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းရေလွှဲဆည်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်မင်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးလှမင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

*စာမျက်နှာ ၈ ကော်လံ ၁* ✻

"ဖြူးချောင်းရေလှောင်တမံကို မြစ်ရေလျှံမှုမှ ကာကွယ်နိုင်ရေး၊ လုံလောက်သည့် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်"



**နိုင်ငံတကာ**

**နှစ်ဆန်းကား တရုတ်နိုင်ငံ၌ အရောင်းပြန်လည်မြင့်တက်လာ**

စာမျက်နှာ ❖ ၄

**ဆောင်းပါး**

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

စာမျက်နှာ ❖ ၆

**အားကစား**

**ဘာစီလိုနာဂိုးသမားဟောင်း ဗားဒက် မန်ယူရောက်**

စာမျက်နှာ ❖ ၁၃


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

HAPPY NEW YEAR

❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ဈေးနှုန်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) – [illegible] Ph: 01-400785, 09-254342575, 09-5147128
Show Room(2) – [illegible] Ph: 09-254346475, 01-8500492
Show Room(3) – [illegible] Ph: 09-254342979
Show Room(4) – Mandalay [illegible] Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးပန်းတိုင်

ယနေ့ မြန်မာပြည်သူတစ်ရပ်လုံး၏ အဓိကဆန္ဒသည်ကား တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်ချမှတ်ပြီး တစိုက်မတ်မတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုတွင် နှစ်ပေါင်း ၆၀ ကျော် ကြာညောင်းခဲ့ပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းသွားသည်နှင့်အမျှ တိုင်းရင်းသားလက်နက်ကိုင်တို့၏ ဒေသများတွင် တည်ငြိမ်အေးချမ်းလာမည်ဖြစ်ပြီး နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအစီအမံများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးကိုအရယူနိုင်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းသည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်ပါကြောင်း၊ နိုင်ငံရေးသဘောတူညီချက်များကို ခိုင်ခိုင်မာမာရရှိမှသာ ထာဝရငြိမ်းချမ်းရေးကို အာမခံနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးစတင်နိုင်ရန်အတွက် နှစ်ပေါင်း ၆၀ ကျော် ပစ်ခတ်တိုက်ခိုက်မှုများကို အရင်ဆုံးရပ်ဆိုင်းပစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းသိမ်းမထားနိုင်လျှင် ဆွေးနွေးပွဲများကို နောက်ပြန်ဆွဲသလိုဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်စဲရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရန်အတွက် စောင့်ကြပ်ထိန်းသိမ်းသွားမည့်အဖွဲ့များကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မိမိတို့အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့်အုတ်မြစ်ကိုချပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုများ အမြန်ဆုံးစတင်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့အတူ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားနေကြပြီဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကိုအမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ရာတွင် ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲနှင့် ဘယ်လိုအတားအဆီးမျိုးရှိနေပါစေ ထိုအခက်အခဲများကို ဘယ်လိုဖြတ်ကျော်နိုင်မည်ဆိုသည်ကို ဝိုင်းဝန်းကြိုးစားပြီး အဖြေရှာကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာကို အကြမ်းဖက်ဖြေရှင်းတတ်သည့် ယဉ်ကျေးမှုမှတစ်ဆင့် တွေ့ဆုံဆွေးနွေးပြီး အဖြေရှာတတ်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ကြိုးစားတည်ဆောက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး ငြိမ်းချမ်းရေးရရှိနိုင်သည်အထိ သန္နိဋ္ဌာန်ချကြရန်နှင့် ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဤသို့ နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးနိုင်ခြင်းကပင် ငြိမ်းချမ်းရေးအတွက် အပေါင်းလက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ပါ၍ ပြည်သူများက မျှော်လင့်ထားသည့်အတိုင်း ငြိမ်းချမ်းရေးပန်းတိုင်သို့ မဝေးတော့သည့်ကာလအတွင်း ရောက်ရှိတော့မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

**၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ

နီပေါနိုင်ငံသမ္မတ ဒေါက်တာရမ်ဘာရမ်ရာဒေ့ဗ်က ပေးပို့သည့်သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ရာလွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း တိုးတက်ကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်ဟု ဖော်ပြထားသည်။

အလားတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆူရှီကွိုင်ရာလာက အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း သာယာဝပြောပါစေကြောင်း ဆန္ဒပြုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား တည်ရှိနေသည့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုရှင်သန်တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

### စင်ကာပူသမ္မတနိုင်ငံ

စင်ကာပူသမ္မတနိုင်ငံ သမ္မတ တိုနီတန်ကင်ယမ်း ပေးပို့သည့်သဝဏ်လွှာတွင် အဆွေတော်၏ ဦးဆောင်မှုအောက်၌ မြန်မာနိုင်ငံသည် ထူးကဲသော နှစ် တစ်နှစ်ကို ထပ်မံကြုံတွေ့ခဲ့ရပါသည်။ အထူးသဖြင့် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံး အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းအတွက် အဆွေတော်အား ချီးကျူးဂုဏ်ပြုမိပါသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးအနေဖြင့် စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းအားထုတ်နေမှုများတွင် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။ စင်ကာပူ-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၌ အခြားအရေးပါသော ကဏ္ဍတစ်ခုအဖြစ် မှတ်တမ်းတင်မည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင် လေ့ကျင့်ရေးသင်တန်းကျောင်း၏ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန် စောင့်စားလျက်ရှိပါသည်ဟု ဖော်ပြထားသည်။

ထို့အတူ စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက အဆွေတော်၏ ဦးဆောင်မှုအောက်၌ မြန်မာနိုင်ငံသည် ထင်ရှားသောပြောင်းလဲမှုနှင့် တိုးတက်မှုများ ဖြစ်ပေါ်လာလျက်ရှိပါသည်။ လွန်ခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံး အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ခြင်းအပါအဝင် အဆွေတော်ဦးဆောင်သည့်အစိုးရ၏ အောင်မြင်မှုများအတွက် အဆွေတော်အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံသည် ကဏ္ဍများစွာ၌ နှစ်နိုင်ငံချင်းသာမက အာဆီယံနှင့်အခြား နိုင်ငံတကာအဖွဲ့အစည်းများ၌ပါ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးများ နက်ရှိုင်းလာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများ၌လည်းကောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးအနေဖြင့် ဆက်လက်ပံ့ပိုးကာ မြန်မာနိုင်ငံနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်ဟု သဝဏ်လွှာပေးပို့သည်။

### ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ အမ်ဒီ အဗ္ဗဒူလ် ဟာမစ်က ပေးပို့သည့်သဝဏ်လွှာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးသည် ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသည့်ကောင်းမွန်သော ဆက်ဆံရေးဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် တည်ရှိလျက်ရှိသော ဆက်ဆံရေး ပိုမိုခိုင်မာစေရေးအတွက် မိမိတို့နှစ်နိုင်ငံ အတူတကွ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်မိပါသည်ဟု ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ပေးပို့သည့်သဝဏ်လွှာ၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ချစ်ကြည်မှုနှင့် အပြန်အလှန်နားလည်မှုတို့အခြေခံလျက် ကောင်းမွန်သောဆက်ဆံရေးကို ထူထောင်ထားသည့် ရင်းနှီးသောအိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုခိုင်မာလာမည်ဟု ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာအနေဖြင့် စစ်မှန်စွာ ယုံကြည်မိပါသည်။

အဆွေတော်နှင့် မိသားစုတို့ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် ချစ်ကြည်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများလည်း ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။



# (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်အကြို ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရေး ဇန်နဝါရီ ၈**

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ ဗဟိုအထိမ်းအမှတ် အကြိုဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက်နေ့ ညနေ ၃ နာရီက ရေးအထက (၁) ကျောင်းဘောလုံးကွင်း၌ ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး မွန်အမျိုးသားနေ့ ဗဟိုကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ကျော်စိုးက အမှာစကားများပြောကြားပြီးနောက် ဘောလုံးပြိုင်ပွဲကိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ယှဉ်ပြိုင်ကစားကြပြီး အမျိုးသားအလွတ်တန်းတွင် ပထမပွဲစဉ်အဖြစ် ဟံဂံတိုက်နယ်အသင်းနှင့် ဖာလိန်ဒေသနှစ်သင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မိုးပွင့် (အထူး)စီမံချက်များ စတင်ဆောင်ရွက်

**လားရှိုး ဇန်နဝါရီ ၈**

နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်နေသူများအတွက် မိုးပွင့် (အထူး) စီမံချက်အဖြစ် ဇန်နဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ခြောက်လတာ နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စတင်ဆောင်ရွက်လျက်ရှိရာ လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာတွင် မြို့နယ် ရုံးဝန်ထမ်းများ ညအိပ်အခြေပြု၍ ကျေးရွာနေ လားဟူတိုင်းရင်းသားပြည်သူများအတွက် အိမ်ထောင်စုဇယား ၂၃၀ နှင့် ၁၀နှစ်ပြည့်၊ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆၀ ကို ဇန်နဝါရီ ၃ ရက်နှင့်၄ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများအား ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် နမ္မဘောဒကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွဲဖက်ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်၊ တာဝန်ရှိသူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်၍ အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခဲ့သည်။

**ဇော်လွင်(လားရှိုး)**




**အရိပ်လည်းရ ဝန်းကျင်လှ**
**သစ်ပင်စိုက်ပျိုးကြ**

ပြည်တွင်းသတင်း

# နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုး ဦးထိပ်ပန်ဆင်ကာ ကင်းထောက်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၈

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကင်းထောက်အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**





အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်မောင်မယ်များ၊ ဆရာ ဆရာမများ၊ ဘင်ခရာ ပန်းဖွားအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ ကင်းထောက်ကြီး ဦးဉာဏ်ထွန်းဦးနှင့် အမျိုးသမီး ကင်းထောက်ချုပ် ဒေါ်တင်လှကြည်တို့က ကင်းထောက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အဆောက်အအုံကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကင်းထောက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ကိုလိုနီလက်အောက်ကာလဖြစ်သည့် ၁၈၈၇ ခုနှစ်တွင် ရမည်းသင်းခရိုင်ကို ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး စသည့် မြို့နယ်ငါးခုဖြင့် ခရိုင်ဖွဲ့ခဲ့ပါကြောင်း၊ ယင်းအချိန်အခါက တပ်ကုန်းမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် အထက်တန်းကျောင်းမရှိ၍ ရမည်းသင်းအထက်တန်းကျောင်းတွင် ကျောင်းလာတက်ကြရပါကြောင်း၊ ထိုကျောင်းတွင် ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းပြီး လူငယ်များကို ပြုစုပျိုးထောင်ပေးခဲ့ပါကြောင်း၊ ကင်းထောက်အဖွဲ့ ဖွဲ့စည်းပြီးသည့်အခါ ကင်းထောက်ပညာရပ်များ သင်ကြားပေးနိုင်ရန်အတွက် ကင်းထောက် အဆောက်အအုံကို ကျောင်းအုပ်ဆရာကြီးဦးစီးကာ ယခုနေရာတွင် ၁၉၃၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဆောက်လုပ်ခဲ့ပါကြောင်း၊ ထိုအဆောက်အအုံတွင် ဆရာများက ကင်းထောက်များကို ပြုစုပျိုးထောင်ပေးခဲ့ရာတွင် စာဖတ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းနှင့် ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားပြီး အများအကျိုးဆောင်ရွက်လိုသော စိတ်ဓာတ်များ ခိုင်မာလာစေရန် သင်တန်းပို့ချပေးနိုင်ခဲ့ပါကြောင်း။

အဆိုပါ ကင်းထောက်အဆောက်အအုံသည် နှစ်ကာလကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းခြင်းများရှိခဲ့ခြင်းကြောင့် ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအဆောက်အအုံ၏သက်တမ်းသည် ယနေ့ဆိုပါက (၈၁)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး အသစ်တစ်ဖန်ပြန်လည်ဖွင့်လှစ်သည့်နေ့ဖြစ်ခြင်းကြောင့် ယနေ့ အခမ်းအနားသည် ရမည်းသင်းခရိုင်ရှိ လူငယ်များအတွက် အကျိုးကျေးဇူးကြီးမားသည့် နေ့တစ်နေ့ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ကင်းထောက်သမိုင်းကို ပြန်ကြည့်လျှင် ဗြိတိန်နိုင်ငံသား ဗိုလ်မှူးကြီး လော့ဒ်ရောဘတ်ဘာဒန်ပိုဝဲလ်က ၁၉၀၇ ခုနှစ်တွင် လူ ၂၀ ဖြင့် ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကင်းထောက်အဖွဲ့သည်ရည်ရွယ်ချက်၊ စေတနာနှင့် လုပ်နည်း လုပ်ဟန် ကောင်းမွန်သည့်အတွက် လျင်မြန်စွာရေပန်းစားလာပြီး အမေရိကန်၊ အီတလီ၊ ဂျာမနီတို့အပြင် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနယ်ပယ်များတွင်လည်း ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်၌ ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရပြီးသည့်နောက် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ ထိုအချိန်က နိုင်ငံတော်အကြီးအကဲများ ဖြစ်ကြသည့် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်များကိုယ်တိုင် ကင်းထောက်အဖွဲ့တွင် အကြီးအကဲများအဖြစ် ဂုဏ်ပြုချီးမြှင့် ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့နိုင်ပါကြောင်း။

၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ ယင်းသို့ ရပ်ဆိုင်းနေရာမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လူငယ်ထုအပေါ် အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများကြောင့် မြန်မာ့ကင်းထောက်အဖွဲ့ကို နိုင်ငံတကာ ကင်းထောက်ကျင့်ထုံးများနှင့်အညီ ပြန်လည်ဖွဲ့စည်းပြီး ကင်းထောက်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လာခြင်း ဖြစ်ပါကြောင်း။

ကင်းထောက်လုပ်ငန်းဟူသည်မှာ နိုင်ငံရေး၊ စစ်ရေး၊ မစွက်ဖက်သည့်မွန်မြတ်သော နိုင်ငံ့သားကောင်း ပြုစုပျိုးထောင်ရေးလုပ်ငန်း သက်သက်ဖြစ်ပါကြောင်း၊ ထို့အတွက် ကင်းထောက်ဆောင်ပုဒ်သည် "(Be Prepared) အဆင်သင့် သူတစ်ပါးကို ကူညီဖို့အသင့်ရှိရမည်"ဟု ဖော်ညွှန်းထားပါကြောင်း၊ မွန်မြတ်သော လုပ်ငန်းကို ဆောင်ရွက်ကြသည့် ကင်းထောက်မောင်မယ်များသည် မိမိတို့ကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ရေး၊ နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး သစ္စာစောင့်သိရေး၊လူမှုရေးကိစ္စများတွင် ပရဟိတစိတ်ဓာတ်ဖြင့် ကူညီရေးစသည့် အခြေခံကောင်းများကို မိမိတို့၏ စိတ်သန္တာန်တွင် စွဲမြဲနေကြရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကင်းထောက်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးကို ဦးထိပ်ပန်ဆင်ကာ ကင်းထောက်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားခြင်းဖြင့် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိတိုင်းပြည်အတွက်ကောင်းအောင် ကြိုးစားခြင်းတို့ကို ကိုင်စွဲသွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ကာလများကို ပြန်ကြည့်ပါက အထိုက်အလျောက် တိုးတက်လာသည်များ ရှိသကဲ့သို့ မတိုးတက်သည်များလည်း ရှိနေပါသေးကြောင်း၊ ယင်းတို့ကိုလည်း မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ဆက်စပ်နေသည့် အကြောင်းအရာတစ်ခုမှာ လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေရေး အခန်းကဏ္ဍဖြစ်ပါကြောင်း၊ ထို့အတူ ကင်းထောက်လူငယ် မောင်မယ်များ၏ အခန်းကဏ္ဍ မြင့်မားလာစေရန်လည်း လိုပါကြောင်း၊ ယင်းအချက်ကို နိုင်ငံတော်သမ္မတအနေဖြင့် အလေးထားကာ ပို၍ပို၍ အင်အားကောင်းသည့် ကင်းထောက်လူငယ် မောင်မယ်များကို မွေးထုတ်ပေးလျက်ရှိနေသည်ကို တင်ပြအပ်ပါကြောင်း၊ ယခုနှစ်တွင် တစ်တိုင်းပြည်လုံး၌ ကင်းထောက် လူငယ်မောင်မယ်ဦးရေ တစ်သိန်းခန့်အထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း၊ အလားတူပင် စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးနေသည့် ကင်းထောက်ဟောင်းကြီးများ၊ ကင်းထောက်ချုပ်၊ ကင်းထောက်မယ်ကြီးများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အစည်းအသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သည့် နေရာတွင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အလွန်အလေးထား ဆောင်ရွက်နေပါကြောင်း၊ လူငယ်များအနေဖြင့်လည်း ဤသို့ကောင်းမွန်သည့် အဖွဲ့အစည်းမှသည် တစ်နေ့တွင် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံသားကောင်းများ ပါဝင်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ကြီး ပိုမိုကောင်းမွန်လာစေရန် မိမိတို့ အထူးအလေးထားနေသကဲ့သို့ ပါဝင်သည့် လူငယ်များအနေဖြင့်လည်း သက်ဆိုင်ရာမိဘ၊ ဆရာများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ကင်းထောက်ကြီး ဦးဉာဏ်ထွန်းဦးက ကင်းထောက်ဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များမှ ကင်းထောက် လူငယ်မောင်မယ်လေးများက နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကင်းထောက်ကတိသစ္စာဆိုခြင်းများကို ပြုလုပ်ကြသည်။

ဆက်လက်၍ တဲကြီးထိုး သရုပ်ပြကွက်ကို ပျော်ဘွယ်မြို့နယ် ကင်းထောက် လူငယ်မောင်မယ်များကလည်းကောင်း၊ တဲလေးထိုး သရုပ်ပြကွက်နှင့် ကင်းထောက်ကြိုးချည် သရုပ်ပြကွက်ကို ရမည်းသင်းမြို့နယ် ကင်းထောက်လူငယ်မောင်မယ်များကလည်းကောင်း တင်ဆက်ပြသကြသည်။

ထို့အတူ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်များမှ ကင်းထောက်လူငယ်မောင်မယ်များ ပူးပေါင်းကာ အခြေခံရှေးဦးသူနာပြု သရုပ်ပြကွက်များ၊ ကင်းထောက်ကြိုးချည်နည်းများနှင့် ဂုလီနှင့်အာရက် တေးသီချင်းများကို တေးသရုပ်ဖော် တင်ဆက်ကပြကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

■ *ကျော်ဖုံးမှ*

တိုင်းရင်းသားအားလုံး၏ ကြိုးပမ်းမှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပထမဆုံး ကချင်ပြည်နယ်ကောင်စီ ညီလာခံအစည်းအဝေးကျင်းပသည့် ဇန်နဝါရီ ၁၀ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည့်နေ့ ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်နေ့သည် လွတ်လပ်ရေးနှင့် ပေါက်ဖွားလာသည်နှင့်အညီ ယခုကျင်းပသည့်မနောကွင်း၌ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည့် စဝ်ရွှေသိုက်နှင့်အတူ ပြည်နယ်ဥက္ကဋ္ဌ ဆမားဒူဝါဆင်ဝါးနော်တို့ မနောပွဲကျင်းပခဲ့ခြင်း ဖြစ်သည့်အတွက် သမိုင်းအစဉ်အလာ ကြီးမားသည့် မနောကွင်းဖြစ်ပါကြောင်း၊ မနောအကသည် ကချင်ရိုးရာအကအားလုံးတွင် အဆင့်မြင့်ဆုံးအကမျိုးဖြစ်ပြီး မနောပွဲကျင်းပသည့် အဓိပ္ပာယ်မှာ ဆွေမျိုးသားချင်းများ ပြန်လည်စုစည်း၍ တစ်ဦးနှင့်တစ်ဦး ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းဆုံးဖြတ်အားသစ်ယူ၍ အားအင်စုစည်းသည့် ပွဲဖြစ်ပါကြောင်း၊ မနောပွဲပြုလုပ်ရခြင်းမှာ မည်သည့်အချိန်အခါဖြစ်စေ အဓိကအားဖြင့် သွေးစည်းညီညွတ်မှုအင်အား အားပျော့လာသည့်အခါ အင်အားစုစည်းအဖြေရှာခြင်း၊ အောင်မြင်မှုရရှိလာသည့်အခါ အောင်ပွဲခံအဖြစ်ကျင်းပရခြင်း စသည်ဖြင့် ပြုလုပ်လေ့ရှိသည့် ပွဲတော်ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ်ကျင်းပသည့် ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ကို လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အထောက်အကူအဖွဲ့များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားမျိုးနွယ်စု တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး မနောပွဲတော်ထည့်သွင်းကျင်းပလိုကြောင်းနှင့် ပြည်နယ်နေ့ကို ခမ်းနားစွာကျင်းပလိုကြောင်း ဆန္ဒပြုလာသည့်အတွက် မိမိတို့အနေဖြင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုလိုမနောပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ လူမျိုး၊ ဘာသာခွဲခြားခြင်းမရှိ တန်းတူညီမျှမှုနှင့် အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ပြည်နယ်တစ်ဝန်းတွင် နေထိုင်လျက်ရှိသည့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နောင်နန်းဓမ္မတက္ကသိုလ် သံစုံတီးဝိုင်းအဖွဲ့က တီးမှုတ်ဖျော်ဖြေပြီး မနောကွင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကက်သလစ်ဘုန်းတော်ကြီးလွမ်းဒေါင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသူ ၆၀၀ တို့က ပဝါအက၊ အေရိုးဗစ်အကများဖြင့်လည်းကောင်း၊ မြစ်ကြီးနားတက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား/ကျောင်းသူ ၂၅၀ တို့က တိုင်းရင်းသားစုံညီ မနောအလှဖွင့်ပွဲအကများဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ၊ ပေါင်ဆန်းပြည်နယ်ခွဲ၊ နုကျန်းပြည်နယ်ခွဲ၊ ထိန်ချုံးခရိုင်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းဝင်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ၊ INGO , NGO အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်ကို မနောအကဖြင့် ချစ်ကြည်ရင်းနှီးစွာဖြင့် အတူတကွ ဆင်နွှဲကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ရွှေခဲအင်းကျေးရွာ ကတ္တရာလမ်းဖောက်လုပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမှ ရွှေခဲအင်းကျေးရွာသို့ ကတ္တရာလမ်း အရှည် နှစ်မိုင် ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးစောလှသည် ဇန်နဝါရီ ၈ ရက်က ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# သီရိလင်္ကာနိုင်ငံသမ္မတ မဟင်ဒါရာဂျာပက်ဆာ အရေးကြီးသောဆန္ဒမဲပေးပွဲတွင် အကျပ်အတည်းနှင့်ရင်ဆိုင်ရဖွယ်ရှိ



**ကိုလံဘို ဇန်နဝါရီ ၈**

သမ္မတ မဟင်ဒါရာဂျာပက်ဆာနှင့် ၎င်း၏ မဟာမိတ်ဟောင်းတစ်ဦးတို့ယှဉ်ပြိုင်သော အကြိတ်အနယ် ရွေးကောက်ပွဲတွင် သန်းပေါင်းများစွာသော သီရိလင်္ကာ ပြည်သူများက မဲပေးကြမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်ကတည်းက သမ္မတဖြစ်ခဲ့သူ မစ္စတာ ရာဂျာပက်ဆာသည် လေ့လာသုံးသပ်သူများက အလွယ်တကူအနိုင်ရမည်ဟု ကြိုတင်ခန့်မှန်းထားသော ရွေးကောက်ပွဲကို နှစ်နှစ်စောပြီးကျင်းပခဲ့သည်။

သို့သော် မဲဆန္ဒရှင်များသည် ပြိုင်ဘက်ဝန်ကြီး ဟောင်း မိုင်သရီပါလစီရီဆီနာကို ထောက်ခံရန် အဆင်သင့်ရှိနေကြသည်။

လက်နက်ကိုင်ရဲသားများ မဲရုံတိုင်းတွင်ရှိနေခြင်းမှာ ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတည်ငြိမ်အေးချမ်းမှု မရှိမည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်သည်။ ၂၀၀၉ခုနှစ်တွင် အဆုံးသတ်ခဲ့သော ပြည်တွင်းစစ်ပြီးနောက် မစ္စတာ ရာဂျာပက်ဆာသည် လူကြိုက်များလာခဲ့သည်။ ၎င်း၏ ဆွေမျိုးများသည် နိုင်ငံ၏ အရေးကြီးသောနေရာများ တွင် တာဝန်ယူဆောင်ရွက်နေသောကြောင့် ဝေဖန်ရေး သမားများက၎င်းကိုနိုင်ငံရေးတာဝန်ထမ်းဆောင်ရာတွင် မိသားစု စီးပွားရေးလုပ်ငန်းလုပ်သကဲ့သို့ ဆောင်ရွက် သည်ဟု စွပ်စွဲကြသည်။

လေ့လာဆန်းစစ်သူများက မစ္စတာစီရီဆီနာသည် ယခုကဲ့သို့အခြေအနေမျိုးတွင် အခွင့်အရေးကို လိမ္မာ ပါးနပ်စွာအသုံးချခဲ့သည်ဟု ပြောခဲ့သည်။ မစ္စတာရာဂျာ ပက်ဆာကိုအမြဲထောက်ခံနေသော ဆင်ဟလီးစ်လူမျိုးများ ၏ ထောက်ခံမဲများကိုလည်းရရှိနိုင်ကြောင်း ပြောခဲ့သည်။

မစ္စတာစီရီဆီနာသည် သီရိလင်္ကာနိုင်ငံ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိသော လူမျိုးစုများထံမှ ထောက်ခံမဲအများ ဆုံးရရှိနိုင်ရန် မျှော်လင့်ထားသည်။

**(ဘီဘီစီ)**

# နစ်ဆန်းကား တရုတ်နိုင်ငံ၌ အရောင်းပြန်လည်မြင့်တက်လာ



**ရှန်ဟိုင်း ဇန်နဝါရီ ၈**

ဂျပန်နစ်ဆန်းကားကုမ္ပဏီနှင့် ၎င်း၏ ဖက်စပ်တရုတ်ကုမ္ပဏီတို့ ၂၀၁၄ ခုနှစ်အတွင်း တရုတ်နိုင်ငံ တွင် ကားစီးရေ ၁ဒသမ ၂၂သန်း ရောင်းချခဲ့ရသဖြင့် ယမန်နှစ်ကထက် ၀ဒသမ ၅ ရာခိုင်နှုန်း မြင့်တက် လာခဲ့ကြောင်း နစ်ဆန်းကုမ္ပဏီက ပြောသည်။

ဒီဇင်ဘာလအတွင်း တရုတ် နိုင်ငံ၌ နစ်ဆန်းကား ၁၂၁၉၀၀ စီး ရောင်းချခဲ့သည်။ ထိုနှစ်နှစ်ဆန်းပိုင်း က ၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်း သွားခဲ့ရာမှ နစ်ဆန်းကားကုမ္ပဏီသည် တရုတ်နိုင်ငံအတွင်း ခြောက်လ ဆက်တိုက် အရောင်းကျဆင်းခဲ့ သည်။

တရုတ်နိုင်ငံရှိ ဂျပန်ကား ကုမ္ပဏီတို့သည် အဓိက စိန်ခေါ်မှု နှစ်ရပ်ဖြစ်သောစီးပွားရေးကျဆင်း မှုနှင့် လွန်ခဲ့သည့်နှစ်က ပေကျင်းနှင့် တိုကျိုမြို့အကြား နိုင်ငံရေးတင်းမာမှု များနှင့် ရင်ဆိုင်ခဲ့ရသည်။

နစ်ဆန်းကုမ္ပဏီသည် တရုတ် ကားကုမ္ပဏီဒေါင်ဖန်းနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ပြိုင်ဘက် တိုယိုတာကုမ္ပဏီက ပြီးခဲ့သည့်နှစ် အတွင်း ရည်မှန်းချက်ကို ပြည့်မီ အောင် မရောင်းချခဲ့ရသော်လည်း ၂၀၁၅ ခုနှစ်တွင် ကားစီးရေ တိုးမြှင့် ရောင်းချနိုင်ရန် မျှော်လင့်ထားသည်။

**(ရိုက်တာ)**

# ဂျပန်မြောက်ပိုင်း နှင်းမုန်တိုင်းဝင်ရောက်မှုရပ်ဆိုင်း

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံမြောက်ပိုင်း၌ အင်အားပြင်း နှင်းမုန်တိုင်းဝင်ရောက်လာခဲ့ရာ မုန်တိုင်းဝင်ရောက်မှုကြောင့် အဆိုပါဒေသ၌ ရထားပို့ဆောင်ရေးလုပ်ငန်း ဆိုင်းငံ့ခဲ့ရပြီး လေကြောင်းလိုင်း ခရီးစဉ်များစွာ ဖျက်သိမ်းခဲ့ရသည်။

ကြာသပတေးနေ့ သတင်းများအရ ရာသီဥတုအခြေအနေကြောင့် လေကြောင်းလိုင်း ၂၃၀ ကျော် ဖျက်သိမ်းခဲ့ရသောကြောင့် ခရီးသွား ၁၅၀၀ ကျော်သည် ဟော့ကိုင်းဒိုးကျွန်းပေါ်ရှိ နယူးချီတိုဇ်လေဆိပ်၌ ညအိပ် ရပ်နားခဲ့ရကြောင်း၊ ရထားခရီးစဉ် ၂၅၀ ခန့်လည်း ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

ဟော့ကိုင်းဒိုးကျွန်းပေါ်ရှိ လမ်းများ၌ ရေခဲများဖုံးလွှမ်းနေသောကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိ ခဲ့သည်။ မြောက်ပိုင်းဒေသ၌ လာမည့်သီတင်းပတ်တွင် နှင်းထု ၅၀ စင်တီမီတာ ရှိ ဆီးနှင်းများ ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းခဲ့ကြသည်။

ထို့အပြင် ဆီးနှင်းပြိုကျခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ ဖြစ်ပွား နိုင်ကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဟော့ကိုင်းဒိုးကျွန်း မြောက်ဘက်ဆုံးပိုင်းနှင့် ဟွန်ရှူးကျွန်း ဂျပန်ပင်လယ် အနီးဒေသများ၌လည်း လွန်ခဲ့သည့်လက နှင်းမုန်တိုင်းဝင်ရောက်မှုကြောင့် ၁၁ ဦး ထက်မနည်း သေဆုံးခဲ့ပြီး လူများစွာဒဏ်ရာရရှိခဲ့သည်။ ဂျပန်နိုင်ငံ အချို့ဒေသများ၌ ပြီးခဲ့သည့်နှစ် ဆီးနှင်းကျဆင်းမှု၌ ဆီးနှင်းထု စင်တီမီတာ ၂၀၀ ကျော်ရှိခဲ့သည်။

**(ပရက်စ်တီဗွီ)**

# တူရကီ အစ္စတန်ဘူလ်မြို့လယ်ရှိ ရဲစခန်းကို အမျိုးသမီးတစ်ဦး အသေခံပုံးခွဲတိုက်ခိုက်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၈**

အမျိုးသမီး အသေခံပုံးခွဲတိုက်ခိုက်ရေး သမားတစ်ဦးသည် အစ္စတန်ဘူလ်မြို့လယ် ဆူတာနာမက်ခရိုင်ရှိ ရဲစခန်းတစ်ခုကို အသေခံ ပုံးခွဲတိုက်ခိုက်ခဲ့ရာ ရဲအရာရှိတစ်ဦးသေဆုံးပြီး အခြားအရာရှိတစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါ ပုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းက တိုက်ခိုက်သည်ကို ချက်ချင်းမသိရသေးဟုဆိုသည်။ အဆိုပါရဲစခန်း သည် ဝန်ကြီးချုပ်ရုံးအနီး၌ ရှိသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနှင့်အီရတ်တို့မှ နယ်စပ်ဖြတ်ကျော် စစ်သွေးကြွများ၏ ခြိမ်းခြောက် မှုနှင့် ရင်ဆိုင်နေရသည်။

အဆိုပါ ရဲစခန်းတစ်ခုအတွင်းမှ ရဲအရာရှိ တစ်ဦးထွက်လာပြီး လေထဲသို့သေနတ်ပစ်ကာ အသေခံပုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီဟု ၎င်းက ပြောဆိုခဲ့သည်။

အဆိုပါအမျိုးသမီးသည် ပိုက်ဆံအိတ် ကျပျောက်ဟန်ဆောင်ပြီး ရဲစခန်းအတွင်းသို့ ဝင်လာကာ အသေခံပုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ် ကြောင်း အစ္စတန်ဘူလ်အုပ်ချုပ်ရေးမှူး ဗာဆစ် ဆာဟင်းက သတင်းထောက်များအား ပြောသည်။ ၎င်းသည် အင်္ဂလိပ်စကားပြောနိုင်ငံခြားသား တစ်ဦးဖြစ်ပြီး မည်သည့်နိုင်ငံသားဖြစ်သည်ကို မသိရသေးဟုဆိုသည်။ “ရဲအရာရှိတွေထဲက တစ်ယောက်တော့ သေဆုံးခဲ့ပါတယ်၊ အသေခံ ပုံးခွဲတဲ့ အမျိုးသမီးကတော့ ဘယ်သူဘယ်ဝါ ဆိုတာ မသိရသေးပါဘူး”ဟု ဝန်ကြီးချုပ် အာမက် ဒါဗူတိုဂလူက ပြောသည်။

**(ရိုက်တာ)**



ရဲများက အလိုရှိနေသော သေနတ်သမားနှစ်ဦး၏ပုံများ ကြေညာထားသည်ကို တွေ့ရစဉ်။

# ပြင်သစ်ရဲများက ချာလီဟက်ဒို သရော်စာမဂ္ဂဇင်းတိုက်အား တိုက်ခိုက်ခဲ့သည့် သံသယရှိဖွယ်လူများ၏အမည်ကိုထုတ်ဖော်

**ပါရီ ဇန်နဝါရီ ၈**

ပြင်သစ်ရဲများက ချာလီဟက်ဒို သရော်စာမဂ္ဂဇင်းတိုက်အား တိုက်ခိုက်မှုပြုလုပ်ခဲ့သော ရာဇဝတ်ကျူးလွန်သူများကို ဆက်တိုက်ရှာဖွေပြီးနောက် သံသယရှိဖွယ် ညီအစ်ကိုနှစ်ဦး၏အမည်ကို ထုတ်ဖော်ကြေညာခဲ့သည်။

ထိုညီအစ်ကိုနှစ်ဦးဖြစ်သော ချဲရစ်နှင့် ဆေးကူယာချီတို့၏ဓာတ်ပုံများနှင့်အတူ ရဲများက ဖမ်းဝရမ်းထုတ်ခဲ့သည်။ တတိယမြောက် သံသယဖြစ်ဖွယ်ရှိသူသည် ကိုယ်တိုင်လာရောက်အဖမ်းခံခဲ့သည်။ ပြင်သစ်နိုင်ငံ၌ လူ ၁၂ ဦး အသက်ခံရမှုအတွက် ဝမ်းနည်းကြေကွဲဖွယ်နေ့ ကျင်းပလျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရိမ်းစ်မြို့တွင် အဓိက ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးခြင်းမပြုခဲ့ပေ။

တတိယမြောက် သံသယဖြစ်ဖွယ်ရှိသူ အသက် ၁၈ နှစ်အရွယ်ရှိ ဟာမီမော်ရတ်သည်ရဲစခန်းသို့ သူကိုယ်တိုင်လာ ရောက်အဖမ်းခံခဲ့ကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြသည်။ တိုက်ခိုက်မှုတွင် ပါဝင်သည်ဟု သူ၏အမည်ကို သတင်းတွင်ကြားသိပြီးနောက် လာရောက်အဖမ်းခံခဲ့ခြင်းဖြစ်ကြောင်း ပါရီတရားရုံးမှ တာဝန်ရှိသူများက ပြောသည်။ ချဲရစ်ကူယာချီသည် အီရတ်သို့ ဂျီဟတ်တိုက်ခိုက်ရေး သမားများစေလွှတ်သော ပါရီအခြေစိုက်အုပ်စု အဖွဲ့ဝင် ဖြစ်သောကြောင့် ၂၀၀၈ ခုနှစ်က ထောင်ဒဏ်သုံးနှစ် ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။

**(ဘီဘီစီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

**ကိုမြင့်(စီးပွားရေး)**

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာ၊ ခေတ်မီထွန်ယက် စိုက်ပျိုးရေးကိရိယာများ၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ၊ မြေဩဇာများ၊ ပိုးသတ်ဆေးများ လိုအပ်သည်သာမက လိုအပ်သောစိုက်ပျိုးရေကို အချိန်အခါနှင့်လျော်ညီစွာရရှိရေးမှာ အထူးလိုအပ်ပေသည်။ စိုက်ပျိုးရေရရှိရေးအတွက် မိုးလေဝသကောင်းမွန်ရန် လိုသည်။ သို့မှသာ ဆည်များ၊ ကန်များအတွင်း သတ်မှတ်ထားသည့် ရေအမှတ်ထိ ဝင်ရောက်ကာ လယ်ယာမြေများအတွက် လိုအပ်သောရေကို ဖြန့်ဝေနိုင်ပေမည်။ အချိန်အခါမဲ့ မိုးရွာသွန်းမှုများကိုလည်း သတိတရားဖြင့် ကာကွယ်ထိန်းသိမ်းကြရန် လိုပေသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်အတွင်း ရွာသွန်းသောမိုးသည် မိုးစပါးရိတ်သိမ်းချိန်ဖြစ်သဖြင့် အောက်ပိုင်းဒေသများတွင် ထိခိုက်မှု အချို့ရှိခဲ့ပါသည်။ အဆိုပါရက်များအတွင်း မြန်မာပြည်အလယ်ပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင်လည်း မိုးရွာသွန်းခဲ့ရာ ဆောင်းသီးနှံများအတွက် အကျိုးပြုခဲ့ပါသည်။

အချို့သောနိုင်ငံများတွင် လယ်ယာကဏ္ဍအထွက်တိုးစေရန်အတွက် မျိုးရိုးဗီဇပြုပြင်ထားသောသီးနှံများကို ပြောင်းလဲစိုက်ပျိုးကြသဖြင့် အထွက်နှုန်းနှစ်ဆမှ သုံးဆအထိ တိုးတက်လာကာ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာခြင်း၊ ပြည်ပသို့ တင်ပို့နိုင်ခြင်းများကို လေ့လာရပါသည်။ ဥပမာ-အိန္ဒိယတွင် မျိုးဗီဇပြုပြင်ထားသည့် Bita Cotton ခေါ် ဘီတာဝါမျိုးကို ပြောင်းလဲစိုက်ပျိုးခဲ့ရာ ဝါစိုက်တောင်သူများ ဝင်ငွေနှစ်ဆတိုးပွားလာပြီး ပိုလျှံသည့်ဝါများကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့သည်။ ထိုနည်းတူစွာ ဖိလစ်ပိုင်နိုင်ငံတွင်လည်း Bita Corn ခေါ် ဘီတာပြောင်းဖူးမျိုးကို ပြောင်းလဲစိုက်ပျိုးခဲ့ရာ အထွက်နှုန်းနှစ်ဆကျော်ရရှိခဲ့ပြီး ပြည်ပနိုင်ငံများသို့ Value Added ပို့ကုန်ပြောင်းမှုန့်များ တိုးချဲ့တင်ပို့လာနိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် မျိုးရိုးဗီဇပြုပြင်ထားသည့်သီးနှံများကို စိုက်ပျိုးရန်အတွက် အကန့်အသတ်အတားအဆီးများကလည်း ရှိနေပြန်၏။ ထိုသို့ စိုက်ပျိုးရန် မျိုးရိုးဗီဇပြုပြင်ထားသောမျိုးစေ့များ စိုက်ပျိုးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးရန် လိုသည်။ အဆိုပါသီးနှံများ၏ ကောင်းကျိုးဆိုးပစ်များကို အသေအချာလေ့လာရန်

> **နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပေသည်။ သို့သော် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာလည်း တစ်နှစ်ထက် တစ်နှစ်တိုး၍လာနေလျက်။ အချို့ မြို့နယ်များတွင် လယ်ယာလုပ်သားများ ရှားပါးလာမှုကိုလည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများ ရှားပါးမှုကိုလည်းကောင်း တွေ့မြင်ကြားသိနေရ**

လိုသည်။ မိဘမျိုးရင်းများ၊ ဒေသမျိုးရင်းများ တိမ်မြုပ်ပျောက်ကွယ်မသွားရန် ဂရုပြုကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း မျိုးဗီဇပြုပြင်ထားသောသီးနှံများကို စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ဝေဖန်တိုက်ခိုက်သောအဖွဲ့များကလည်း ရှိနေပြန်သည်။ အချို့ပညာရှင်များက အဆိုပါမျိုးဗီဇပြုပြင်ထားသည့်သီးနှံများကို စားသုံးသီးနှံများတွင် မစိုက်ပျိုးဘဲ စက်မှုသီးနှံများတွင်သာ စိုက်ပျိုးကြရန်အကြံပြုကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အထူးအထွက်တိုးစပ်မျိုးစပါး၊ အထွက်ကောင်းဝါမျိုးများ၊ စပ်မျိုးအစေ့ထုတ်ပြောင်း၊ အထွက်ကောင်းနေကြာနှင့် ပဲသီးနှံများ ထုတ်လုပ်ပေးလျက်ရှိသည်ကိုလည်း အားတက်ဖွယ်တွေ့မြင်နေရပါသည်။ အထွက်ကောင်းမျိုးစေ့များကို တောင်သူလယ်သမားများ တွင်ကျယ်စွာ စိုက်ပျိုးလာကြစေရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက်ပါ အလေးထားဆောင်ရွက်သင့်ပါသည်။

မြန်မာပြည်အလယ်ပိုင်း ဧရာဝတီ၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် မြစ်ရေမအောင်သည်မှာ ကြာခဲ့ပြီ။ ငါးနှစ်ခြောက်နှစ်လောက်ရှိနေပြီ။ ရေမအောင်သဖြင့် ကိုင်းကျွန်းမြေများတွင် နုန်းတင်မြေနုများမရရှိသည်သာမက မြေအစိုဓာတ် ခြောက်ခန်းမှုများဖြစ်လာသည်။ ကြွက်များပိုမိုသောင်းကျန်းလာသည်။ ရေလျှံတွင်းများတူး၍ မြေအစိုဓာတ်ရအောင် ပြုလုပ်နေကြရသည်။ ဆောင်းမြေပဲစိုက်နိုင်သောမြေမှာ အဆင့်အတန်းကျဆင်းလာသဖြင့် အခြားပဲများကိုစိုက်လာကြရသည်။ ယခုအတိုင်းသာ ဆက်သွားလျှင် သီးနှံပုံစံများ ပြောင်းလဲကြရပေတော့မည်။ အပူဒဏ်ခံသီးနှံများ၊ ရေအနည်းလိုသီးနှံများကို သုတေသနပြုစိုက်ပျိုးစေခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်လိုအပ်နေပေသည်။ အောက်မြန်မာပြည် မိုးကောင်းသောဒေသများအတွက် ရေနက်စပါးမျိုးများ၊ ရေစိုခံ စပါးမျိုးများ တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တွေ့မြင်ရပါသည်။

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးလာရန်အတွက် လက်ရှိစိုက်ပျိုးလျက်ရှိသော လယ်ယာမြေများတွင် သီးနှံစိုက်စွမ်းအားတိုးမြှင့်လာစေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးနိုင်သောမြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ပေးရန်လိုပေသည်။ စိုက်ပျိုးနိုင်သောမြေရိုင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၃၂၇၈၉၉၃ ဧကရှိရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၃၂၄၆၃၈၈ ဧကသို့လည်းကောင်း၊ ၂၀၁၃-၂၀၁၄ (မတ်လကုန်) စာရင်းအရ ၁၃၀၈၂၇၈၅ ဧကသို့လည်းကောင်း လျော့နည်းလာသည်ကို တွေ့ရပါသည်။ စိုက်ပျိုးနိုင်သောမြေရိုင်းကို စိုက်ပျိုးမြေအဖြစ်သို့ ဖော်ထုတ်နိုင်မှု ပိုမိုအားကောင်းလာသည်ကို ကိန်းဂဏန်းများက ပြဆိုနေပါသည်။ မြေရိုင်းတစ်ဧကကို ဖော်ထုတ်ရန်အတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၆၀၀၀၀ ကျော်ခန့်ရှိသဖြင့် စရိတ်ကြီးမြင့်သော်လည်း ရေရှည်အကျိုးမျှော်မှန်း၍ ဆောင်ရွက်သင့်ပါသည်။ ပုဂ္ဂလိကပိုင်အနေဖြင့် မြေရိုင်းဖော်ထုတ်မှုသာမက ပလပ်မြေဖော်ထုတ်မှုတွင်လည်း ဝင်ရောက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂-၂၀၁၃ (ရွှေ့ပြေးအမှန်) စာရင်းများအရ ပလပ်မြေ ဧက ၁၀၈၅၉၂၃ ရှိပေသည်။ ပလပ်မြေတစ်ဧကဖော်ထုတ်မှု ကုန်ကျစရိတ်မှာ ကျပ် ၅၀၀၀၀ ကျော်ခန့်သာရှိသဖြင့် မြေရိုင်းဖော်ထုတ်မှုထက် ပိုမိုသက်သာပြီး ရေနက်ကွင်းတစ်ဧကဖော်ထုတ်မှု ကုန်ကျစရိတ်နှင့်နီးစပ်ပေသည်။

ယနေ့အချိန်အခါတွင် တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးရေး ကိရိယာများ ပိုမိုသုံးစွဲလာကြစေရန် ဆောင်ရွက်လျက်ရှိခြင်း၊ ထွန်ယက်ကိရိယာကိုင်တွယ်မောင်းနှင်နည်း၊ ပြင်ဆင်နည်းများကို သင်တန်းများ ပေးလျက်ရှိသည်မှာ အလွန်ကောင်းမွန်လှပေသည်။ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ကို လိုက်နာကျင့်သုံးနိုင်ရန် ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးသင့်ပေသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လယ်ယာသုံး စက်ကိရိယာကိုင်တွယ်မောင်းနှင်ခြင်းဆိုင်ရာသင်တန်း ၆၆ ကြိမ်ဖြင့် ဝန်ထမ်း ၈၆၅ ဦးနှင့် တောင်သူ ၁၇၅၈ ဦးကိုသာ လေ့ကျင့်သင်ကြားပေးနိုင်သည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပေသည်။ သို့သော် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာလည်း တစ်နှစ်ထက် တစ်နှစ်တိုး၍လာနေလျက်။ အချို့မြို့နယ်များတွင် လယ်ယာလုပ်သားများ ရှားပါးလာမှုကိုလည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများ ရှားပါးမှုကိုလည်းကောင်း တွေ့မြင်ကြားသိနေရပေသည်။ အညာဒေသတွင် ထန်းတက်မည့် ထန်းသမားမျိုးဆက် ရှားသွားကြောင်းကိုလည်း ကြားသိရ၏။ တောင်သူလယ်သမား သားသမီးများ၊ ထန်းသမားသားသမီးများအနေဖြင့် အိမ်နီးချင်းနိုင်ငံများသို့သွား၍ အလုပ်ကြမ်းများ လုပ်ချင်သည်။ အချို့က မြို့တက်၍ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် လုပ်လိုသည်။ လယ်ယာကဏ္ဍတိုးတက်ရေးအတွက် လယ်ယာမျိုးဆက်များ၏ စိတ်ဓာတ်များကို မြှင့်တင်ပေးရန်၊ လယ်ယာလုပ်ငန်းများ ခေတ်မီတိုးတက်စေရန်၊ လယ်ယာသီးနှံဈေးကွက်များ ဖော်ဆောင်ပေးရန်၊ အလေအလွင့်နှင့် ပြုန်းတီးမှုမဖြစ်ပေါ်ရန်အတွက် သီးနှံသိုလှောင်အအေးခန်းများကို တည်ဆောက်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။



## ခြိမ်းခြောက်ငွေတောင်းသူကို ဖမ်းဆီးပေးသူအား ဂုဏ်ပြု

**မော်လမြိုင် ဇန်နဝါရီ ၈**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဈေးကြိုတောင်ပေါ်တန်း ပဲဆီရုံလမ်း၊ အမှတ်(၁၂)နေ ဒေါ်ရင်မြနေအိမ်တွင် ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီက ဖြစ်ပွားခဲ့သည့် ပစ္စတိုသေနတ်ဖြင့် ခြိမ်းခြောက်ငွေတောင်းခဲ့သည့် အောင်ထွေးမိုး(၄၀ နှစ်) မြဝတီမြို့ ကြံခင်းရပ်နေသူအား ဖမ်းဆီးပေးနိုင်ခဲ့သူ အိမ်ရှင်ဒေါ်ရင်မြနှင့်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီက မော်လမြိုင်မြို့ ရွှေမြိုင်ခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး သန်းတင်က ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမျိုးဆွေဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေကျပ်နှစ်သိန်းစီကို အိမ်ရှင်ဖြစ်သူဒေါ်ရင်မြနှင့်သားဖြစ်သူ မောင်ကျော်မင်းဌေး၊ တူတော်စပ်သူ မောင်မျိုးမင်းဦးနှင့်အိမ်နီးချင်းမောင်ရဲထွဋ်အောင်တို့ကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ မောင်ရဲထွဋ်အောင်က ၎င်းကြုံတွေ့ရသောဖြစ်စဉ်များကို ရှင်းလင်းဆွေးနွေးပြီး အသိအမှတ်ပြုဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်ပေးသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။

(၁၀၈)



## မူဆယ်မြို့တွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများဆွေးနွေးပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းရှိ နယူးစတားလိုက်ပိုင် ဆင်းရွှေလီခန်းမတွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ကလည်း "Opportunities of Cross-Border Trade" (နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများ)ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ၏ (Border Trade Stations) နယ်စပ်ကုန်သွယ်မှုနေရာ ၁၅ ခုရှိသည်။ ယင်းနေရာများမှာ တရုတ်နိုင်ငံနှင့်လေးခု၊ ထိုင်းနိုင်ငံနှင့်ခုနစ်ခု၊ အိန္ဒိယနိုင်ငံနှင့်နှစ်ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်ခုတို့ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အချက်အချာအကျဆုံးနှင့် ကုန်သွယ်မှုအကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ဆက်လက်ပြီး ဆရာကြီး၏ ဟောပြောဆွေးနွေးပွဲကို တက်ရောက်လာကြသော ကုန်သည်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် နယူးစတားလိုက်ကုမ္ပဏီလီမိတက် Device Services. Co,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတင်ဇံကျော်က ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

**အယ်လ်စိုး(iprd)**

## ၂၀၁၅ ခုနှစ် Myanmar C.P ဖလားတင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာ့တင်းနစ် အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ယခု ထက်ပိုမိုပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ MYANMAR C.P.LIVESTOCK CO.,LTD . ကအဓိက ကူညီပံ့ပိုးမည့် Myanmar C.P ဖလားတင်းနစ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၂ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ် အမျိုးသားနှင့်အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ပြီး စုစုပေါင်း ပြိုင်ပွဲ ၁၁ ပွဲ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဇန်နဝါရီ ၂၂ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၂၅၄၀၅၁၀၀၅၊ ၀၁-၃၈၁၉၉၂ တို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်တမ်းအလိုက် မျိုးဆက်သစ်လူငယ်တင်းနစ်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများ၏ လာရောက်ယှဉ်ပြိုင်သည့် ခရီးစရိတ်၊ နေထိုင်ရေးနှင့် စားသောက်ရေးကို လည်းကောင်း၊ ပါဝင်ယှဉ်ပြိုင်သည့် ကလပ်အသင်းများ၏ခရီးစရိတ်အတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသတင်းထုတ်ပြန်ချက်အပေါ် ရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၈**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ သတင်းထုတ်ပြန်ချက်အပေါ် ရှင်းလင်းပွဲကို နေပြည်တော်ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး၌ ကျင်းပပြုလုပ်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီအတွင်းရေးမှူး ဦးတင်မြင့်က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းပြောကြားရာတွင် အစီရင်ခံစာပါ စုစုပေါင်းအကြံပြုချက် ၄၂ ချက်ဖြစ်ပြီး ယင်းတို့မှာ သိမ်းဆည်းမြေယာကိစ္စများနှင့် ဆိုင်သည့် အချက် ရှစ်ချက်၊ သဘာဝပတ်ဝန်းကျင်ကိစ္စများနှင့် ဆိုင်သည့် အချက် ၂၃ ချက်၊ လူမှုစီးပွားကိစ္စများနှင့်ဆိုင်သည့်အချက် ကိုးချက်၊ သာသနိကအဆောက်အအုံများနှင့်ဆိုင်သည့်အချက် နှစ်ချက်တို့ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အတွက် ခုနစ်ချက်ပြီးစီးပြီး ဆောင်ရွက်ဆဲတစ်ခုမှာ မြေယာလျော်ကြေး၊ ထောက်ပံ့ကြေးများ ဆက်လက်ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် အဖွဲ့နှင့်ဆိုင်သည့် ၂၃ ချက်မှ ၁၂ ချက်ပြီးစီးပြီး ကျန် ၁၁ ချက်မှာ ရေးဆွဲပြီးဖြစ်သည့် ESIA အစီရင်ခံ စာမူကြမ်းကို ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ရေးသားအတည်ပြုနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကျန်လုပ်ငန်းများမှာ စီမံကိန်းစတင်မှသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားအပိုင်းတွင် အစီရင်ခံစာ၌ပါသည့် အကြံပြုချက် ကိုးချက်မှ ရှစ်ချက်ဆောင်ရွက်ပြီးဖြစ်ပြီး အလုပ်အကိုင်ခန့်ထားရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးကိစ္စအားလုံးကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်ကြားစေတီနှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းအား သာသနာတော် ထုံးတမ်းအစဉ်အလာများနှင့်အညီ မူလပုံစံအတိုင်း မူလထက် ပိုမိုကြီးမားခိုင်ခံ့၍ အများပြည်သူ ကြည်ညိုသပ္ပာယ် သဒ္ဒါပွားများနိုင်ရန်အတွက် ပြောင်းရွှေ့တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ဖူးမြော်ရသူပြည်သူများအနေဖြင့် ကုသိုလ်အကျိုးထူးတရားများ တိုးပွားရရှိနေကြပြီဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်မှု အားနည်းနေသည်ဟု ပြောဆိုနေကြခြင်းသည် မဟုတ်ပါကြောင်း၊ ကော်မတီအနေနှင့် ဒေသခံလူထုအဆင်ပြေရေးအတွက် အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး အစီရင်ခံစာ၏ အကြံပြုချက်များတွင် မပါဝင်သော်လည်း ဒေသခံလူထုအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပိုမို လုပ်ကိုင်ဆောင်ရွက်ပေးနေပါကြောင်း၊ ဥပမာအားဖြင့် အစီရင်ခံစာတွင် မပါဝင်ခဲ့သော်လည်း အလုပ်အကိုင်ခန့်ထားရန်စောင့်ဆိုင်းဆဲကာလအတွင်း ထောက်ပံ့ကြေး “ Discount Salary ” ကို ဒေသခံများသို့ နှစ်စဉ် ထောက်ပံ့ကြေးအဖြစ် ခြောက်လတစ်ကြိမ် ကြိုတင်ထုတ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ အစီရင်ခံစာ အကြံပြုချက်ပါ အမှန်တကယ်စိုက်ပျိုးလယ်မြေ ၃၉ ဒသမ ၉ ဧက၊ ယာမြေ ၅၀၁၇ ဒသမ ၁ ဧကနှင့် ဦးပိုင် မပေါက်သော်လည်း ကျူးစိုက်ထားမြေ ၁၇၂၇ ဧက စုစုပေါင်း ၆၇၈၄ ဧကကို သင့်တော်သည့် ကာလပေါက်ဈေးဖြင့် ပြန်လည်ပေးသင့်ကြောင်း အကြံပြုချက်အပေါ် ပထမအကြိမ် မြေယာလျော်ကြေး ငွေကျပ် ၄၁၈၄၃ ဒသမ ၄၇ သိန်းပေးခဲ့ပြီး ထပ်မံ၍ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထပ်မံထုတ်ပေးခဲ့သဖြင့် လျော်ကြေးငွေကျပ်စုစုပေါင်း ၁၀၇၉၆ ဒသမ ၉၂ သိန်းကို မြေယာနစ်နာသူများသို့ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။



လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအား မြေသိမ်းအက်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၁ ခုနှစ်တွင် သိမ်းဆည်းခဲ့ပြီး သိမ်းဆည်းခံမြေများအတွက် ပထမအကြိမ် မြေယာလျော်ကြေး၊ နစ်နာကြေးများ ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လျော်ကြေးမယူသည့် လယ်ယာမြေမရှိပါကြောင်း၊ မြေသိမ်းကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး) သည် မြေသိမ်းအက်ဥပဒေပုဒ်မ ၄(၁) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး မြေနှင့် သီးနှံလျော်ကြေးစာရင်းကို တွက်ချက်၍ ထုတ်ပေးရပါကြောင်း၊ လျော်ကြေးငွေနည်းသဖြင့် လက်ခံရယူလိုခြင်းမရှိသော မြေအကျိုးခံစားခွင့်ရှိသူ တောင်သူမှ တရားမရုံးသို့ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၈ နှင့်အညီ လျှောက်ထားနိုင်ပါကြောင်း၊ တရားမရုံး တရားသူကြီးသည် မြေ၏ကာလပေါက်ဈေး၌ မြေကို မဖြစ်မနေသိမ်းယူရမည့် သဘောသဘာဝကို စဉ်းစား၍ မြေအနေအထားပေါ်မူတည်ပြီး မြေကာလပေါက်ဈေး တွက်ချက်ပေးပါကြောင်း၊ သို့သော် မြေသိမ်းဆည်းခြင်းကို ဆက်လက်ဆောင်ရွက်စေပါကြောင်း၊ မသိမ်းရဟု တရားရုံးက ဆုံးဖြတ်၍ မရပါကြောင်း။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၆ အရ မြေသိမ်းကော်လိတ္တော်အရာရှိသည် နိုင်ငံတော်စီမံကိန်းအတွက် အဆိုပါမြေကို အနှောင့်အယှက်ကင်းစွာဖြင့် လက်ရောက်ရယူနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် လျော်ကြေးယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ဥပဒေနှင့်အညီ စက်မှုမြေငှားဂရန် ရရှိထားသော စီမံကိန်းမြေသာဖြစ်ပြီး စီမံကိန်းမြေလုံခြုံရေး၊ စက်ယန္တရားများမောင်းနှင်မှုကြောင့် လူနှင့် တိရစ္ဆာန်မထိခိုက်စေရေးတို့အတွက် ဥပဒေနှင့်အညီ ခြံစည်းရိုးကာရံခြင်း ဖြစ်ပါကြောင်း။

ဆည်တည်း-ဇီးတော၊ ဝက်မေး-ကံတော ကျေးရွာဟောင်းများနှင့် ဝန်းကျင်စိုက်ပျိုးမြေအချို့သည် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကြေးနီစီမံကိန်းဧရိယာအတွင်း ကျရောက်ပါကြောင်း၊ ၎င်းကျေးရွာအိမ်ထောင်စုအားလုံးအား ရွာသစ်များသို့ ပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မူလနေအိမ်အခြေအနေ၊ အနေအထားထက် အဆင့်အတန်းပိုမြင့်သော ရေ၊ မီး၊ လမ်း၊ ခြံစည်းရိုး၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ မူကြိုကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ မီးသတ်စခန်းများ စသည်တို့ကိုတည်ဆောက်ပေးခဲ့ပြီး မူလအိမ်ဟောင်း ဖျက်သိမ်းစရိတ်၊ ရွှေ့ပြောင်းစရိတ်များကိုလည်း ၎င်းတို့ဆန္ဒနှင့်အညီ ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖော်ပြပါရွာသားအချို့မှာ စီမံကိန်းအား ဖျက်ဆီးလိုသူ ပြင်ပအဖွဲ့အစည်းများနှင့် ကွန်ရက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ကျန်နေခဲ့သူများသာဖြစ်ပါကြောင်း၊ ၎င်းတို့ စိုက်ပျိုးမြေများသည်လည်း ယာယီစိုက်ပျိုးခွင့်ပြုခဲ့ခြင်းသာဖြစ်ပြီး ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကြေးနီစီမံကိန်းနယ်မြေသာဖြစ်ပါကြောင်း။

၂၀၁၄ ဒီဇင်ဘာ ၂၂ ရက်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်း ရဲတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံအချို့ ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးခဲ့မှုအခြေအနေနှင့် ပတ်သက်၍လည်း ရှင်းလင်းပြရမည်ဆိုပါက ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် စီမံကိန်းနယ်မြေအတွင်း ခြံစည်းရိုးခတ်ခြင်းအတွက် လုံခြုံရေးတာဝန်ယူပေးရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဒေသခံအချို့က တုတ်၊ ဓား၊ လေးခွများဖြင့် ပစ်ခတ်အကြမ်းဖက်ဟန့်တား နှောင့်ယှက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း ဒေသခံ ကိုးဦးဒဏ်ရာရရှိ၍ တစ်ဦးမှာ ဒဏ်ရာရ သေဆုံးခဲ့ပါကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦး မျက်လုံးကျွတ်ထွက်ခြင်း အပါအဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာများက စုံစမ်းစစ်ဆေးလျက်ရှိပါကြောင်း။

ဒေသခံများကို သွေးထိုးလှုံ့ဆော်နေကြသည့် ပြင်ပအဖွဲ့အစည်းများနှင့် ကွန်ရက်အဖွဲ့များကိုလည်း တရားစွဲဆိုထားပါကြောင်း၊ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်သာ ဤကဲ့သို့ ကိစ္စရပ်များဖြစ်ပွားရခြင်းဖြစ်ပါကြောင်း။

လက်ပံတောင်းတောင်စီမံကိန်းလုပ်ငန်းသည် မလွဲမသွေ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခဲ့ရာတွင် အကျိုးအမြတ်အပေါ် နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်းနှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလအတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ထုတ်လုပ်မှုကာလအတွင်း နှစ်စဉ်အသားတင်အမြတ်၏ နှစ်ရာခိုင်နှုန်းအချိုးကျ ထည့်ဝင်သုံးစွဲမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်း ထည့်ဝင်သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးထားပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံလူထု၏ အလုပ်အကိုင်များရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့် အကျိုးစီးပွားနှင့် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများချမှတ်၍ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းချက်များအပေါ် အတွင်းရေးမှူး ဦးတင်မြင့်က ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြုံးပျော် ကြည်နူးမှုများနှင့်အတူ လွင့်ပျံ့လာသည့် စစ်တောင်းမြစ်ဝှမ်းမှ ဒေသခံများ၏ ပီတိစကားသံများ

**တွေ့ဆုံမေးမြန်း**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွေး**

ယနေ့သည် ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်းဒေသရှိ ဒေသခံပြည်သူများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့တစ်နေ့ ဖြစ်ပေသည်။

အကြောင်းမူ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည့် ဖြူးချောင်း ရေလွှဲဆည်၊ ဖြူးချောင်းရေလှောင်တမံနှင့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းများကို ယနေ့တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် ဖြစ်သည်။

ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၄)၏ အနောက်ဘက်ငါးမိုင်ခန့်အကွာတွင် တည်ဆောက်ထားသည့် အဆိုပါ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဖွင့်လှစ်ပေးလိုက်သဖြင့် စစ်တောင်းမြစ်ဝှမ်းဒေသအတွင်းရှိ ကျေးလက်နေပြည်သူများ နှစ်စဉ် နှစ်တိုင်းကြုံတွေ့လေ့ရှိသည့် ရေကြီး ရေလွှမ်းမိုးမှုပြဿနာများ လျော့နည်း သက်သာစေခြင်း၊ လယ်မြေဧကပေါင်း ၉၀၀၀၀ ခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့်အပြင် လျှပ်စစ်ပါရရှိလာသည့်အတွက် ယင်းမြစ်ဝှမ်းဒေသရှိ ပြည်သူများ၏ အနာဂတ်မှာ ရွှေရောင်တောက်ပလာတော့မည်ဖြစ်သည်။



ကျောင်းအုပ်ဆရာမကြီး
ဒေါ်လှဲ့လှဲ့ဝင်း

အပြီးပန်းများ ဝေဆာစွာဖြင့် အဆိုပါ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူတချို့ကို မြန်မာ့အလင်း သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့မှု ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း**
**၁၁၇ မိုင်**
**ကျောင်းအုပ်ဆရာမကြီး**
**အမက ကြက်ပေါင်ချောင်းကျေးရွာ**

“ကျွန်မတို့ဒေသမှာ အခုလို စီမံကိန်းကို တည်ဆောက်ပေးတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ အရင်တုန်းကဆိုရင် ရေလှောင်တမံမရှိတဲ့အတွက် မိုးရာသီကာလဆို ရေကြီးရေလျှံမှုတွေ ကြုံတွေ့ရတယ်။



ကိုဝင်းလှိုင်
ရေလျှံလေးရပ်ကွက် ဇေယျာဝတီမြို့

အခု ရေလှောင်တမံနဲ့ ရေလွှဲဆည် တည်ဆောက်ပေးတဲ့အတွက် အဲဒီဒုက္ခတွေက ယနေ့မှစပြီး လွတ်မြောက်တော့မှာပါ။ ဖြူးမြို့နယ်အပါအဝင် အနီးဝန်းကျင်မှာရှိတဲ့ ဇေယျာဝတီမြို့ဆိုရင်လည်း ရေလွှမ်းမှုဒဏ်တွေကို တော်တော်လေး ခံခဲ့ရပါတယ်။ အဲဒီလိုရေကြီးတော့ လမ်းပန်းဆက်သွယ်ရေးတွေ အခက်အခဲမျိုးစုံလည်း ကြုံတွေ့ခဲ့ရပါတယ်။ အခု စီမံကိန်းကြီး အောင်အောင်မြင်မြင်နဲ့ ဖွင့်လှစ်ပေးသွားတော့ ကျွန်မတို့အနေနဲ့ တကယ့်ကို ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ နောက်တစ်ခုက လျှပ်စစ်မီးပါ ရမယ်လို့ကြားရပြန်တော့ ကျောင်းမှာရှိတဲ့ ကလေးတွေအတွက်လည်း အစစအရာရာ အဆင်ပြေလာမှာ သေချာပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ကိုလည်း ကျေးဇူးဦးပကာရတင်ရှိပါတယ်။ ”

**ကိုဝင်းလှိုင်**
**ရေလျှံလေးရပ်ကွက် ဇေယျာဝတီမြို့**

“ဒီဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းကြီးက ကျွန်တော်တို့ဒေသအတွက် တကယ့်ကို လိုအပ်တဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ကြုံတွေ့နေတဲ့ ရေဘေးအန္တရာယ်တွေ အခုတော့ လျော့ပါးသက်သာလာတော့မှာ ဖြစ်ပါတယ်။ တောင်သူတွေအတွက် စက်မှုလယ်ယာမြေအသစ်တွေ ဖော်ထုတ်ပေးလို့လည်း ဝမ်းသာစရာပါ။

ပဲခူးမြို့မှာပြုလုပ်တဲ့ အစည်းအဝေးပွဲတစ်ခုကို ကျွန်တော်ကိုယ်တိုင် သွားတက်တော့ တာဝန်ရှိသူတွေက ဒီစီမံကိန်းကြီးနဲ့ နှစ်မိုင်ခန့်အကွာမှာ ရှိတဲ့ရွာတွေကို မီးရအောင်လုပ်ပေးမယ်လို့ ပြောသွားပါတယ်။ ဒါပေမယ့် အခုထိတော့ မီးမရသေးပါဘူး။

အမှန်တကယ် မီးရမယ်ဆိုရင် ကျေးလက်ဒေသကအစ မြို့ပေါ်အထိပါ စိုက်ပျိုးရေးလုပ်ငန်းတွေအပြင် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေပါ ဖွံ့ဖြိုးလာမှာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိတာအမှန်ပါ။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

*ကျော်ဖုံးမှ*

လွှတ်တော် အစည်းအဝေးများသည် မိမိတို့ လွှတ်တော်အသီးသီးအတွက် အရေးကြီးသကဲ့သို့ ပြည်ထောင်စု အစိုးရအဖွဲ့အတွက်လည်း အရေးကြီးသည့် အစည်းအဝေးများ ဖြစ်ပါကြောင်း၊ လက်ရှိလွှတ်တော် သက်တမ်း ငါးနှစ်တာကာလသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ရလဒ်များအပေါ် မူတည်၍ လွှတ်တော်များပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပြီး နောင်တက်လာမည့် လွှတ်တော်ကို လွှဲပြောင်းပေးရမည်ဖြစ်ပါကြောင်း။

လာမည့်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်ကောက်ဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြုပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လက်ရှိလွှတ်တော်သက်တမ်းတွင် နောက်ဆုံးအကြိမ် စိစစ်ညှိနှိုင်းပေးခွင့်ရရှိခြင်းဖြစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

လာမည့်အစည်းအဝေးများတွင် အဓိကဆောင်ရွက်ရမည့် အဆိုပါ ဥပဒေကြမ်းများအပါအဝင် အခြား အရေးကြီးသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ မှန်မှန်ကန်ကန်နှင့် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် ယခင်အစည်းအဝေးများနည်းတူ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်က ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေးအတွက် ဗဟိုကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းကော်မတီများ ပြန်လည်ဖွဲ့စည်းရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများတွင်ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးကာလအတွင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လွှတ်တော်ကိုယ်စားလှယ်များ၏စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ရုပ်/သံပိုင်းအပါအဝင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို လာမည့် ဇန်နဝါရီ ၁၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဓမ္မပူဇာသဘင်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

သာသနပဟိတရေအသင်းကကြီးမှူး၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ၇ ရက်သားသမီးများ၏ ဓမ္မပူဇာသဘင် အခမ်းအနားကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ သုံးရက်တိုင်တိုင် ညစဉ် ၇ နာရီခွဲအချိန်မှစ၍ ကျင်းပလျက်ရှိသည်။

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ၏ ဓမ္မပူဇာသဘင်တရားပွဲကို ယမန်နေ့ညက နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပခဲ့ရာ ဆရာတော်ဟောကြားတော်မူသည့် မြတ်ဗုဒ္ဓနှင့် ကောသလမင်းတို့၏တွေ့ဆုံခြင်း မှတ်တမ်းတရားတော်မြတ်ကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်များ၊ အနီးဝန်းကျင်ကျေးရွာများမှ တရားနာပရိသတ်ပေါင်း ၁၀၀၀၀ ခန့် လာရောက်နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စာရင်း

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၃၇ မှု၊ အလေးချိန် ၁၀၄ ဒသမ ၀၇၄၅ ကီလို၊ ဘိန်းဖြူ ၂၁၃ မှု၊ အလေးချိန် ၁ ဒသမ ၉၈၂၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၉ မှု၊ ၁၂၀၈၇၃၈ပြား၊ ဖီနိုင်းပရိုပန်နုန်း တစ်မှု၊ ၅၄၀၀ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်-မှု၊ ၀ ဒသမ ၀၇ ကီလို၊ ဘိန်းဆီခဲခြောက်မှု အလေးချိန် ၀ ဒသမ ၃၂၀၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၉ မှု၊ အလေးချိန် ၁၆ ဒသမ ၁၅၅၇ ကီလို၊ ဆေးခြောက် ၁၀ မှု၊ အလေးချိန် ၃ ဒသမ ၁၇၄၃ ကီလို၊ အိုက်စ် တစ်မှု၊ ၀ ဒသမ ၀၄၇ ကီလို၊ ဘိန်းစာမှုန့် ငါးမှု၊ အလေးချိန် ၉၈ ဒသမ ၇၇ ကီလို၊ ဆိုဒီယမ်မီတယ်-မှု၊ အလေးချိန် ငါးကီလို၊ ပိုတက်စီယမ်ကလိုရိုက်-မှု၊ အလေးချိန် တစ်ကီလို၊ ဆိုဒီယမ်ဟိုဒ်ဒြောဆိုက်-မှု၊ အလေးချိန် ၂၅ ကီလို၊ ဟိုဒ်ဒြိုကလိုရစ်အက်ဆစ် - မှု၊ ၉၉၀ လစ်တာ၊ အက်စီတစ်အင်ဟိုက်ဒြိုက်-မှု၊ ၉၉၇ ဒသမ ငါးလစ်တာ၊ ဆိုဒီယမ်ကာဗွန်နိတ်-မှု၊ အလေးချိန် ၅၀ ကီလို၊ ဆာလဖျူရစ်အက်ဆစ်-မှု၊၂၄၀ လစ်တာ၊ ကတ်တမင်းဆေးရည် နှစ်မှု၊ ၃ ဒသမ တစ်လစ်တာ၊ Midazolam ထိုးဆေး ၀ မှု၊ ၁၆၀၀ ပုလင်း၊ ဆူဒိုအက်ဖိဒရင်း ဆေးပြား နှစ်မှု၊ ဆေးပြား၅၇၅၀၀၀၊ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက်လေးမှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၇၁ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၅၈၂ ဦး၊ အမျိုးသမီး ၇၉ ဦး စုစုပေါင်း တရားခံ ၆၆၁ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့သည်။

**(သတင်းစဉ်)**

# မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ကျောင်းဆောင်သစ်လှူဒါန်း

**စစ်ကိုင်း ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင် သာမဏေကျော် စာသင်တိုက် သံဃာဝါသ သုံးထပ်ကျောင်းဆောင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာသင်တိုက်အတွင်းရှိ ကျောင်းဆောင်သစ် မြေနေရာတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့ ညောင်ကန်တိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုန္ဒက (ဓမ္မလမင်း) ဆရာတော်၊ စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင် သာမဏေကျော်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုဇာတ (မေတ္တာအေးဆရာတော်)၊ ဘဒ္ဒန္တပညာသာမိ (စစ်ကိုင်းမြသုခ) ဆရာတော် ဘဒ္ဒန္တတေဇနိယ (တိုက်အုပ်ဆရာတော်)နှင့် ဆရာတော်သံဃာတော်များက မင်္ဂလာအချိန်တွင် အဆိုပါ ကျောင်းဆောင်သစ်ကြီးကို ပန္နက်တော်တင်ခဲ့ကြသည်။

စာသင်စာချ ဆရာတော် သံဃာတော်များ၊ စာသင်သားများအတွက် ယခင်ထက် ပိုမိုအဆင်ပြေစေရန်အတွက် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်ကြီးကို မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ဒါယိကာမကြီး ဒေါ်ယဉ်ကျော့(သမီး) ဒေါ်နုနုရီ မိသားစုတို့က ဒေါ်နုနုရီ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံကာ အလျား ပေ ၃၀၊ အနံ ပေ ၅၀၊ သုံးထပ်ကျောင်းဆောင်သစ်ကြီးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်မှုတွင် အများပြည်သူများ ကုသိုလ်ယူပါဝင်နိုင်ရန်အတွက် ဆက်သွယ်လှူဒါန်းနိုင်မည်ဖြစ်ရာ ဖုန်း-၀၉- ၄၂၂၄၇၃၈၅၃၊ ၀၉- ၅၁၄၁၄၀၄ စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင် သာမဏေကျော် စာသင်တိုက်သို့ ဆက်သွယ်လှူဒါန်းပါဝင်ကုသိုလ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ**

## မိုးလေဝသ အခြေအနေ

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး**
**နေပြည်တော်**
**လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**
**၁၃၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်**
**(၂၀၁၅ခုနှစ် ဇန်နဝါရီ ၈ရက်)**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော တောအုပ်ကြီး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူး(၂၇) နေရာ အတွက် ၁၅-၁၁-၂၀၁၄ ရက်နှင့် ၁၆-၁၁-၂၀၁၄ ရက်များတွင် ရေးဖြေစာမေးပွဲ စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါရေးဖြေစာမေးပွဲအောင်မြင်သူများအနက် အမှတ်အများအနည်းအလိုက် စိစစ်ရွေးချယ်၍ အောက်ဖော်ပြပါခုံအမှတ်များအား လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်-

**ခုံအမှတ်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၁၁ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၄ | ၃၆ |
| ၃၇ | ၄၁ | ၄၇ | ၅၁ | ၅၂ | ၅၄ | ၆၁ | ၆၇ |
| ၆၈ | ၇၀ | ၈၃ | ၈၅ | ၈၇ | ၉၂ | ၉၇ | ၉၈ |
| ၁၀၁ | ၁၀၄ | ၁၀၅ | ၁၀၆ | ၁၀၇ | ၁၁၉ | ၁၂၀ | ၁၂၁ |
| ၁၂၈ | ၁၃၂ | ၁၃၄ | ၁၃၆ | ၁၃၇ | ၁၄၂ | ၁၄၆ | ၁၅၄ |
| ၁၅၈ | | | | | | | |

၃။ လူတွေ့စစ်ဆေးမည့်သူများအား ၂၄-၁-၂၀၁၅ ရက်နှင့် ၂၅-၁-၂၀၁၅ ရက်များတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ ၂၃-၁-၂၀၁၅ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)
(ဂ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ကျန်းမာကြောင်းဆေးထောက်ခံချက်(မူရင်း)

၄။ လူတွေ့စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-
(က) အမျိုးသားများလည်ကတုံးအင်္ကျီအဖြူနှင့်ပုဆိုး
(ခ) အမျိုးသမီးများမြန်မာဆန်ဆန်ဝတ်ဆင်လာရမည်

၅။ လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ရုံးအမှတ်-၃၉နှင့် သစ်တောတက္ကသိုလ်တို့တွင် ကြော်ငြာသင်ပုန်း၌ ကပ်ထားမည်ဖြစ်ပါသည်။

**သစ်တောဦးစီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းအတွက်**
**ဂြိုဟ်တုဓာတ်ပုံများဝယ်ယူရန်**
**တင်ဒါခေါ်ယူခြင်း**
**အိတ်ဖွင့်တင်ဒါအမှတ်(၁၁/၂၀၁၄-၂၀၁၅)**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက်အသုံးပြုရန်လိုအပ်သည့် ဂြိုဟ်တုဓာတ်ပုံများကို ယှဉ်တွဲပါ အရည်အသွေးသတ်မှတ်ချက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအရည်အသွေး အကြောင်းအရာ | ပစ္စည်းအရည်အသွေးသတ်မှတ်ချက် |
|---|---|---|
| 1 | Satellite Name | Worldview, Quickbird, IKONOS, ALOS, SPOT |
| 2 | Image Resolution | Less than 3 meter |
| 3 | Data Type | Ortho rectified Geo-Tiff Archived data (within 4 months) |
| 4 | Number of Band | Blue 440-510 nm<br>Green 520-590 nm<br>Red 630-685 nm<br>Red Edge 690-730 nm<br>Near -Infrared 760-850 nm |
| 5 | Cloud Coverage | Less than 6 percent |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၁၀၉ တွင်လည်းကောင်း၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ သစ်တောဦးစီးဌာန၊ ကြို့ကုန်းသစ်တောဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၄၅၄၈၊ ၀၉-၈၇၅၂၄၁၀ တွင်လည်းကောင်း ၁၂-၁-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၂၃-၁-၂၀၁၅ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဝိုင်းမော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၆ ရက်က နယ်မြေခံတပ်မှ ဝိုင်းမော်မြို့နယ် မန်ဝိန်းကျေးရွာအုပ်စု ဆီနီခူးကျေးရွာ အရှေ့ဘက် ငါးမိုင်ခန့်အကွာ လိုင်ငေါ့ဘွန်တောင်ခြေ၌ တရုတ်အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ငါးဦး၊ မြန်မာအမျိုးသား လေးဦးနှင့် အမျိုးသမီး၁၅ ဦးတို့အား တရားမဝင်သစ်များနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုတွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၊ ဘိန်းစိမ်း ၃၂၆ ဒသမ ၆ ဂရမ်၊ ခတ်ပုံ ၁၃ ဒသမ ၈ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ မချိန်ငွေချမ်း (တရုတ်နိုင်ငံသူ) အား ဝိုင်းမော်မြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သဖြင့် မချိန်ငွေချမ်း(၄၁ နှစ်)(တရုတ်နိုင်ငံသူ)အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## လုပ်သားရှားပါးမှုကြောင့် ဆောင်းသီးနှံစိုက်ပျိုးမှု ယမန်နှစ်ထက်လျော့

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ အဓိကဆောင်းသီးနှံများဖြစ်သော ဂေါ်ဖီ၊ ပန်းမုန်လာတို့သည် ယမန်နှစ်ကထက် စိုက်ပျိုးမှုလျော့နည်းလာကြောင်း သိရသည်။ ဤသို့ဖြစ်ရခြင်းမှာ နေ့စားပုတ်ပြတ်လုပ်သားများ ရှားပါးလာမှုက အဓိကဖြစ်သည်။ ရေကြည်ရာမြက်နုရာ ဆိုသလို လုပ်သားများသည် ဝင်ငွေပိုမိုရရှိသော လမ်းလုပ်ငန်း၏ ကျောက်ထုတ်လုပ်ရာတွင် အလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြသည့်အပြင် အခြားနယ်ဘက်များမှ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်လုပ်ကိုင်နေကြ၍ ဖြစ်သည်။

"ယခုနှစ်ဆောင်းရာသီမှာ လုပ်သားအင်အားရှားပါးတဲ့အပြင်ရှိတဲ့ လုပ်သားတွေကလည်း ဈေးပိုပေးတဲ့အခင်းတွေဆီ ပြောင်းလုပ်ကြတယ်။ ဒီတော့ လုပ်သားဈေးကလည်း မတည်ငြိမ်ဘဲ ဈေးပိုတက်လာတယ်။ ဒီနေ့စားလုပ်သားတွေမှာ အမျိုးသမီးအများစုဖြစ်လာတယ်။ အမျိုးသားတွေက အပြင်ကိုထွက်လုပ်ကြလို့ပါ။ တစ်နေ့လုပ်အားခအနေနဲ့ ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ဈေးရှိနေပြီး အဲဒီမှာမှ နှစ်နပ်စာလည်းကျွေးရတယ်။ အဲဒါတောင် နေ့စားလိုက်တဲ့သူရှားနေတုန်းပဲ။ ရွှေ့လျှောက်လည်း လူငှားဖို့ အခက်အခဲတွေ ကြုံလာရဦးမှာပဲ။ ဒါကြောင့် စိုက်ပျိုးမှုတွေမှာ စိတ်ရှိသလောက် မစိုက်နိုင်ဘဲ ငှားလို့ရတဲ့ လူအင်အားပေါ်မှာ မူတည်ပြီး စိုက်နေရတော့ အထွက်နှုန်းကလျော့လာတယ်လေ" ဟု တောင်သူဦးမောင်ဆန်းက ပြောပြသည်။

ယခုနှစ်ရာသီဥတုကောင်းမွန်မှုကြောင့် စိုက်ပျိုးမှုဖြစ်ထွန်းအောင်မြင်၊ ဈေးနှုန်းမှာလည်း ပေါ်ဦးပေါ်ဖျားဈေးကောင်း ရရှိခဲ့သော်လည်း လုပ်သားအင်အား ရှားပါးမှုကြောင့် ထွက်ကုန်များ လျော့နည်းလာရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဒေသဖွံ့ဖြိုးမှုအရ လုပ်ငန်းများပေါ်များလာသည့်အပေါ် တောင်သူနေ့စားအလုပ်သမားများမှာ ဝင်ငွေပိုမိုကောင်းမွန်သည့် လုပ်ငန်းများအပေါ် စိတ်ဝင်စားလာမှုကြောင့် ဖြစ်ကြောင်းလည်း သိရသည်။

**သတင်းမြင်ကွင်း-ကျော်သူဝင်း**
**ဓာတ်ပုံ-သက်ထက်**



## ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ( Doctor of Letters - Honoris Causa ) ချီးမြှင့်အပ်နှင်းသည့် အထူးဘွဲ့နှင်းသဘင် အခမ်းအနားကိုယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ရန်ကုန်တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်တက္ကသိုလ် ပညာရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်ခံရသူများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်အတိုင်း ကျင်းပရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ရရှိသူ ခုနစ်ဦးကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များအပ်နှင်းချီးမြှင့်သည်။

ရန်ကုန်တက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင်အခမ်းအနား ၂၀၁၅



တွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့တို့ကိုဆရာကြီးဦးသန်းဦး (အဖွဲ့ဝင်၊ မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်း) **(အပေါ်ပုံ)**၊ ဦးစိုင်းအောင်ထွန်း (ဒုတိယဥက္ကဋ္ဌ-ငြိမ်း၊ မြန်မာသမိုင်းအဖွဲ့)၊ ဒေါ်ရီရီမြင့် (အဖွဲ့ဝင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)၊ ဒေါ်ကြည်ကြည်လှ (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)၊ ဦးစိန်မင်း (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)၊ ဦးတင်ညို(အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ )နှင့် ဒေါ်နော်ဂျူးဖော (ပါမောက္ခဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်) တို့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်သည့် ၁၉၂၀ ပြည့်နှစ်မှ စတင်ကာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များကိုအပ်နှင်းချီးမြှင့်ခဲ့ရာ ပထမဆုံး ဂုဏ်ထူးဆောင်ပါ စာပေပါရဂူဘွဲ့ကို ၁၉၂၁ ခုနှစ်တွင် လယ်တီဆရာတော်ဘုရားကြီးအား ဆက်ကပ်ခဲ့ကာ မြန်မာစာပေ၊ ပါဠိစာပေနှင့် ပညာရေးလောကတွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ် ၁၆ ဦးကို ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တန့်ယန်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၅ရက်က မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် တန့်ယန်းမြို့ တန့်ယန်း-မိုင်းကောင် သွားလမ်း နမ့်ပိတ်တံတားအနီး၌ မိုင်းကောင်ကျေးရွာမှ တန့်ယန်းမြို့ဘက်သို့ အိုက်လှမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ခါးတွင် ပတ်ထားသည့် အနက်ရောင် ခါးပတ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် အိုက်လှ (၂၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျိုက်ထီးရိုးတောင်တက်လမ်း၌ ပီရူးနိုင်ငံသူအား အဓမ္မပြုကျင့်ပြီး လူကိုသတ်ရန်ကြံစည်သူကို ထောင်ဒဏ် ၄၃ နှစ် ချမှတ်

**မော်လမြိုင် ဇန်နဝါရီ ၈**

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေတောင်တက်လမ်း၌ ရှခင်းဓာတ်ပုံများ ရိုက်ကူးရင်း တစ်ဦးတည်းလမ်းလျှောက်နေသည့် ပီရူးနိုင်ငံသူ Miss Danianucia ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာနေ ဇော်မင်းလတ်(ခ) ကုလားကြီး (၂၂)နှစ် (ကျောက်ထုလုပ်သား)က အဓမ္မပြုကျင့်ပြီး ပစ္စည်းလု၊ လူကိုသတ်ရန် ကြံစည်ခဲ့သဖြင့် ကင်မွန်းချောင်းနယ်မြေရဲစခန်းက (ပ)၄၄/၂၀၁၄၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၃၀၇/၃၇၉ ဖြင့်၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က သထုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က သထုံခရိုင် တရားသူကြီး ဦးထိန်မင်းက ပြစ်မှုကျူးလွန်သူ ဇော်မင်းလတ်(ခ) ကုလားကြီးကို ပြစ်မှုပုဒ်မ ၃၇၆ အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း(အနှစ် ၂၀ နှစ်ညီမျှသည်)၊ ပြစ်မှုပုဒ်မ ၃၀၇ ထောင်ဒဏ် တစ်သက်တစ်ကျွန်း (အနှစ် ၂၀ နှင့် ညီမျှသည်)၊ ပြစ်မှုပုဒ်မ ၃၇၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်(သီးခြားစီ) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြစ်မှုကျူးလွန်သူ
ဇော်မင်းလတ်(ခ) ကုလားကြီး


**အမည်ပြောင်း**

ဦးထွန်းထွန်းဦး၏သမီး ကရင်ပြည်နယ်၊ မြိုင်ကလေးကျေးရွာ၊ အလက (စက်ရုံ) ပဥ္စမတန်း(က)မှ မနှင်းဝတီဖူးအား မယမင်းမေဦးဟု ပြောင်းလဲခေါ်ပါရန်။

မယမင်းမေဦး

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/ 7869 Toyota Alphard MNH 10 Micro Bus (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၁၂/ဗဟန(နိုင်)၀၂၃၁၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**အထူးဂုဏ်ယူဝမ်းမြောက်ခြင်း**

ပြည်မြို့၊ ဆရာဦးစိန်ခိုဆေးတိုက်မှ တိုင်းရင်းသမားတော် ဦးသန်းဝင်းသည် အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့၌ကျင်းပသော 24th International Conference Convocation & Awards Presention Ceremony တွင် INDIA BOARD OF ALTERNATIVE MEDICINES မှ ချီးမြှင့်သည့် Ph.D (Traditional Medicines) ဘွဲ့အား ထိုက်တန်စွာ အပ်နှင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဒေါက်တာဦးဖြေ
ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု၊
ပဲခူးမြို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**အကျိုးတူပူးပေါင်းဆောင်ရွက်ရန်**
**စိတ်ပါဝင်စားသောပုဂ္ဂလိကလုပ်ငန်းရှင်များ**
**ဖိတ်ခေါ်ခြင်း**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်၏ ဘဏ္ဍာငွေရယူခြင်းမရှိဘဲ မိမိဝင်ငွေဖြင့် မိမိရပ်တည်ဆောင်ရွက်သွားရန် မူဝါဒပြင်ဆင်ချမှတ်ခဲ့ပြီးဖြစ်ရာ ဌာန၏ဝင်ငွေနှင့် အသုံးစရိတ်မျှတပြီး ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို Management Contract စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ Management Contract စနစ်ဖြင့် ဆောင်ရွက်ရန်စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် Expression of Interest (EOI) အဆိုပြုလွှာကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ်တွင် ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ၁၅ရက်အတွင်း ရုံးချိန်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံစဉ်းစားရမည့် အကြောင်းအချက်များအားလည်း တစ်ပါတည်းဖြန့်ဝေသွားမည်ဖြစ်ပါသည်။ သိရှိလိုသည့်အချက်များနှင့်ပတ်သက်၍ အောက်ပါပုဂ္ဂိုလ်ထံတွင်ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**တွဲဖက်အတွင်းရေးမှူး**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**အထွေထွေမန်နေဂျာရုံးခန်း**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)**
**အမှတ် ၅၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၀၇၅၉၊ ၀၁-၃၇၉၃၄၈**

၃။ Expression of Interest (EOI) အဆိုပြုလွှာများကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ အထက်အပိုဒ်(၂)ပါ တွဲဖက်အတွင်းရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီထံသို့ လိပ်မူ၍ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ပြန်လည်တင်သွင်းရန်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

**အကောင်းမွန်ဆုံး ဘဝနေနည်း (PPPKS)**
**ပို၍ ပျော်ရွှင်ပြည့်စုံ ချမ်းသာအောင် မြင်နည်းသစ်**
**လက်တွေ့လူတိုင်း လွယ်ကူစွာရရှိမည်။ အလိုရှိသူ မည်သူမဆို ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၄၃၁၂၇၂၃၉ (9 am to 5 pm)**
**ဆရာ ကောင်းရှင်းသန့် (KST)**

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ ဗဟိုလမ်း၊ အမှတ် ၅၉/၆၁ ဟုခေါ်တွင်သော ကန်ထရိုက်တိုက်အဆောက်အအုံ၏ ငါးလွှာ (C) တိုက်ခန်းနှင့်ပတ်သက်၍**
**အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ လေးခန်းတွဲရှစ်ထပ် ကန်ထရိုက်တိုက်အဆောက်အအုံ၏ တစ်ခန်းလျှင် စတုရန်းပေ ၇၀၀စီအကျယ်ရှိ အဆိုပါတိုက်၏ (C) ဘက်ခြမ်း၊ ငါးလွှာတိုက်ခန်းတစ်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းထွန်း ၁၂/ကတတ(နိုင်)၀၂၆၅၆၅က ကန်ထရိုက်တာဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ (Chairman Great Father Land Construction and Decoration) ထံသို့ စရန်ငွေများပေးချေလျက် ဝယ်ယူပိုင်ဆိုင်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**


## လူကုန်ကူးမှုတွန်းလှန်မှ လူသားဘဝလုံခြုံရ

 နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

## အာရှဖလားနှင့် ဥရောပ လိဂ်ပွဲစဉ်များ

သီဟ

**အာရှဖလား အုပ်စု(က)** **ဇန်နဝါရီ ၉**

သြစတြေးလျ - ကူဝိတ် ညနေ ၃း၀၀

**ပြင်သစ်လီဂူး ပွဲစဉ်(၂၀)** **ဇန်နဝါရီ ၁၀**

မောင့်ပယ်လီယာ - မာဆေး နံနက် ၂း၀၀

**စပိန်လာလီဂါ ပွဲစဉ်(၁၈)** **ဇန်နဝါရီ ၁၀**

လီဗန်တေး - ဒီပို့တီဗို နံနက် ၂း၁၅

**လာလီဂါ ရပ်တည်မှုဇယား**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ရီးရဲမက်ဒရစ် | ၁၆ | ၁၃ | ၀ | ၃ | ၃၉ |
| ၂ | ဘာစီလိုနာ | ၁၇ | ၁၂ | ၂ | ၃ | ၃၈ |
| ၃ | အက်သလက်တီကို | ၁၇ | ၁၂ | ၂ | ၃ | ၃၈ |
| ၄ | ဗလင်စီယာ | ၁၇ | ၁၀ | ၄ | ၃ | ၃၄ |
| ၅ | ဆီဗီလာ | ၁၆ | ၁၀ | ၃ | ၃ | ၃၃ |
| ၆ | ဗီလာရီးရဲလ် | ၁၇ | ၉ | ၄ | ၄ | ၃၁ |
| ၇ | မာလာဂါ | ၁၇ | ၉ | ၃ | ၅ | ၃၀ |
| ၈ | အီဘာ | ၁၇ | ၆ | ၅ | ၆ | ၂၃ |
| ၉ | ဆယ်လ်တာဗီဂို | ၁၇ | ၅ | ၅ | ၇ | ၂၀ |
| ၁၀ | အက်စ်ပန်ညို | ၁၇ | ၅ | ၅ | ၇ | ၂၀ |
| ၁၁ | ဗယ်လက်ကာနို | ၁၇ | ၆ | ၂ | ၉ | ၂၀ |
| ၁၂ | ဘီလ်ဘာအို | ၁၇ | ၅ | ၄ | ၈ | ၁၉ |
| ၁၃ | ဆိုစီဒက် | ၁၇ | ၄ | ၆ | ၇ | ၁၈ |
| ၁၄ | ဂီတာဖေး | ၁၇ | ၄ | ၅ | ၈ | ၁၇ |
| ၁၅ | အယ်လ်မာရီးယား | ၁၇ | ၄ | ၄ | ၉ | ၁၆ |
| ၁၆ | ဒီပို့တီဗို | ၁၇ | ၄ | ၄ | ၉ | ၁၆ |
| ၁၇ | လီဗန်တေး | ၁၇ | ၃ | ၆ | ၈ | ၁၅ |
| ၁၈ | ကော်ဒိုဘာ | ၁၇ | ၂ | ၈ | ၇ | ၁၄ |
| ၁၉ | ဂရန်နာဒါ | ၁၇ | ၂ | ၇ | ၈ | ၁၃ |
| ၂၀ | အယ်လ်ချီ | ၁၇ | ၂ | ၅ | ၁၀ | ၁၁ |

**အာရှဖလား အုပ်စု(က)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | သြစတြေးလျ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂ | ကူဝိတ် | ၀ | ၀ | ၀ | ၀ | ၀ |
| ၃ | အိုမန် | ၀ | ၀ | ၀ | ၀ | ၀ |
| ၄ | တောင်ကိုရီးယား | ၀ | ၀ | ၀ | ၀ | ၀ |

**ဇန်နဝါရီ ၇/၈ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဗီလာရီးရဲလ် | ၁-၀ | ဆိုစီဒက် |
| ဗလင်စီယာ | ၂-၁ | အက်စ်ပန်ညို |
| အယ်လ်မာရီးယား | ၁-၁ | ဂီတာဖေး |
| လိုင်လီ | ၁-၀ | အီဗီယန် |

# နာပိုလီနှင့် ဂျူဗင်တပ်စ်တို့တွေ့မယ့် စီးရီးအေပွဲစဉ်(၁၈)

မိုးမြင့်လင်းလက်

အီတလီစီးရီးအေ ပွဲစဉ် (၁၈) ကို ဇန်နဝါရီ ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ဂျူဗင်တပ်စ်က နာပိုလီနဲ့ ဆုံတွေ့ရမှာမို့ ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရိုးမားနဲ့ လာဇီယိုပွဲစဉ်ကလည်း ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာအဖြစ် အားပေးကြရမှာမို့ ဒီတစ်ပတ်ရဲ့ စီးရီးအေပွဲစဉ်တွေကတော့ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

**နာပိုလီနှင့် ဂျူဗင်တပ်စ်**

နာပိုလီကွင်းမှာ ကစားတိုင်း ဂျူဗင်တပ်စ်တို့ ခက်ခဲပင်ပန်းခဲ့တာချည်းဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဒီနှစ်သင်းဆုံတွေ့မှုရဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဂျူဗင်တပ်စ်တို့တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ပြီးခဲ့တဲ့ ဘောလုံးရာသီက နာပိုလီကွင်းမှာ ဂျူဗင်တပ်စ်တို့ နှစ်ဂိုးပြတ်ရှုံးခဲ့တာကြောင့် ဒီပွဲမှာ ဂျူဗင်တပ်စ်တို့ အားထုတ်မှုအမြင့်ဆုံးနဲ့ တုံ့ပြန်ပါလိမ့်မယ်။ ဒါပေမယ့် နာပိုလီရဲ့ အိမ်ကွင်းစွမ်းဆောင်မှုက ကောင်းမွန်တာမို့ ဂျူဗင်တပ်စ်တို့ အမြင့်ဆုံးမှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ရိုးမားနှင့် လာဇီယို**

နောက်ဆုံးကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင်တော့ ရိုးမားတို့ နှစ်ဂိုးပြတ်နိုင်ပွဲရထားပါတယ်။ ဒါပေမယ့် ရိုးမားကွင်းမှာ လာဇီယိုတို့ နိုင်ပွဲရအောင်ကစားနိုင်တာမို့ ရိုးမားတို့ အလေးထားကစားမှုရပါလိမ့်မယ်။ ရောမဒါဘီပွဲမို့ အကြိတ်အနယ်နဲ့ ပွဲကောင်းမှာဖြစ်ပါတယ်။

**အင်တာမီလန်နှင့် ဂျီနိုအာ**

အင်တာမီလန်ဟာ ခြေစွမ်းအတက်အကျရှိနေပေမယ့် ဂျီနိုအာနဲ့ဆုံတိုင်း နိုင်ပွဲရအောင်ကစားလေ့ရှိပါတယ်။ အကောင်းဆုံးပုံစံမရသေးတဲ့ အင်တာမီလန်တို့အတွက်တော့ သုံးမှတ်အပြည့်ရဖို့ အခွင့်အရေးတစ်ရပ်အဖြစ် နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဆမ်ဒိုးရီးယားနှင့် အမ်ပိုလီ**

ဆမ်ဒိုးရီးယား တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်း ပြန်လည်ကောင်းမွန်နေတာမို့ အမ်ပိုလီတို့ ပွဲကျပ်ဖြစ်နေပါတယ်။ နားလည်မှု လွဲမှားနေတတ်တဲ့ အမ်ပိုလီခံစစ်မှူးတွေကြောင့် ဆမ်ဒိုးရီးယားတို့ သုံးမှတ်အပြည့် ရယူနိုင်တဲ့ပွဲပါပဲ။

**ဖီအိုရင်တီးနားနှင့် ပါလာမို**

ဖီအိုရင်တီးနားနဲ့ဆုံတိုင်း ပါလာမိုတို့ မာမာတင်းတင်း ကစားတတ်တာမို့ အိမ်ကွင်းမှာဆိုပေမယ့် ဖီအိုရင်တီးနားတို့ သတိကြီးစွာထားပြီး ကစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက် ကစားအားကောင်းတဲ့ ဖီအိုရင်တီးနားတို့ဟာ အမှားအယွင်းနည်းအောင် ကစားနိုင်တာမို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရမယ့်ပွဲ ဖြစ်ပါလိမ့်မယ်။

## ဘာစီလိုနာဂိုးသမားဟောင်း ဗားဒက် မန်ယူရောက်

ဘာစီလိုနာဂိုးသမားဟောင်း ဗစ်တာဗားဒက်သည် မန်ယူသို့ပြောင်းရွှေ့ရန် ကမ်းလှမ်းမှုအပေါ် လက်ခံလိုက်ပြီဖြစ်သည်။ စပိန်ဂိုးသမား ဗားဒက်သည် ဒူးခေါင်းဒဏ်ရာမှ ပြန်ကောင်းလာပြီဖြစ်၍ မန်ယူနှင့်အတူ လေ့ကျင့်နေပြီဖြစ်ရာ မန်ယူက ၁၈ လစာချုပ်ရန် သဘောတူထားသည်။ အသက် ၃၂ နှစ်ရှိ ဗားဒက်သည် ပြီးခဲ့သည့်ရာသီက စာချုပ်သက်တမ်းကုန်ဆုံး၍ မထွက်ခွာမီ ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဖလားခြောက်လုံးနှင့် ချန်ပီယံလိဂ်ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် မန်ယူမှ ထွက်ခွာသွားသော အရန်ဂိုးသမား လင်ဒီဂတ်၏နေရာတွင် တာဝန်ထမ်းဆောင်ရဖွယ်ရှိသည်။

**ကောင်းမြတ်သူ-စုစည်းသည်။**

## တောရက်စ် အက်သလက်တီကိုတွင် ပြန်ကစားပြီ



ကိုပါဒယ်ရေးဖလား ၁၆ သင်းပြိုင်ပွဲ ပထမအကျော့အဖြစ် စပိန်ထိပ်သီး ပြိုင်ဘက်နှစ်သင်းဖြစ်သည့် အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်တို့ယှဉ်ပြိုင်ကြရာ အက်သလက်တီကိုက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် လီဗာပူးနှင့် ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း တောရက်စ် အက်သလက်တီကိုသို့ ရောက်ရှိလာပြီး ပထမဆုံး ပါဝင်ကစားခဲ့သည့် ပွဲဖြစ်သည်။ ၎င်း၏ ဘောလုံးသမားဘဝ စတင်ခဲ့ရာ အက်သလက်တီကို၌ ဖာနန်ဒိုတောရက်စ်ပါဝင်ကစားမှုကို စောင့်ကြည့်ရန် ပရိသတ်အင်အား ၄၆၈၀၀ တက်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။ အက်သလက်တီကို အသင်းအတွက် အနိုင်ဂိုးများကို ရာအူးလ်ဂါစီယာနှင့် ဂျင်မီနက်တို့က သွင်းယူပေးခဲ့သည်။ သို့သော် တောရက်စ်သည် ၅၉ မိနစ်ကြာကစားပြီး လူစားလဲခဲ့သည်။ ယင်းပွဲသည် လာလီဂါချန်ပီယံက ဥရောပချန်ပီယံကို အနိုင်ယူလိုက်ခြင်းဖြစ်သည်။ အသက် ၃၀ အရွယ်ရှိ တောရက်စ်သည် အီတလီစီးရီးအေ ကလပ်အေစီမီလန်မှ အက်သလက်တီကိုသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်က လီဗာပူးသို့ မပြောင်းမီ ငါးနှစ်ဆက်တိုက် အက်သလက်တီကို အသင်းအတွက် ဂိုးအများဆုံးသွင်းယူပေးခဲ့သူဖြစ်သည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄င /၁၀၂၄၊ Toyota Hilux Surf KZN-185, S/W (4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းစိန် ၁၂/ဥကတ(နိုင်) ၁၀၅၂၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**




### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ငွေလုံးငွေရင်းရန်ပုံငွေနှင့် သီးသန့်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါနေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူလိုပါသည်-

| စဉ် | မြို့နယ် | လုပ်ငန်းအမျိုးအစား | တင်ဒါအမျိုးအစား |
|---|---|---|---|
| ၁။ | နမ့်ခမ်းမြို့နယ်၊နောင်ခမ်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | သံခြင်းအခြေပြုရေလွှဲရေကာ | ပစ္စည်းတင်ဒါ |
| ၂။ | သီပေါမြို့နှင့်ပန်းတိမ်တောင်ရပ်ကွက်၊ ကမ်းပြိုကာကွယ်ရေး | သံခြင်းအခြေပြုမြေထိန်းနံရံ၊ သောင်တူးခြင်း | ပစ္စည်းတင်ဒါ |
| ၃။ | နမ့်ခမ်းမြို့နယ်၊ ကုန်းဆာကျေးရွာနှင့် မန့်ကန့်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | သံခြင်းအခြေပြုကျောက်စီရေကာ | ပစ္စည်းတင်ဒါ |
| ၄။ | နမ့်ခမ်းမြို့နယ်၊ နောင်ချိန်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | သံခြင်းအခြေပြုကျောက်စီရေကာ | ပစ္စည်းတင်ဒါ |
| ၅။ | နမ့်ခမ်းမြို့နယ်၊ မန့်နောင်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | သံခြင်းအခြေပြုကျောက်စီရေကာ | ပစ္စည်းတင်ဒါ |

**တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ဂေါဝိန်၊ ကျောက်ကွေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့

**တင်ဒါပုံစံယူရမည့်ရက်** - ၁၂-၁-၂၀၁၅ ရက်မှ ၂၁-၁-၂၀၁၅ ရက်ထိ (ရုံးချိန်အတွင်း)

**တင်ဒါပိတ်မည့်ရက်** - ၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီ

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၉၁၀၈၆၈၇ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကျော်သိန်းရွှေ (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်သူဇာရွှေ (စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏ တစ်ဦးတည်းသောသား

**မောင်စောရွှေမောင်**

**B.A (English), A.G.T.I (Mechanical), Advanced Diploma in Mechanical Engineering (London Institute), Specialist Diploma in M & E Coordination (Singapore), Site Engineering (SAMWOH CORPORATION PTE LTD), Singapore**

**နှင့်**

ပဲခူးမြို့နေ ဦးစန်းဝင်း-ဒေါ်အေးမ(အမေ့ရင်ခွင်)တို့၏သမီးဦး

**မအေးမြတ်သူ (B.A English)**

တို့အား ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ပဲခူးရွှေဝါထွန်းဟိုတယ်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဆည်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ချိုဦး၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၏ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ တပ်မမှူး-ဗိုလ်မှူးချုပ်အောင်သိန်းဦး၏ဇနီး ဒေါ်သင်းသင်းစုလှိုင်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်ဇနီး ဒေါ်ဝါဝါမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင့်၏ဇနီး ဒေါ်ခိုင်နွယ်ဦး၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(စစ်ရာထူးခန့်ချုပ်)နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး (စစ်ဆေးရေးအရာရှိချုပ်)နှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး(စစ်ရေးချုပ်)နှင့်ဇနီး ဒေါ်ကြူကြူစိုး၊ ဦးရဲမြင့်(ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး)နှင့်ဇနီး ဒေါ်မြတ်ငွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မေလတ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်ဇနီး ဒေါ်စန်းစန်းဝေ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာအရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်းအား သီဆိုပေးပါသော ရွှေရည်သိန်းတန်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မထက်ထက်လင်းဦး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မစုမြတ်လင်း၊ မင်္ဂလာပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မမြဇင်သန့်၊ မင်္ဂလာသတို့သားအရံ ကိုသူရိန်ထွန်း၊ မင်္ဂလာသတို့သမီးအရံ မညိမ်းဝင့်သူ၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ ဆံပင်နှင့်ဓါတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော ကိုအောင်မြတ်သူ၊ ကိုစိန်လင်း(Aroma)နှင့် အဖွဲ့သားများအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကြယ်စင်နန်းတော်မိသားစုအားလည်းကောင်း၊ မေတ္တာဖြင့်အခမ်းအနား ပန်းအလှများဆင်မြန်းပေးပါသော ကိုမောင်မောင်ခိုင်နှင့်အဖွဲ့အားလည်းကောင်း၊ အခမ်းအနားအတွက် အစစအရာရာ စီစဉ်ဆောင်ရွက်ပေးပါသော ရွှေဝါထွန်းဟိုတယ် မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စောရွှေမောင်-မအေးမြတ်သူ**

ကြော်ငြာ

# ကျေးဇူးတင်ရှိပါကြောင်း

**HTOO GROUP OF COMPANIES** ၏ (၂၅) နှစ်ပြည့် "၇.၁.၂၀၁၅" ရက်နေ့တွင်

"ဗုဒ္ဓ" ဘုရားသခင်ရဲ့ တရားတော်ဖြင့် လမ်းပြခဲ့သော မြတ်စွာဘုရားနှင့် ဘုရား၏ တရားတော်များ ကျေးဇူး။

ဘုရားတရားတော်များကို ထိန်းသိမ်းစောင့်ရှောက်ကြသော သံဃာတော်မြတ်များကျေးဇူး။

ယနေ့တိုင် မွေးသည့်မှ မိမိအသက် (၅၀)နှစ်တိုင် မေတ္တာအပြည့်ဖြင့် ဆိုဆုံးမနေသော အမေအဘနှင့် မကွယ်လွန်မီ မေတ္တာသည်းကောင်း၊ ကွယ်လွန်သည့်တိုင်အောင် သည်းကောင်း၊ လုပ်နည်း၊ လုပ်ဟန်များ ဖြစ်လည်စေ၍ အမွေတော်ရ၍ မိမိကြီးပွား အတွက်ယူနေရသည့် ဖခင်၏ကျေးဇူး။

မြန်မာနိုင်ငံသားများ၏ လက်ထဲတွင်သာ မြန်မာ့ဘိုင်းဖြည့်၏ စီးပွားရေးနှင့် ငွေသိမ်းများ၏ အနာဂတ်ရှိ ရမည်ဟု အမြော်အမြင်ကြီးစွာ မြန်မာတိုင်းရင်းသား **Company** များကို မြှင့်တင်ပေးခဲ့သော အပ်ချုပ်ရေးလက်ထက်အောင်းမြင်ခဲ့သူအပေါင်း၊ ယနေ့တိုင် မိမိနှင့်လက်တွဲလျက် အမျိုးသားရေး စိတ်ဓာတ် အခြေခံ၍ လုပ်ကိုင်နေကြသော **လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ**၏ ကျေးဇူး။

အထူးသဖြင့် မိမိအား ထား၊ လမ်း ကဲ့သို့ အမြဲ ထွန်းလင်းခဲ့သော အဘအေး နှင့် အမေစန်း၊ အဘဘုန်း နှင့် အမေခင်၊ ၁၉၅၃–၁၉၆၀ ခုနှစ်များအတွင်းက မြန်မာ့စီးပွားရေးကို ဦးဆောင်ခဲ့သော (ဦးဖော်– ညွှန့်)၊ အလုပ်လုပ်ခါစတွင် အတူနေထိုင်ထွန်းလင်း ညွှန်ပြပေးခဲ့သော (ဒေါ်တူ) မိသားစုဝင်များ၊ **Htoo Trading Co., Ltd.** စတင်၍ မှတ်ပုံတင်တည်ထောင် ပေးခဲ့သော ဒေါက်တာမျိုးသန့်၊ မယူဇော်နှင့် မိမိအား လက်တွဲခေါ်ခဲ့သော ဦးဇော်ဦး၊ ဦးဇော်လှုတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

(၇.၁.၂၀၁၅)ရက်နေ့တွင် ကျရောက်ခဲ့သော (၂၅)နှစ်ပြည့်မှသည် တိုင်းပြည်နှင့်လူမျိုးအကျိုး **Company** ၏ လက်ရှိဝန်ထမ်းများ အနာဂတ်တို့ကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဖြစ်သော ကြိုးစား ထမ်းရွက်ရင်း ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း ...

ဦးဇော်ဇော်

**Htoo Group of Companies**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၁၀၀၀)ဦး စာရင်း

ယမန်နေ့မှအဆက်

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | **သန်း(၃၀၀) အောက်စာရင်း** | | | | |
| 95 | Six Winner Brothers Co., Ltd. | အမှတ်-၉၊ သီရိမွန် ၁၀လမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Trading | |
| 96 | Shwe Mann Co., Ltd. | ၆၂၊ မာလာမြိုင်(၆)လမ်း၊ လှိုင်မြို့နယ်။ | CCTO | Trading | |
| 97 | Myat Eaindray Construction Co.,Ltd. | အမှတ်(၃၅၈)၊ ဇေယျာခေမာလမ်း၊၈ မိုင် မရမ်းကုန်းမြို့နယ်။ | CCTO | Construction | |
| 98 | Tun Foundation Bank Ltd. | အမှတ်(၁၆၅၊၁၆၇)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Services | |
| 99 | Premier Coffee Co.,Ltd. | (၁၀၈)၊ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာမြို့နယ်။ | CCTO | Industrial | |
| 100 | Asia Green Development Bank Ltd. | ၇၃/၇၅၊ ဆူးလေးဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ် | CCTO | Banking | |
| 101 | Mya Zaburit Swe Trading Co.,Ltd. | အမှတ်(၃၁၄)၊ လက်ဝဲကြီး (တောင်)ဒေးဝန်းအနောက် ချမ်းအေးသာစံမြို့နယ်။ | CCTO | Trading | |
| 102 | Sin Phyu Kyun Co.,Ltd. | အခန်းအမှတ် ၁၀၀၃၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Trading | |
| 103 | Best Livestock Ltd. | အမှတ်(၃၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Industries Production | |
| 104 | Waterworks Engineering Group Services Co.,Ltd. | အမှတ်(၁၈)၊လမ်းသစ်လမ်း နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် | CCTO | Services | |
| 105 | Red Cloud Import& Export Co.,Ltd. | အမှတ်(၁၃/၁၄)၊အထက် ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းအရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ်။ | CCTO | Trading | |
| 106 | Good Brothers Co.,Ltd. | ရတနာအရှေ့၊ မဟာ အောင်မြေမြို့နယ်။ | မန္တလေး | ရောင်းဝယ်မှု | |
| 107 | Myanma Annawa Swan: A:Shin group (S) Co.,Ltd. | အမှတ်(၇/၂)(ဘီ)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။ | CCTO | Services | |
| 108 | Forever Group Co.,Ltd. | အခန်း(၁၄၀၂/၀၃)၊အိုလံပစ် တာဝါ(၁)၊ကျောက်တံတားမြို့နယ်။ | CCTO | Services | |
| 109 | Yuzana Co.,Ltd. | အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ယုဇနစင်တာ၊ဗဟန်းမြို့နယ်။ | CCTO | Trading | |
| 110 | Universal Construction Co.,Ltd. | ၉/၁၊ ဆရာစံလမ်း၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ | CCTO | Construction | |
| 111 | Oriental Leasing Co.,Ltd. | ၃၇/လသာလမ်း၊ လသာမြို့နယ်။ | CCTO | Services | |
| 112 | Ayer Shwe Wah Construction Co.,Ltd. | အမှတ်(၅)၊ပြည်လမ်း၊ လှိုင်မြို့နယ်။ | CCTO | Construction | |
| 113 | Han Naing Soe Int'l Trading Co.,Ltd. | ၂၉၉၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်။ | CCTO | Trading | |
| 114 | Moon Ten Trading Co.,Ltd. | ၆၆၊၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ | CCTO | Trading | |
| 115 | Zawgyi Premier Co.,Ltd. | အမှတ်-၇(အေ)၊ ယုဇနလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်။ | | Trading | |
| 116 | Shwe Than Lwin Trading Co.,Ltd | အမှတ်(၂၆၂)၊ ရာဇဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Trading | |
| 117 | Gold Delta Co.,Ltd. | အမှတ်(၁)၊ ကနောင်မင်းသား ကြီးလမ်း၊ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | |
| 118 | Octagon International Services Co.,Ltd. | အလုံတာဝါ၊ကမ်းနားလမ်း၊ အလုံမြို့နယ်။ | CCTO | Services | |
| 119 | Shwe Sin Oo Co.,Ltd. | အမှတ်-၂၆၊စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။ | CCTO | Trading | |
| 120 | Good Brothers Machineries Co.,Ltd. | အမှတ်(၂၂)၊ဘုရင့်နောင်လမ်း၊ သီရိမွန်အိမ်ရာ၊လှိုင်မြို့နယ် | CCTO | Production | |
| 121 | Serge Pan& Associates Marketing Ltd. | FMI Center-Level 10/11 ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်။ | CCTO | Trading | |
| 122 | Pinya Manufacturing Co.,Ltd. | ၃၇/၃၈၊ ဗန်းမော် အတွင်းဝန်လမ်း၊ လှိုင်သာယာမြို့နယ်။ | CCTO | Production | |
| | **သန်း(၂၀၀) အောက်စာရင်း** | | | | |
| 123 | Sein Ngwe Mya Co.,Ltd. | အမှတ်-၄၁၀၊ ၄-လွှာ ယုဇနတာဝါ၊ဗဟန်းမြို့နယ်။ | CCTO | Trading | |
| 124 | Loi Hein Co.,Ltd. | ၁၁၇၊ ဝါးတန်းလမ်း လမ်းမတော်မြို့နယ်။ | CCTO | Production | |
| 125 | Nilar Yoma Trading Co.,Ltd. | အမှတ်(၁၈၉/၁၉၁) ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Trading | |
| 126 | Yangon Technical& Trading Co.,Ltd. | အမှတ်-၅၃၁၊အခန်း(၁၁၀၄) ရဲတံခွန်တာဝါအောက်၊ ကြည့်မြင်တိုင်မြို့နယ်။ | CCTO | Trading | |
| 127 | Tet Lann Co.,Ltd. | အမှတ်(၆၁) မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊လသာမြို့နယ်။ | CCTO | Trading | |
| 128 | Authentic Construction Co.,Ltd | အခန်း(၃၀၄)၊ကွန်ဒို-ဒီ ကမ္ဘာအေးဗီလာ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Construction | |
| 129 | Punyoma International Co.,Ltd. | အမှတ်(၅၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်။ | CCTO | Trading | |
| 130 | Ngwe Yi Pale Mining Co.,Ltd. | ၂၆၃၊ အခန်း(၄၀၂) ရာဇဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Production | |
| 131 | ဥရောပအာရှ ကော်မာရှယ် လီမိတက် | ၈၁ လမ်း၊၃၂ လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ | မန္တလေး | ကုမ္ပဏီ | |
| 132 | Good Quality Trading Co.,Ltd. | အမှတ်(၃၇)၊ ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်းမြို့နယ်။ | CCTO | Trading | |
| 133 | Myan Pyi Kyaw Co.,Ltd. | ၁၃/မြကန်သာအိမ်ရာ လှိုင်မြို့နယ်။ | CCTO | Trading | |
| 134 | Original Great Popular Co.,Ltd. | အမှတ်-၁၉/၂၀(F) အောင်ဆန်းကွင်း မင်္ဂလာတောင်ညွန့်မြို့နယ်။ | CCTO | Trading | |
| 135 | Annarwar Tun Co.,Ltd. | အမှတ်-၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Production | |
| 136 | မြန်မာပိတောက် ရောင်းဝယ်ရေး ကုမ္ပဏီ | (၁၀၅)မိုင်၊မူဆယ်မြို့။ | ရှမ်း | ပို့ကုန်/သွင်းကုန် လုပ်ငန်း | |
| 137 | Edem Hotel& Resorts Co.,Ltd. | (၃၂/ဒီ)တက္ကသိုလ်ရိပ်သာ လမ်းသစ်၊ဗဟန်းမြို့နယ်။ | CCTO | Hotel | |
| 138 | Tyre World Co.,Ltd. | အမှတ် ၂၆၉၊ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်။ | CCTO | Trading | |
| 139 | Myanmar Mayson Industries Co.,Ltd. | အမှတ်(၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ဇုန်-၄၊ လှိုင်သာယာမြို့နယ်။ | CCTO | Industrial/ Production | |
| 140 | သိန်းဝင်းဇော်ဦး | ၁၀/၁၇၉၊ ရတနာမွန်အိမ်ရာ၊ ၄-ရပ်ကွက်၊လှိုင်မြို့နယ်။ | ရန်ကုန် | ရေယာဉ်လုပ်ငန်း | |
| 141 | Myan Shwe Pyi. Ltd. | ၇၊သီရိရတနာရိပ်သာ၊ မိကျောင်းကန်(၃)၊ဝေဇယန္တာ လမ်း၊ သဃ်န်းကျွန်းမြို့နယ်။ | CCTO | Production | |
| 142 | Tosta Group Ltd. | အမှတ်-(၃၀၁/၃၀၅)၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ် | CCTO | Trading | |

*(ဆက်လက်ဖော်ပြပါမည်)*


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8903 Toyota Mark II GX 110 SL(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၈/ဆဖန(နိုင်)၀၅၉၉၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၆၇၈၇ Honda Dream C100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေး ၁၃/ကမန(နိုင်)၀၅၆၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6F/9629, Mitsubishi Canter FE 70 DB ယာဉ်လက်ဝယ်ရှိသူ ဦးပေါ်လာ ၉/ကဆန(နိုင်)၀၀၉၃၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၄၃၇ Kanaung (KN-1), P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၉/ခမစ(နိုင်)၀၁၂၅၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၆၈၈၇ Luojia 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တင့် ၉/မရမ(နိုင်)၀၁၇၂၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၅၈၈၁ Toyota mark II L×90 S/L(4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းဇော် ၅/ဒပယ(နိုင်)၀၈၀၅၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၈၁၆၉ Honda C90, Custom ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ဦး ၅/ရဘန(နိုင်)၀၀၁၈၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား

## မိတ္တူလျှောက်ခြင်း

ယာဉ်အမှတ် 9F/3740, Hyundai Libero, P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာအေး ၅/ရဘန(နိုင်)၀၀၆၆၉၇ က အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး ရွှေဘို(ရွှေဘိုမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၅၀၀ ဇော် Cycle III CZC ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းနွယ် ၉/ပမန(နိုင်)၁၂၈၉၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်တမူးမြို့၊စော်ဘွားအင်း၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ်(စဘ-၃/၀၈၅)နေ ဦးမြင့်အောင်၏သား မောင်ခင်ဇော်လင်း ၅/တမန(နိုင်)၀၄၂၅၀၆ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘဆွေမျိုးများအား အရှက်ရအောင် အကြိမ်ကြိမ်ဒုက္ခပေးပြီး အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမြင့်အောင်**
**၅/တမန(နိုင်)၀၀၇၂၉၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဗိုလ်တထောင်မြို့နယ်နေ ဦးကျော်စွာ-ဒေါ်မြင့်မြင့်အေးတို့၏သမီး မပန်းအိဖြူ(ခ)တင်နီလာ ၁၂/ဗတထ(နိုင်)၀၃၄၆၂၁သည် မိဘညီအစ်ကိုမောင်နှမများ၏စကားကိုနားမထောင်ဘဲ မိမိဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သက်ဆုံးတိုင် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**(ဖခင်)ဦးကျော်စွာ ၁၂/ဗဟန(နိုင်)၀၂၃၄၈၃**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ် ၇၁ရပ်ကွက်၊ အိမ်အမှတ်(၁၇၂၇/က)နေ ဒေါ်စန်းစန်းမော် ၁၂/ဒဂတ(နိုင်)၀၃၆၉၈၄ ၏သမီး မဝင်းဝင်းမော်သည် မိဘတို့၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ နေအိမ်မှအကြိမ်ကြိမ်ထွက်ခွာခဲ့ပြီး ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှတာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်းနှင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

**ဒေါ်စန်းစန်းမော် ၁၂/ဒဂတ(နိုင်)၀၃၆၉၈၄**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဗလငါးတန်စာကြည့်အသင်း သုံးနှစ်ပြည့်အခမ်းအနား လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

**ရေစကြို ဇန်နဝါရီ ၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလငါးတန်စာကြည့်အသင်း သုံးနှစ်ပြည့် အခမ်းအနားတွင် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ နံရံကပ်စာစောင်၊ ကဗျာဝတ္ထုဆောင်းပါးပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ နှင့်ကျပန်း စကားပြောပြိုင်ပွဲတို့ကို ကျင်းပသည်။

လက်ဝှေ့ပြိုင်ပွဲကို ဗလငါးတန်စာကြည့်အသင်း အားကစားကွင်း၌ ဇန်နဝါရီ ၆ ရက် ညနေ ၆နာရီက ကျင်းပရာ လက်ဝှေ့ပြိုင်ပွဲတွင် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း ဟူ၍ အတန်းသုံးတန်းခွဲခြားယှဉ်ပြိုင်ကြပြီး အဆိုပါ လက်ဝှေ့ပြိုင်ပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ရေစကြိုမြို့တွင် မြို့နယ်၊ ရပ်ကွက်တို့မှ ယခုကဲ့သို့ လက်ဝှေ့ပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ခြင်းမရှိသည်မှာ နှစ်ပေါင်း ၃၀ခန့် ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။ ယခု ဗလငါးတန်စာကြည့်အသင်းမှ ကျင်းပသော လက်ဝှေ့ပြိုင်ပွဲမှာ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် ကျင်းပသော လက်ဝှေ့ပြိုင်ပွဲဖြစ်ကာ အငယ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် အသက်ကိုးနှစ်အရွယ်ကလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လက်ဝှေ့ပွဲကြည့် ပရိသတ်များ တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

**အိမ့္မနိဆွေ(ရေစကြို)**

# လာမည့်ပညာသင်နှစ်အတွင်း မူလတန်းအခမဲ့ပညာရေးအတွက် ငွေကျပ် ၁၈ ဘီလီယံကျော်သုံးစွဲရန်လျာထား

**ရန်ကုန် ဇန်နဝါရီ ၈**

လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အခမဲ့အခြေခံပညာရေးဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း ၂၉၀၀၀ ကျော်သုံးစွဲသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ပညာရေးဝန်ကြီးဌာန အနေနဲ့ ပြီးခဲ့တဲ့ပညာသင်နှစ်ကစလို့ အလယ်တန်း ပညာရေးအထိ အခမဲ့ပညာရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာမယ့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ အခြေခံပညာမူလတန်းအဆင့်မှာ ကျောင်းဝတ်စုံများပါ ထောက်ပံ့ပေးဖို့ စီစဉ်လျက်ရှိတာကြောင့် ကျောင်းသားကျောင်းသူ ၅ ဒသမ ၇ သန်းအတွက် ငွေကျပ်သန်းပေါင်း ၁၈ ဘီလီယံကျော် သုံးစွဲဖို့ လျာထားတောင်းခံထားပါတယ်”ဟု ၎င်းကပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အခြေခံမူလတန်း ကျောင်းသား ကျောင်းသူ ၅ ဒသမ ၆ သန်းအတွက် ငွေကျပ် ၁၄ ဒသမ ၇ ဘီလီယံသုံးစွဲခဲ့ကာ ကျောင်းသားကျောင်းသူများအား ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်ခြောက်အုပ် အခမဲ့ပေးသည့်အပြင် ထောက်ပံ့ငွေကျပ် ၁၀၀၀ စီကိုပါ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ လာမည့် ပညာသင်နှစ်အတွင်း အခမဲ့အခြေခံပညာရေး ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိရာ မူလတန်းပညာရေးအတွက် ငွေကျပ် ၁၈၄၅၃ ဒသမ ၅၉၅ သန်း၊ အလယ်တန်းပညာရေးအတွက် ငွေကျပ် ၆၆၃၃ ဒသမ ၇၀၀ သန်းနှင့် အထက်တန်းအတွက် ၃၉၃၅ ဒသမ ၁၇၀ သန်း လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ကာ မသင်မနေရ ပညာရေးဆောင်ရွက်ခဲ့ပြီး မူလတန်းအဆင့်တွင် အခမဲ့ပညာရေး သတ်မှတ်ခဲ့သည်။

လက်ရှိ ပညာသင်နှစ်တွင် မူလတန်းအဆင့်အပြင် အလယ်တန်းအဆင့်ပါ အခမဲ့ပညာရေး ဆောင်ရွက်နိုင်ခဲ့သည်။ အခမဲ့ ပညာရေးစနစ်အရ ကျောင်းသား ကျောင်းသူများ ကျောင်းလခပေးဆောင်ရမှုများ ကင်းလွတ်ခွင့်ရရှိလာသည့်အပြင် ပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်ခြောက်အုပ်ပါ အခမဲ့ ရရှိလာခဲ့သည်။ ထို့အပြင် ငွေကျပ် ၁၀၀၀ ပါ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-ကြံတိုင်းအောင်**

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကွမ်းလုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (လားရှိုးဒေသ) လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကွမ်းလုံမြို့နယ် ရှောင်တိလင် ကျေးရွာအုပ်စုအတွင်း တန်ဖိုးနည်း ကျေးလက်စံပြအိမ်ရာ ငါးလုံး တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်း (ငယ်/ယာ-၂)က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ပုံစံ အတိုင်းအတာဖြင့် အရည်အသွေးပြည့်မီစေရေး ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ချောင်း-ကျောက်နီမော်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ မြေသားဖောက် လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ တံတားများဆောက်လုပ်နေမှုများကို ဇန်နဝါရီ ပထမပတ်တွင် ပြည်နယ်ဦးစီးမှူး ဦးထွန်းဝေကွင်းဆင်းစစ်ဆေးရာ နှင်းသီရိကုမ္ပဏီနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

### လက်ပံတန်း မီးရထား လွတ်လပ်ရေးပွဲဆင်နွှဲ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာ့မီးရထားတပ်ဖွဲ့ တပ်ခွဲ(၁၉) တပ်ခွဲမှူး ဒုတိယရဲမှူးသိန်းဇော်၊ မြန်မာ့မီးရထားမှ ဒုတိယကြီးကြပ်ရေးမှူး (သွား/လာ)ဦးအေးမင်းတို့ဦးဆောင်၍လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ၊ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် ည ၇ နာရီက မီးရထားလိုင်း မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အားကစား ၁၁ မျိုးပါဝင်ပြီး တပ်ခွဲလက်အောက်ခံတပ်စုများနှင့် မြန်မာ့မီးရထားမှ ပို့ဆောင်ရေး၊ စက်မှု၊ သံလမ်း၊ ဆက်သွယ်ရေးလုပ်ငန်းဌာနများမှ ဝန်ထမ်းမိသားစုများ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများကို မြို့ပြအင်ဂျင်နီယာဌာန လက်ထောက်တိုင်းအင်ဂျင်နီယာမှူး ဦးအောင်အောင်ထွန်းတို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

### အားမာန်သစ်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာအုပ်စု ကုန်းသာရွာတွင် စာကြည့်တိုက်ဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ငါးသိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ၁၉ သိန်း စုစုပေါင်း ငွေကျပ် ၂၄ သိန်းဖြင့် တည်ဆောက်ပြီးစီးသွားသော အားမာန်သစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က စာဖတ်ရခြင်း၏ အကျိုးကျေးဇူး၊ စာပေမှရသော ဗဟုသုတများကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **ဝင်းမြင့်(နတ်တလင်း)**

### လွတ်လပ်ရေးနေ့ ကလေးပြိုင်ပွဲကျင်းပ

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းရှိ မန္တလေးအမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သားကောင်းမိခင်ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲဝင်ကလေးငယ် ၇၇ ဦးတို့အား အကဲဖြတ်ဒိုင်များက အမှတ်ပေးစိစစ်ရွေးချယ်ကြသည်။ ထို့နောက် တစ်နှစ်မှ တစ်နှစ်ခွဲနှင့် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ အုပ်စုလိုက် တစ်ဦးချင်း၊ အမွှာသုံးမွှာပူး ဆုရကလေးငယ်များ၊ သားကောင်းမိခင်ဆုရရှိကြသည့် မိခင်များအား နာယကနှင့်အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **တင်မောင်(မန္တလေး)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၈၁၃၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်အေး ၁/မညန(နိုင်)၀၇၇၉၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇က/၉၆၃၃ Toyota Hilux LN-41 P/U ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်း ၆/ရဖန(နိုင်)၀၃၅၁၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၃၇၈၇ Toyota Hilux YN 80, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်အေး ၁၂/စခန(နိုင်)၀၀၆၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၉က/၄၉၆၅ TOYOTA (Townace) ယာဉ်လက်ဝယ်ရှိသူ ပြည်နယ်စည်ပင်ရုံးခွဲ(ကျိုင်းတုံ)မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 6F/8670 MITSUBISHI PAJERO V46 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝင့် ၁၃/မပတ(နိုင်)၀၁၅၈၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄၁ယ/၂၈၂၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဦး ၅/ရဘန(နိုင်)၀၄၁၀၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/၉၃၂၆၇ Jialing 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဝင်း ၉/ဝတန(နိုင်)၁၄၀၃၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 4E/6012 TOYOTA BELTA KSP 92 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆောင်လှိုး၁၃/ကတန(နိုင်)၀၇၀၆၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

**အများသိစေရန် ကြေညာခြင်း**

မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်၊ ခြံအမှတ် (၁၂၈)၊ ပေ (၄၀×၆၀)ရှိ (တပ်ကြပ်ဦးနက်တုပ်) အမည်ပေါက် ဂရန်မြေကွက်၏ ငွေပေးချေလန်နှင့် မြေပေးမိန့်စာချုပ်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် လျှောက်ထားရန် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်လေးနွယ်(ခ)ဒေါ်နားလား**
**၉/မထလ(နိုင်)၀၁၂၉၆၅**
**ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၃၃၇၁၃၁၀၆**

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၅၃၅၁၂ Anbo 125 ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့နေ ဦးကျော်ကျော်စိုး ၁၁/စတန(နိုင်)၀၉၁၇၄၅က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ (ပြည်နယ်ရုံး) စစ်တွေ**

**အမည်ပြောင်း**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဦးအေးထွန်းဦး၏သမီး အထက(ခွဲ) မောလိပ် တတိယတန်းမှ မထားထားအေးအား မမြတ်ရွှေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်ရွှေခိုင်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၉-၁-၂၀၁၅ ရက်မှ ၁၃-၁-၂၀၁၅ရက် အထိ နေ့စဉ်၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီမှ ၁၃း၀၀ နာရီအတွင်း မြန်မာ့အလင်း သတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ မြေကွက် ၈၄၊ အမည် ကုန်းသာယာ၊ မြေကွက်အမှတ် ၁၄၆၊ ဧရိယာ ၀ဒသမ ၀၅၆၊ ကျွန်တော် ဦးဝင်းရွှေအမည်ပေါက်ပိုင်ဆိုင်သော မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းရွှေ ၁၃/တကန(နိုင်)၁၁၂၂၅၂**
**ဖုန်း-၀၉-၂၅၄၁၀၃၄၆၉**
**၉၅၆၊ ဆလအ၊ တောင်ကြီးမြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပင်လုံတက္ကသိုလ်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲနှင့်ဘက်စုံလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ



**ပင်လုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်ပညာသင်နှစ်အတွက် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲနှင့် ဘက်စုံလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက တက္ကသိုလ်ပင်မဆောင်ရှေ့မြက်ခင်းပြင်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲနှင့်ဘက်စုံလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်တင်မာကြည်နှင့် ဒုတိယပါမောက္ခချုပ် ဦးသန်းငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်အားကစားရုံ၌ ကျင်းပသည့် ဈေးရောင်းပွဲတော်တွင် မေဂျာအသီးသီးမှ စားသောက်ဖွယ်ရာများ ရောင်းချနေမှု၊ တက္ကသိုလ်အတွင်းရှိ စာကြည့်တိုက်နှင့် ဘာသာရပ်အလိုက်ဌာနများ၏ ပြခန်းများအပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားယဉ်ကျေးမှုအနုပညာ အကအလှဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပင်လုံတက္ကသိုလ် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲနှင့်ဘက်စုံလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့်ပတ်သက်၍ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်တင်မာ ကြည်က "ကျွန်မတို့ ပင်လုံတက္ကသိုလ် က အခုလို ဘာသာရပ်မိတ်ဆက်ပွဲ ကျင်းပရခြင်းကတော့ ယနေ့လူငယ်များဟာ နောင်အနာဂတ်ရဲ့ တိုင်းပြည်၏ ခေါင်းဆောင်များဖြစ်ကြလို့ စာသင်ခန်းတွင်း စာသင်ရုံသာမကဘဲ ဘက်စုံထူးချွန်တဲ့ လူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ အခြေခံပညာကျောင်းတွေမှာ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများဟာ တက္ကသိုလ်အဆင့် ပညာသင်ကြားရေးစနစ်ကို လက်တွေ့ကျကျသိရှိနိုင်အောင် ရည်ရွယ်သလို တက္ကသိုလ်ပညာရေးကို စိတ်ဝင်တစားရှိပြီး တက္ကသိုလ်အဆင့် ပညာသင်ကြားချင်စိတ်ရှိအောင်၊ ကြိုးစားလာနိုင်အောင်၊ အတုယူအားကျလာနိုင်အောင်စတဲ့ ရည်ရွယ်ချက်များနဲ့ ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပင်လုံတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၆၀၀ ကျော် ပညာသင်ကြားနေကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# ပုသိမ်မြို့ အောင်ရတနာဆန်စက်ကြီး မီးလောင်

**ပုသိမ် ဇန်နဝါရီ ၈**

ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် ငဝန်မြစ်ကမ်းဘေး မာတလမ်း ဦးသက်ဝေဝင်း (၂၇နှစ်)၏ အောင်ရတနာဆန်စက်တွင် ဇန်နဝါရီ ၇ ရက် နံနက် ၅နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဦးစီးမှူး ရဲဗလမျိုးဝင်း ဦးဆောင်သော အမှတ်(၁) နယ်မြေမီးသတ်စခန်းနှင့် အမှတ်(၂)နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်ခုနစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ကွပ်ကဲရေးတစ်စီး၊ ကန်ကြီးထောင့်မြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ ကျောင်းကုန်းမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ ငပုတောမြို့နယ်မှ မီးသတ်ယာဉ်တစ်စီးနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် မီးသတ်တပ်ဖွဲ့နှင့် ပုသိမ်လေတပ်စခန်းဌာနချုပ် မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၅ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ တို့သည် အချိန်နှင့်တစ်ပြေးညီ စုပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၇နာရီတွင် မီးငြိမ်းသွားကြောင်းသိရသည်။



အဆိုပါ မီးလောင်မှုကြောင့် ပေ (၈၀×၄၀) ရှိသွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဆန်စက်အခန်း၌ရှိသော ဆန်စက်ဟာလာငါးလုံးနှင့်စပါး တင်း ၁၀၀ ကျော် ဆုံးရှုံးသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ ဆန်စက်နောက်ဘက်၌ထားရှိသော စပါးခွံပုံမှ အပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားသည်ဟု သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ညစောင့်အား အသည်ကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**လှကြည်(ပုသိမ်)**

# ရွှေမျှောနှင့်ဆက်စပ်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကသာ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာချောင်းရိုးနှင့် ပတ်ဝန်းကျင်များမှ ရွှေမျှောများနှင့် ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီခွဲက အင်းတော်မြို့နယ်မှ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူးဒုရဲမှူးရဲလင်းဦး ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်၊ အင်းတော် စရဖမှ တပ်ကြပ်ကြီး သန်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင် ရွှေမျှောများ လုပ်ကိုင်နေကြောင်းသတင်းအရ ကွင်းဆင်းစစ်ဆေးခဲ့ရာ အင်းတော်မြို့နယ် အင်ပင်ကျေးရွာအုပ်စု အင်ပင်ကျေးရွာအထွက် မဲဇာချောင်းအတွင်း ခန့်မှန်းမြေပုံ ညွှန်း KG-၀၂၁၈၈၀ ၌ ရွှေမျှောတစ်ခုကို ပိုင်ရှင်မဲ့တွေ့ရှိရပြီး GINMA အမျိုးအစား အင်ဂျင်တစ်လုံး၊ ၄င်းအင်ဂျင်ဖြင့် တပ်လျက်"အောင်နိုင်သူ" တံဆိပ် ရေပန့်တစ်ခု၊ ရေခရုတစ်လုံး၊ အပြာရောင် ခုနစ်ပေပိုက်နှစ်ချောင်း၊ အဖြူရောင်ပိုက်ပျော့ ခြောက်ပေနှစ်ချောင်း၊ သစ်သားမျှောတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ညနေ ၆ နာရီခွဲက ဆိပ်သာကျေးရွာနှင့်ကျွဲကောထေးကျေးရွာကြား မဲဇာချောင်းနှင့် လေးတန်ချောင်းဆုံချောင်းအတွင်း ခန့်မှန်းမြေပုံညွှန်း JG-၉၉၇၈၈၃ ၌အပြာရောင်ပိုက် ၁၂ ပေသုံးချောင်း၊ ရေခရုသုံးခု၊ မိုးကာအဟောင်းစသုံးခုတို့ကို ပိုင်ရှင်မဲ့ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့် ဦးစီးသောမြို့နယ်စီမံခန့်ခွဲရေး ကော်မတီအဖွဲ့နှင့် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်အောင်အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဲဇာရဲကင်းစခန်းအပိုင် ကျောက်အိုးကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း JG -၉၆၁၆၅၈၊ မဲဇာချောင်းအတွင်း၌ ရွှေမျှောနှစ်ခုမှ အင်ဂျင်နှစ်လုံး၊ လည်ချောင်းပိုက် ခြောက်ပေလေးချောင်း၊ ဆီပီပါခွံတစ်ခု၊ မုံအိုးနှစ်လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ရွှေမျှောနှင့်ဆက်စပ်ပစ္စည်းများကို အင်းတော်မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မင်းဘူး၌ စက်လှေနစ်မြုပ် ကလေးငယ်နှစ်ဦး ပျောက်ဆုံး

**မင်းဘူး ဇန်နဝါရီ ၈။** မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခွဲက ဧရာဝတီမြစ်အတွင်း စက်လှေတစ်စင်း နစ်မြုပ်ခဲ့ပြီး ယာဉ်ပေါ်ပါလာသော လေးအိမ်တန်းကျေးရွာမှ မခင်ချောချောမေ(ခြောက်နှစ်) ပထမတန်းနှင့် မပိုးဇာခြည်သွယ်(ရှစ်နှစ်) တတိယတန်းတို့နှစ်ဦး ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်အောင်(၄၁ နှစ်) လေးအိမ်တန်းကျေးရွာနေသူ မောင်းနှင်လာသော ဟွန်ဒါစက်တပ်စက်လှေဖြင့် ခရီးသည် ၁၅ ဦးအား တင်ဆောင်၍ လေးအိမ်တန်းမြေနုကျွန်းဘက်မှ လေးအိမ်တန်းကျေးရွာသို့ မောင်းနှင်လာခဲ့စဉ် ရွာဆိပ်ကမ်းသို့ရောက်ရန် ဝါးသုံးပြန်ခန့်အကွာတွင် ရေနံတင်သင်္ဘောခုတ်မောင်းသွားသည့် ရေလှိုင်းမိပြီး စက်လှေမှာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေမောင်း ကျော်အောင်အား မင်းဘူးမြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့၏ မြောက်ဘက်(၁၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတွင် Diversion Conduit CVC Concrete သွန်းလောင်းခြင်း (၆၉၀)ကျင်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်၊အချိန်** - ၉-၁-၂၀၁၅ ရက်၊ ၉:၃၀နာရီ

**တင်ဒါအရောင်းပိတ်မည့်ရက်၊အချိန်** - ၂၂-၁-၂၀၁၅ ရက်၊ ၁၆:၃၀ နာရီ

**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့် နေ့ရက်၊ အချိန်** - ၂၉-၁-၂၀၁၅ ရက်၊ ၁၅:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန**

## ကြေညာချက်

**ရန်ကုန်မြို့၊ ၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်**
**၂၀၁၅ခုနှစ် ဇန်နဝါရီ ၇ရက်**

၂၂-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်ပါရှိသော အကောက်ခွန်ဦးစီးဌာနမှ အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူးအတွက် ခေါ်ယူထားသော ဘွဲ့များအပြင် အောက်ဖော်ပြပါဘွဲ့များပါ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

**စီးပွားရေးဘွဲ့** - B.B.A, B.P.A, B.Dev, B.P.S, B.Ecom (Eco), B.Ecom (Stats), B.Act,

**ဓာတုဗေဒဘွဲ့** - B.Sc (Bio Chemistry)

**အင်ဂျင်နီယာဘွဲ့** - B.E (Chemical), B.E (I.T), B.E (Petrol), B.E (EP) B.E (Civil)

**အကောက်ခွန်ဦးစီးဌာန**



## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော် ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၅-၁-၂၀၁၅ ရက်မှ ၁၂-၁-၂၀၁၅ ရက်ထိ နေ့စဉ် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၂-၁-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ နှင့် ၀၂-၆၂၉၃၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန်အတွက် Toyota Smart Cab, 2012/2013/2014, Chant နှစ်စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၂-၁-၂၀၁၅ ရက်မှ ၁၃-၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၆-၁-၂၀၁၅ ရက် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၆၃-၂၈၆၅၄၊ ၀၆၃-၂၈၃၁၇၊ ၀၆၃-၂၈၆၁၅**



ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/9042 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**



## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မျိုးပပ ၁၂/တမန(နိုင်) ၀၇၄၅၂၆ အမည်ဖြင့် ထုတ်/သွင်းပါမစ်-ISP.IDVY8-14-15.6602 HONDA (Partner) ID.747961.28.7.2014 မော်တော်ယာဉ်၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။



## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၂၃၄ ၁/၂) မြေကွက်တည်နေရာအမှတ်(၂၃၄ ၁/၂)၊ သုဓမ္မာလမ်းမ ဦးသီး(ကေအန်အယ်လ်အယ်လ် ၀၄၁၂၃၉) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသီး မိခင် ဒေါ်နိုင်(ခ)ဒေါ်တင်လှိုင် အစ်ကိုဦးခင်မောင်ဌေးတို့ကွယ်လွန်သဖြင့် ဒေါ်စိန်စိန်မော် ၁၂/ဥကမ(နိုင်)၀၅၉၉၅၉၊ ဦးမောင်သန်း ၁၂/ဥကမ(နိုင်)၀၅၅၀၄၀၊ ဦးခင်မောင်ဆန်း ၁၂/ဥကမ(နိုင်)၀၅၅၀၇၉၊ ဦးခင်မောင်ထွေး ၁၂/ဥကမ(နိုင်)၀၅၃၂၄၆ တို့က ချွေးမနှင့်သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## မိုးညှင်း၌ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မိုးညှင်း ဇန်နဝါရီ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအတွက် ဒေသခံပြည်သူများနှင့် လုပ်ငန်းဆိုင်ရာ နှစ်ဦးနှစ်ဖက်တွေ့ဆုံ ဆွေးနွေးပွဲကို မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ကွင်းကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ပင်းဟဲကျေးရွာ၊ အုန်းစံဆိုင်ကျေးရွာ၊ ကွင်းကြီးကျေးရွာ၊ ဟဲလုံကျေးရွာ၊ တဲကြီးကုန်းကျေးရွာနှင့် မော်ဟန်ကျေးရွာအုပ်စု၊ နန်းမားကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ အင်းတော်ကြီးဒေသရှိ သဘာဝသစ်တော စိမ်းလန်းစိုပြည်ရေး CF နယ်မြေအတွင်းမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ညောင်တုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အပင်နှင့်တိရစ္ဆာန်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(FFI)မှ အင်းတော်ကြီးနယ်မြေတာဝန်ခံ ဦးစောတောက်ထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်စပ်မှုများ၊ NGOAအသင်းမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**(ဝ၆၃)**



# ကမ္ဘာအေး လူကူးခုံးကျော်တံတား လကုန်ပိုင်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၈**

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားရှေ့နှင့် ဂမုန်းပွင့်ကုန်တိုက်ရှေ့ရှိ ကမ္ဘာအေးဘုရားလမ်းကို ဖြတ်သန်းထားသော စက်လှေကားပါဝင်သည့် လူကူးခုံးကျော်တံတားကို ယခုလ တတိယပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ကြီးကြပ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၁၀၀ ရှိပြီး လျှောက်လမ်းနှင့် လှေကားအကျယ် ၁၀ ပေနှင့် အမြင့် ၁၈ ပေရှိကာ အဆင်းအတက်လှေကားနှစ်စင်းလုံးတွင် စက်လှေကားနှင့် ရိုးရိုးလှေကားများ ပူးတွဲတည်ဆောက်ထားကြောင်းနှင့် စက်လှေကားများကို စမ်းသပ်မောင်းနှင်မှုများလည်း ပြုလုပ်ပြီးဖြစ်ကြောင်း တံတားတည်ဆောက်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ပြည်သူများအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လူသွားလူလာများပြီး ယာဉ်အန္တရာယ်များသော နေရာများဖြစ်သည့် ကမ္ဘာအေးလူကူးခုံးကျော်တံတား၊ ခရေပင်လမ်းခွဲ လူကူးခုံးကျော်တံတားနှင့် ပန်းဆိုးတန်းလူကူးခုံးကျော်တံတားတို့ကို ၂၀၁၄ ခုနှစ်အတွင်း စတင်တည်ဆောက်ပေးခဲ့သည်။

မင်္ဂလာဒုံမြို့နယ်တွင် ပြည်လမ်းမကြီးကို ဖြတ်သန်းထားသည့် ခရေပင်လမ်းခွဲလူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက လည်းကောင်း၊ ရန်ကုန်မြို့တွင်း ကျောက်တံတားမြို့နယ်၌ ကမ်းနားလမ်းကိုဖြတ်ထားသော ပန်းဆိုးတန်းလူကူးခုံးကျော်တံတားကို ဒီဇင်ဘာလအတွင်းက လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသော ကမ္ဘာအေးလူကူးခုံးကျော်တံတားကို ယခုနှစ် တတိယပတ်အတွင်း၌ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းမတော်မြို့နယ်အတွင်း ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၌လည်း တံတားသစ်တစ်စင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆက်လက်တည်ဆောက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-တင်မောင်ဦး(အလုံ)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မိုးညှင်း ဇန်နဝါရီ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နေမှုကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုးညှင်းခရိုင်ဦးစီးမှူး ဦးအေးနိုင်တို့က ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်သော အဆိုပါအဖွဲ့သည် အင်းတော်ကြီးဒေသအတွင်း ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော အထကနန့်မွန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် တည်ဆောက်နေမှု၊ ဆန္ဒင်းကုန်းကျေးရွာ၌ စိမ့်စမ်းရေသွယ် ရေစုကန် တည်ဆောက်ရန် လုပ်ငန်းပြင်ဆင်နေမှု၊ အလက မမုန်ကိုင်၌ ကျောင်းဆောင်အမိုးတပ်ဆင်ရေးလုပ်ငန်းနှင့် အထကလုံးတံ၌ အမိုးပါးတပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**




## ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လျှုဒါန်းနိုင်

## သီတဂူရွှေပြည်ဟိန်းဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

(AccountNo.0073020070169030l)

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စန်းဝင်းဦး ၅/ယမပ(နိုင်)ဝ၉၄၅၉၁ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၃၂၀၅၂၃၉

## မိဘအမည်မှန်

ယင်းမာပင်မြို့၊အထက နဝမတန်း(F)မှ မဌေးအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း၊ မိခင်အမည်မှန်မှာ ဒေါ်သန်းကြည် ဖြစ်ပါသည်။

ဦးအောင်ဝင်း-ဒေါ်သန်းကြည်

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ရခိုင်သို့ ဆန်များတင်ပို့



**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းအမှတ်(၆) ဆိပ်ခံဗောတံတားတွင် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၃ နာရီက အမ်ဗွီ အောင်ရတနာဝမ်း သင်္ဘောဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆန်များ တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါဆန်များမှာ ဧည့်မထဆန်ဖြူ တန် ၆၀၀ခန့် (ဆန်အိတ်ပေါင်း ၁၂၀၀၀) ဖြစ်ပြီး ယင်းဆန်များမှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်များသို့ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း သိရသည်။

ဆန်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပို့ဆောင်ပေးခြင်းဖြစ်ပြီး ဆိပ်ကမ်းတာဝန်ကျ မိုဘိုင်းတင်းမ်အဖွဲ့က စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။ ယင်းသင်္ဘောမှာ ဇန်နဝါရီ ၉ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ စတင်ထွက်ခွာမည်ဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါက ဇန်နဝါရီ ၁၂ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျော်မြင့်အေး**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း(နည်းပြ)ဆင့်ပွားသင်တန်းဖွင့်

**မင်းဘူး ဇန်နဝါရီ ၈**

မင်းဘူးခရိုင်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအတွက် စီမံကိန်း(နည်းပြ) ဆင့်ပွားသင်တန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၄ မြို့နယ်မှ သင်တန်းသား ၄၈ ဦးတို့အား တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြို့နယ် ၂၄ မြို့နယ်၊ ကျေးရွာ ၁၁၀ တွင် ဆောင်ရွက်ထားကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## (၁၀၂)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၈**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ ရွှေဘုန်းပွင့်စေတီတော် စနေသန့်ရှင်းရေး ဝေယျာဝစ္စအသင်းဥက္ကဋ္ဌ၊ ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်း၊ မေတ္တာဗျူဟာအဖွဲ့ အမှုဆောင်၊ သာသနာ့နုဂ္ဂဟအသင်း ရာသက်ပန်အသင်းဝင်၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) တွဲဖက်အတွင်းရေးမှူး (၂)၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းဝင်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဝင်၊ လူမှုထူးချွန် (ပထမဆင့်) ဦးမြင့်စိုး (အင်္ဂပူ)သည် ဒီဇင်ဘာ ၃၀ ရက်နံနက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ (၁၀၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။



**အောင်မြင့်ဆွေ**

---

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ - DS 860 Knitting Bag Flexographic Printing Machine, Pressure Transmitter & Temperature Element, Sewing Head (with Motor).

၂။ **နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Antifoaming Agent, Kuriflock PA-322B, Unicor LHS (Corrosion Inhibitor), Propylene Dichloride (PDC), Dimethyl Disulfide (DMDS), Methanator Catalyst, CO Primary Converter Catalyst, Resins.

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Propane (C3) Cylinder, I/P Converter, Filter Cloth for First Stage & Filter Cloth for Second Stage, Stainless Steel Solid & Rod for New RC Pump Spares, Cooler Tube (Bundles) for Synthesis Gas, Spare Parts for (Synthesis Gas Compressor, Process Air Condensate Pump & MP Carbonate Solution Pump) Spare Parts for(Carbamate Feed Pump, Molten Urea Pump, Flushing Pump, Absorber Feed Pump, Hydrolyzer Feed Pump & $CO_2$ Compressor), Differential Pressure Transmitter, Control Valve, Spare for Turbo Expander, Pneumatic Piston O-Type Hard Seal Valve, Spare for Feed Gas & Dry Gas Compressor.

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

လယ်ဝေးမြို့နယ်၊ ကန်သာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မစူးစူးဝေ၏ဖခင် ဦးမြင့်ဇော်(ခ)ဦးဇော်ကြီး ၉/လဝန(နိုင်)၀၆၄၁၁၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်(ခ)ဦးဇော်ကြီး**


ရိုလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ ချွန်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင်မိသားစုရွှေဆိုင်များတွင် လက်လီလက်ကားဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph - 09-4500-51313, 09-73156897, 01-200747 (Ext) 2008

ဦးလှသော+ဒေါ်ဝင်းမြင့်လွင် ရိုလုံရွှေဆိုင်ကြီး(ယုဇနပလာဇာ၊ဗညားဒလလမ်း၊ရန်ကုန်မြို့)

GUSTO Institute of Information Technology

အလုပ်အကိုင်အခွင့်အလမ်း အမြင့်မားဆုံး ICT နယ်ပယ်အတွက် အကောင်းဆုံး ပြင်ဆင်မှု

2015 January Intake အတွက် ကျောင်းအပ်နှံနိုင်ပြီ



HND Diploma in Computing (UK)
B.Sc (Hons:) Computing (UK)

UK နိုင်ငံ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်သည့် Edexcel နှင့် GUSTO - Institute of IT တို့မှ ပူးပေါင်း၍ သင်ကြားပို့ချသွားမည် ဖြစ်သည်။

Call Us: 01-503715, 09-86 28806

# 289 (A), Pyay Road, (Near Myay Ni Gone Bus-Stop), Sanchaung Township, Yangon

# ဗုဒ္ဓဘာသာတရားတော်အရ လူ့ဘဝပြဿနာဖြစ်ပေါ်ခြင်း၏အကြောင်းရင်းများနှင့် ဖြေရှင်းရန်နည်းလမ်းများ အပိုင်း(၂)

**သီတဂူဆရာတော် အရှင်ဉာဏိဿရ**

**အီရန်နိုင်ငံ Teheran မြို့၌ ကျင်းပသည့် ဘာသာရေးဆိုင်ရာအပြန်အလှန်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် အီရန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဌာနခွဲ၏ ဖိတ်ကြားမှုအရ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ ဗုဒ္ဓဘာသာခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အစ္စလာမ်ဘာသာနှင့် ဗုဒ္ဓဘာသာတို့အကြား အထင်အမြင်လွဲမှားမှုများကို ပယ်ဖျောက်ရန် အမြင်ချင်းဖလှယ်ခဲ့ရာ သီတဂူဆရာတော်ကြီး၏ အခမ်းအနားမိန့်ခွန်း အပိုင်း(၂)ကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အမျိုးဇာတ်မခွဲခြားဘဲ ဘယ်တိုင်းပြည်၊ ဘယ်ဘာသာကိုးကွယ်တဲ့ သူမဆို ဝိပဿနာတရားကို ကျင့်သုံးနိုင်ပါတယ်။ ဝိပဿနာတရားကို အားထုတ်ရင်း သက်ဆိုင်ရာမိမိတို့ဘာသာတရားကိုလည်း ကိုးကွယ်ပိုင်ခွင့်ရှိပါတယ်။ စိတ်ဓာတ်အစွန်းရောက်မှုတွေ၊ စိတ်ပင်ပန်းမှုတွေ၊ အစွဲသန်မှုတွေ၊ တစ်ယူသန်မှုတွေဟာ ပဋိပက္ခအမှုတွေကို ဖြစ်ပေါ်စေတဲ့ အတွင်းမာရ်နတ်တွေပါပဲ။

တကယ်တော့ ဘာသာပြောင်းခြင်း၊ မပြောင်းခြင်း၊ ပါတီပြောင်းခြင်း၊ မပြောင်းခြင်း၊ နိုင်ငံသားပြောင်းခြင်း၊ မပြောင်းခြင်းတို့ဟာ အရေးမကြီးပါဘူး။ conversion ပြောင်းလဲခြင်းဆိုတာဟာ negative mind စိတ်ညံ့တွေကို positive mind စိတ်ကောင်းအဖြစ်သို့ ပြောင်းဖို့ပဲ အရေးကြီးပါတယ်။ Violence ဆူပူသောင်းကျန်းခြင်းကို peace ငြိမ်းချမ်းခြင်းသို့ ပြောင်းရမှာဖြစ်ပါတယ်။ "မသိနားမလည်ခြင်း အဝိဇ္ဇာကို သိနားလည်ခြင်း ဝိဇ္ဇာသို့" ပြောင်းရမှာဖြစ်ပါတယ်။ ဝိပဿနာတရားမှာ ဤကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်တဲ့ အစွမ်းသတ္တိအပြည့်ရှိပါတယ်။

ယနေ့ ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာကြီးရဲ့ လူသားတွေမှာ အဆင့်အတိုင်းအတာ အမျိုးမျိုးရှိတဲ့ စိတ်အညစ်အကြေး စိတ်မသန့်ရှင်းမှု spiritual pollution တွေ ဖုံးလွှမ်းနေတာ တွေ့ရပါတယ်။

စက်ရုံ၊ အလုပ်ရုံနဲ့ မော်တော်ကား ထူထပ်တဲ့ မြို့ကြီးတွေဟာ air pollution လွှမ်းမိုးနေသလိုပါပဲ။

အဲဒီ spiritual pollution ဆိုတဲ့ စိတ်စေတသိက်တို့ရဲ့ ညစ်ညမ်းမှုတွေကတော့ မကျေနပ်မှုတွေ၊ မရောင့်ရဲနိုင်မှုတွေ၊ သဘောမတူနိုင်မှုတွေ၊ ငြင်းခုံမှုတွေ၊ အပြစ်တင်မှုတွေ၊ ခွင့်မလွှတ်နိုင်မှုတွေ၊ တစ်ဖက်သတ်ကျမှုတွေ၊ အစွဲလမ်းကြီးမှုတွေ၊ တစ်ယူသန်မှုတွေ၊ စိတ်ပူပန်မှုတွေ၊ ဆူပူခြင်းတွေ၊ ဆန္ဒပြခြင်းတွေ စသည်တို့ပဲ ဖြစ်ပါတယ်။

အဲဒီစိတ် ညစ်ညမ်းမှု spiritual pollution တွေဟာ လူ့အဖွဲ့အစည်းနဲ့ လူ့ပတ်ဝန်းကျင်ကို မကောင်းသော အကျိုးဆက်များစွာ ဖြစ်စေနိုင်ပါတယ်။ အဲဒီစိတ်ဓာတ်ညစ်ညမ်းမှုတွေဟာလည်း သင်ကြားဆုံးမခြင်းမရှိသော၊ ဟန်ချက်မညီသော စိတ်ဓာတ်၏ အကျိုးဆက်များ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်ုပ်တို့ နားလည်သင့်ပါတယ်။ "ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းနဲ့ ကျွန်ုပ်တို့ လူ့ပတ်ဝန်းကျင်ကို ဒီစိတ်ညစ်ညမ်းမှုတွေ spiritual pollution တွေ မလွှမ်းမိုးအောင် ကာကွယ်ကြရမှာပါ။ ဒီ spiritual pollution တွေ ရပ်သွားအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာပေါ်ရှိလူသားတွေဟာ spiritual pollution ကင်းတဲ့ ငြိမ်းချမ်းသာယာတဲ့ နေရာများကို ရှာဖွေနေရပါတယ်။ သို့သော် ဤရုပ်လောကကြီးထဲမှာ ကောင်းကင်ဘုံတမျှ နိဗ္ဗာန်နန်းတမျှ ချမ်းမြသာယာတဲ့ နေရာကို ဤကမ္ဘာမှာ ရှာမတွေ့ပါဘူး။

ကျွန်ုပ်တို့တစ်တွေ ကျွန်ုပ်တို့ negative mind ကို positive mind သို့ ပြုပြင်ပြောင်းလဲဖို့ လိုပါလိမ့်မယ်။ မလိုလားအပ်တဲ့ စိတ်ညစ်ညမ်းမှု negative spiritual pollution တွေကို ဖယ်ရှားခြင်းသည်သာလျှင် ကျွန်ုပ်တို့ လူ့အဖွဲ့စည်းနဲ့ လူ့ပတ်ဝန်းကျင်မှာ ငြိမ်းချမ်းခြင်းနဲ့ ညီညွတ်ခြင်းကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ထို့ပြင် စိတ်ဓာတ်ဟန်ချက်ညီမှု၊ စိတ်ဓာတ်တည်ငြိမ်မှု လူနဲ့ လူ့ပတ်ဝန်းကျင်တို့ရဲ့ ငြိမ်းချမ်းစွာ ဆက်သွယ်မှုတို့ကိုလည်း ဖွံ့စည်းတည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဤသည်ကား ဗုဒ္ဓတရားတော်က လူနဲ့ လူ့ပတ်ဝန်းကျင်ကို မည်မျှကာကွယ်စောင့်ရှောက်တယ်ဆိုတဲ့ သဘောတရားပဲ ဖြစ်ပါတယ်။

> Religion ရဲ့ အဓိပ္ပာယ် အနှစ်သာရအမှန်ကို မသိနားမလည်ရာက ပဋိပက္ခတွေဖြစ်ကြတယ်...



Islamic Culture and Relations Organization ရဲ့ Shahid Rahimi Conference Hall ကြီးမှာ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာနဲ့ အီရန် လေးနိုင်ငံ ဗုဒ္ဓဘာသာနဲ့ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များ စည်းဝေးနေကြတာဟာ လူနဲ့ လူ့ပတ်ဝန်းကျင်ကို မည်သို့ ကာကွယ်စောင့်ရှောက်ရမည်ကို ဆွေးနွေးနေကြတာ ဖြစ်ပါတယ်။ လေးနိုင်ငံဘာသာရေး ခေါင်းဆောင်တွေဟာ လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးနှင့် ညီညွတ်မှုဟာ ဘာသာတရားထဲမှာ ဘယ်လို အမြစ်တွယ်တယ်ဆိုတာ ရှာဖွေကြဖို့ပဲ ဖြစ်ပါတယ်။

ထို့ပြင်ရုပ်ဝတ္ထု၊ ရုပ်တရားများရဲ့ တိုးတက်မှုကိုသာ ဦးစားပေးတဲ့ ဤလူ့အဖွဲ့အစည်းမှာ သာမက စီးပွားရေး၊ ပညာရေး စတဲ့ ဆင်းရဲမွဲတေသော အောက်ခြေအဆင့်အထိ ဘာသာရေး အဆုံးအမတွေ နှံ့စပ်စိမ့်ဝင်အောင် ဘယ်လို စဉ်းစားဆောင်ရွက်ကြမလဲဆိုတဲ့ အကြောင်းအရာကို ဤနေ့ ဤနေရာမှာ ဆွေးနွေးနေကြခြင်းဖြစ်ပါတယ်။

စီးပွားရေး ဆင်းရဲမွဲတေသော (economical poverty)၊ ပညာရေး ဆင်းရဲမွဲတေသော (educational poverty) အောက်ခြေအဆင့် လူသားတွေရဲ့ လောကသို့ ကိုးကွယ်ရာဘာသာတရားတိုင်းရဲ့ အနှစ်သာရများ ရောက်ရှိသွားအောင် ကျွန်ုပ်တို့ စဉ်းစားကြရလိမ့်မယ်ဟု ယူဆရပါတယ်။ ဘာကြောင့်လဲဆိုရင် ပဋိပက္ခတွေဟာ အောက်ခြေအဆင့် grassroots level မှာစတင် ဖြစ်ပေါ်တယ်လို့ ကျွန်ုပ် သုံးသပ်မိပါတယ်။

နောက်တစ်ခု ကျွန်ုပ်သုံးသပ်မိတာက အောက်ခြေအဆင့် လူသားတွေဟာ မိမိတို့ ကိုးကွယ်ရာ ဘာသာတရားတိုင်းရဲ့ အဓိပ္ပာယ်မှန်နဲ့ အနှစ်သာရကို မသိရှိကြဘူး။ အဲဒီ အဝိဇ္ဇာတရားဟာလည်း ဒုက္ခ၊ ဒေါမနဿတရားအားလုံးတို့ရဲ့ အကြောင်းရင်းပါပဲ။ ဒါကြောင့် ယခုအချိန်မှာ ကျွန်ုပ်တို့တစ်တွေ လက်ချင်းဆက်၍ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး ပဋိပက္ခများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အထူးလိုအပ်တယ်လို့ ယုံကြည်ပါတယ်။

**မည်သည့် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး၊ ပဋိပက္ခများနဲ့ ဆူပူမှုများကို မဆို အပြင်းအထန် ကန့်ကွက်ကြောင်း၊ ရှုတ်ချကြောင်း ကျွန်ုပ် ဤနေရာက ကြေညာပါတယ်။ ဤကြေညာချက်ကို နိုင်ငံရေး၊ ဘာသာရေး၊ အမျိုးသားရေး ခေါင်းဆောင်အားလုံးတို့ လာရောက်လက်တွဲကြပါလို့ ကျွန်ုပ်တောင်းဆိုပါတယ်။**

**ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုများ၊ ရက်စက်ကြမ်းကြုတ်သော စစ်ပွဲများ၊ ဆူပူလှုပ်ရှားမှုများအားလုံးတို့ကို လုံးဝရှုတ်ချကန့်ကွက်ကြောင်း ကျွန်ုပ်ဤနေရာက ကြေညာပါတယ်။**

ဤကမ္ဘာကြီးမှာ လူသားတို့အားလုံး ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်ရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးတို့ကို တည်ဆောက်ရေးအတွက် ကျွန်ုပ်တို့တစ်တွေသည် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ဝန်ခံခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ အစွန်းမရောက်ခြင်း၊ သဘောထားကြီးခြင်း အစရှိတဲ့ positive mind များကို ကြိုးစားရှာဖွေစုဆောင်းကြပါစို့ဟု တိုက်တွန်းလိုပါတယ်။

ကြွရောက်လာတဲ့ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူကြီးမင်းများ "religion"ဆိုတဲ့ ပုဒ်ရဲ့အနက်အဓိပ္ပာယ်ကို နည်းနည်းစဉ်းစားဖော်ထုတ်လိုပါတယ်။ Religion ရဲ့ အဓိပ္ပာယ်အနှစ်သာရအမှန်ကို မသိနားမလည်ကြရာက ပဋိပက္ခတွေ ဖြစ်ကြတယ်လို့ ထင်ပါတယ်။

အကယ်၍သာ လူသားတွေဟာ မိမိကိုးကွယ်ရာ ဘာသာတရားတိုင်းရဲ့ ဆိုလိုသော အဓိပ္ပာယ်မှန်နှင့်အနှစ်သာရကို သိလည်းသိကြမယ်၊ သိသည့်အားလျော်စွာ လိုက်နာကျင့်သုံးကြမယ်ဆိုရင် ကျွန်ုပ်တို့ လူလောကကြီးမှာ ဘာသာရေး ပဋိပက္ခဆိုတဲ့ ကံဆိုးမိုးမှောင်ကျမှုတွေ ရှိတော့မှာမဟုတ်ပါဘူး။

ကျွန်ုပ်ကတော့ ဤနေရာမှာ religion for peace, religion for harmony, religion for security, religion for stability" ဘာသာတရားတိုင်းသည် လူသားတိုင်း၏ ဘဝငြိမ်းချမ်းရေး၊ သာယာရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက်ဟု ဘာသာပြန်လိုပါတယ်။

*ဆက်လက်ဖော်ပြပါမည်။*


# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးဟောက်ဒိုဆွမ်း(ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်နွဲ့နွဲ့အေး
(ယခင်နည်းပြ၊ စိတ်ပညာဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)တို့၏သား
မဇင်ရှန်ဟုန် (ပထမအတွင်းဝန်၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့)၏အစ်ကို

**မောင်ဒါးလ်ရှန်းမုန်**

**B.Sc (Information System), Landon Metropolition University-Lead Programmer, Advent Soft pte; Ltd**

**နှင့်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ
ဦးလှမိုး(Auditor, Concordia International Co.,Ltd.)-ဒေါ်သီသီဦး
(ခရိုင်စာရင်းစစ်အရာရှိ၊ ကလေးခရိုင်စာရင်းစစ်ရုံး)တို့၏သမီး
ဗိုလ်ကြီးဟိန်းဇော်မိုး(ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်)-ဒေါ်ချို့နွယ်ဝင်းတို့၏ညီမ

**မလွင်မိုးအောင်**

**M.C.Sc (Thesis), University of Computer Studies, Yangon.**
**Diploma in English (SEMEO CHAT)**

တို့သည် ၃-၁-၂၀၁၅ ရက်တွင် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးမိတ်သင်္ဂဟတို့၏ ရှေ့မှောက်၌စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဒါးလ်ရှန်းမုန်-မလွင်မိုးအောင်**



**ဦးမောင်သိန်း CP ၀၁၂၆၉၂၊ ဦးဇော်လွင် ၁၂/ကမန(နိုင်)၄၉၄၄၈၁ ပန်းတိုင်ဆောက်လုပ်ရေး၊ အမှတ် (၁၃၀)၊ တက်ခေတ်လမ်း၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့၊**

# သိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် (၁၃၇)နေ ဒေါ်သိင်္ဂီလေး ၁၃/တကန(နိုင်)၀၈၃၆၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၂-၁၂-၂၀၁၄ ရက်စွဲပါ ဦးမောင်သိန်းနှင့် ဦးဇော်လွင်၏ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အပေါ် အောက်ပါအတိုင်း အသိပေးပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

ဒေါ်သိင်္ဂီလေးအား ကျန်မောင်နှမများက ကိုယ်စားလှယ်လွှဲအပ်ထားပြီးဖြစ်ကြောင်း မူလအိမ်ဟောင်းကို ကန်ထရိုက်တာများဖြစ်သူ လူကြီးမင်းတို့မှဖျက်၍ ရောင်းစားပြီး အိမ်သစ်ကိုလည်း ဆောက်ပေးခြင်းမရှိကြောင်း စည်ပင်ခွင့်ပြုချက်မရှိဘဲ မြေတူးရာအလုပ်သမား တစ်ဦးဓာတ်လိုက်သေဆုံး၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း လူသေမှုအတွက် ကျပ်သိန်း(၅၀)ကုန်ကျကြောင်း စည်ပင်မှလက်ခံခြင်းမပြုသည့် Drawing အတွက် ကျပ်သိန်း(၅၀)ကို ရှေ့နေငှားရမ်း၍ ၂၅-၈-၂၀၁၄ ရက်က တောင်းခံကြောင်း၊ တောင်ကြီးမြို့မရဲစခန်းတွင် ဒေါ်သိင်္ဂီလေးအပေါ် တိုင်ချက်ရေးဖွင့်ထားခြင်းမရှိပါလျက် တိုင်ချက်ရေးဖွင့်ထားကြောင်း အများသိစေရန်ကြေညာခြင်း၊ ကြို့ပွိုင့်အဖြစ်တိုက်ခန်းများရောင်းထားကြောင်း၊ လျော်ကြေးတောင်းခံကြောင်း ကန်ထရိုက်တာများကိုယ်တိုင် ၁၀-၉-၂၀၁၄ရက်တွင် အဆောက်အအုံလုပ်ငန်းကို တရားဝင်စွန့်လွှတ်ပြီး တောင်ကြီးစည်ပင်၌ ပြန်လည်အပ်နှံထားကြောင်းနှင့် နှစ်ဖက်သဘောတူစာချုပ်တွင် တစ်နှစ်နှင့်ခြောက်လအတွင်း အကောင်အထည်ဖော်ပါမည်ဟု ကတိပြုခဲ့သော်လည်း တစ်နှစ်နှင့်သုံးလကြာသည်အထိ စည်ပင်ခွင့်ပြုချက်ရရှိအောင်ပင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ လူကြီးမင်းများဘက်မှ ကတိအတိုင်းဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အခြားကန်ထရိုက်ဖြင့် ဆက်လက်ဆောင်ရွက်ရန် အသိပေးကြေညာရခြင်းဖြစ်ပါသည်။ လောဘဇောတက်၍ ငွေတောင်းခံမှုမရှိပါကြောင်း လူကြီးမင်းတို့နှင့် ချုပ်ဆိုထားသည့်စာချုပ်မှာ အထက်ဖော်ပြပါကိစ္စရပ်များကြောင့် ပျယ်ပြယ်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**မျိုးမြင့် (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၄၂၆၂/၂-၁၀-၁၉၈၇)**
**အမှတ်(၁၃)၊ ငွေခွန်မှူးလမ်း၊ ဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့**



**အမည်ပြောင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၈) အလက(ခွဲ) ပဋ္ဌမတန်း(ခ)မှ (ဘ)ဦးနေအောင် ၉/ခအဇ(နိုင်)၀၀၉၁၈၅ ၏သား မောင်ခိုင်မြဲအောင်အား ယနေ့မှစ၍ မောင်ငြိမ်းချမ်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ငြိမ်းချမ်းဝင်း**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် AA-၅၀၄၀ Toyota Succeed NCP 5၊ SW-4 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ခိုင် ၈/ခမန(နိုင်)၁၀၀၉၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

# တရားမဝင်သစ်ခိုးထုတ်မှုများနှင့် သယ်ဆောင်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း သစ်တောဦးစီးမှ အရှိန်မြှင့်ဖော်ထုတ်

**ရန်ကုန် ဇန်နဝါရီ ၈**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် သစ်တောသယံဇာတများ စနစ်တကျ ကျန်ရှိစေရန်နှင့် တရားမဝင် သစ်ခိုးထုတ်ယူမှုများကို တားဆီးရန်အတွက် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ အရှိန်မြှင့် ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ်ဒီဇင်ဘာ ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရဲတန်းကြိုးဝိုင်း အကွက်(၂၇) အတွင်း ပျဉ်းကတိုးခွဲသားလေးချောင်း (၀ ဒသမ ၅၈၂၈ တန်ကို ပိုင်ရှင်မဲ့ တွေ့ရှိခဲ့ရပြီး စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းပေါ်၌ ကျွန်းခားရွေ တန် ၁ ဒသမ ၉၁၁၆ ရှိ သစ် ၃၂ ချောင်း၊ ဆိုက်တွဲယာဉ်နှစ်စီးနှင့်အတူ ပူးတွဲတွေ့ရှိရသူနှစ်ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရဲတန်းဘိနယ် ကြိုးပြင်အကွက်(၁၃၇)အတွင်း ကျွန်းသစ် ၀ ဒသမ ၄၅၂၂ တန်နှင့် သစ်မာမျိုးစုံ တန်ပေါင်း ၁ ဒသမ ၈၇၁ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနတိုးချဲ့-ပညာမှ ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောကြားသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ အနောက်မြောက်ဘက်တွင် တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၂၇၅၈ တန်၊ ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိသူတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃) အတွင်း တရားမဝင် တမလန်းသစ်ခွဲသား ၀ ဒသမ ၃၁၇၄ တန်ရှိ သစ်သားချောင်း ၁၂၀ အား ယာဉ်တစ်စီး၊ ယာဉ်မောင်းတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောများ အများဆုံးရှိရာ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း အလယ်နဝင်းကြိုးဝိုင်းအကွက်(၂၃)၌လည်း ဇန်နဝါရီ ၂ ရက်က ကျွန်းခွဲသား ၀ ဒသမ ၂၈၆၂တန်ရှိကျွန်းခွဲသား ၁၈ ချောင်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအတွင်းမှလည်း တရားမဝင် ကျွန်းသစ် ၂ ဒသမ ၅၈၄၈ တန်ရှိ သစ်လုံးရှစ်လုံးကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ပန်းတောင်းမြို့နယ် သံလည်ကြီးဘိနယ်အတွင်း ကျွန်းသစ် ၂ ဒသမ ၄၁၅၂တန်နှင့် အခြားသစ်မျိုးစုံ ၄ ဒသမ ၆၁၈၆တန်တို့ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ပေါက်ခေါင်းမြို့နယ် ပေါ်လံကြီးဘိနယ် အလယ်နဝင်းကြိုးဝိုင်းအတွင်း ကျွန်းသစ် ၆ ဒသမ ၄၄၅၄ တန်နှင့် သစ်မာ ၁ ဒသမ ၄၈၃၆ တန်တို့ကိုလည်းကောင်း သိမ်းဆည်းရမိထားကြောင်း သိရှိရသည်။

မြန်မာ့ကျွန်းသစ်နှင့် အခြားသောသစ်များမျိုးစုံမှာ ကြိုးဝိုင်းများနှင့် သစ်တောများအတွင်းမှ တရားမဝင်ခိုးထုတ်သူများကြောင့် များစွာထိခိုက်နေကြရပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေများသည်လည်း ဆုံးရှုံးနေသဖြင့် သစ်တောဦးစီးဌာနမှ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း ကာကွယ်တားဆီး ဖော်ထုတ်လျက်ရှိကြောင်း ဦးမင်းလွင်က ပြောကြားသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



## ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သတ်မှတ်နယ်မြေများတွင်သာ တရားဝင်ခွင့်ပြုချက်ဖြင့် မသုံးမဖြစ် လိုအပ်သော ဌာနဆိုင်ရာများမှအပ မည်သူမျှ မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုကြောင်း သတ်မှတ်ထားသည်။ ဆိုင်ကယ်စီးနင်းမှု မြင့်တက်လျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးမော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးဆောင်၍ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအထူးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းကာ နေရာရွှေ့ပြောင်း ရှောင်တစ်ခင် စစ်ဆေးအရေးယူခြင်းများ ပြုလုပ်လျက်ရှိသော်လည်း တရားမဝင်စီးနင်းသူ များပြားနေဆဲဖြစ်ကြောင်းသိရသည်။

ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ် တောင်ပိုင်းအမှတ်(၂) လမ်းမကြီးပေါ်တွင် နယ်မြေ(၆) တပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးစိန်ဝင်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးရာ လိုင်စင်ရှိ နယ်ကျော်ဆိုင်ကယ်လေးစီးကို နာရီဝက်အတွင်း စစ်ဆေးတွေ့ရှိရသဖြင့် စည်ပင်ဥပဒေအရ အရေးယူနိုင်ရန် စည်ပင်တရားရုံးသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## မော်ကျွန်း၌ ကွင်းချောင်းတာလမ်းမကြီး စုပေါင်းတာဖို့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈**

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် ထယ်ချောင်းကျေးရွာအုပ်စု ကွင်းချောင်းရွာမမှ မော်လမြိုင်ကျွန်း-ထယ်ချောင်း-ရာဇူဒိုင် လမ်းမကြီးသို့ ဆက်သွယ်သော ကျေးရွာချင်းဆက် ကွင်းချောင်းရွာမ တာဟောင်းလမ်းကြီးကို ရာသီမရွေးသွားလာနိုင်သည့် တာလမ်းအဖြစ် ပြုပြင်တာဖို့ပွဲကို ဇန်နဝါရီ ၆ ရက်က စတင်စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းချောင်းရွာမ တာလမ်းမပြုပြင်တာဖို့ရန်အတွက် ကွင်းချောင်းကျောင်းတိုက်ပဓာန နာယကဆရာတော် ဘန္ဒန္တအရိယာဝံသ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ တာလမ်းပြုပြင်ဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်ဦးနှင့် ကော်မတီဝင်များ၊ ထယ်ချောင်း၊ ကြပ်စဉ်ချောင်း၊ စော်ကဲချောင်းကျေးရွာအုပ်စု တာဝန်ရှိသူများနှင့် အဖွဲ့အစည်းပေါင်းစုံ၊ ကျေးရွာသုံးအုပ်စုမှ ဒေသခံပြည်သူများက ကွင်းချောင်းရွာမတာဟောင်းလမ်းမကြီးအား စုပေါင်းတာဖို့ခဲ့ကြခြင်းဖြစ်ပြီး တာလမ်းမှာ အရှည် ပေ ၂၇၀၀နှင့် တာလမ်းအကျယ် ရှစ်ပေ၊ တာလမ်းအမြင့် သုံးပေရှိကြောင်းသိရပြီး တာလမ်းကြီးပြုပြင်ပြီးစီးသွားပါက ကျေးရွာပေါင်း ၂၀ကျော်မှ မော်လမြိုင်ကျွန်းသို့ ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။ **မော်ကျွန်းမြင့်အောင်**


# မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန်ဒုတိယ) အဆင့် ဦးကိုကိုအေး (အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)** အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေပါကြောင်း မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်။

**(ဗိုလ်မှူးကြီးညွန့်တင်)-ဒေါ်စုစုမေ**
**ဦးလှိုင်မြင့်ဦး(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်လေးရီ**
**ဦးကျော်ကျော်ဝင်း(တတိယအတွင်းဝန်၊ မြန်မာသံရုံး)-ဒေါ်ယဉ်ယဉ်မြင့်(ကွာလာလမ်ပူ)**
**ဦးသီဟ(Threepower Cattd)-ဒေါ်ကေသီဝင်း**
**တူ၊ တူမများ-မောင်စိုးစည်စိမ် (Beihang University Beijing)**
**မောင်ကျော်ကိုကို[Final Part II(ဆေး-၁)]**
**မစုမြတ်နိုး[Final Part II ဆေး(၁)]**
**မောင်ပြည့်စုံအောင်(Grade 7 ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)**

## ငှားမည်

မင်းဓမ္မကွန်ဒို(B)၂၄၀၀ စတုရန်းပေ၊ အဆင့်မြင့် အသင့်နေထိုင်ရန်ပြင်ဆင်ပြီး။
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၅၁၅၄၃၂၊ ၀၉-၂၆၀၂၆၀၀၃၆၊ ၀၉-၃၁၃၇၃၇၃၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝမ်းဘဲအင်းကျေးရွာ၊ မင်းလမ်းနေ ဦးကျော်ငွေ-ဒေါ်ခင်မာနွယ်တို့၏သမီးကြီး မဆောင်းဟေမာကျော် ၇/ပခန(နိုင်)၂၇၀၁၉၁သည် မိဘ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ငွေ-ဒေါ်ခင်မာနွယ်**
**ဝမ်းဘဲအင်းကျေးရွာ**

## အများသိစေရန်

ကျွန်တော် ဦးစိုင်းလူထွေး ၁၃/သပန(နိုင်)၀၀၂၅၄၈မှ နိုတြီရွေ့နေ ဦးလှဝင်းရှေ့မှောက်တွင် ဦးနိုင်ဝင်းခက် ၁၂/မဂတ(နိုင်)၀၂၁၃၇၄အား ၂၀၁၄ခုနှစ် ဧပြီလ ၁ရက်တွင် ဝန်ထမ်းရေးရာ ကိစ္စများအတွက် ဆောင်ရွက်ရန် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် 184/p အားပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုင်းလူထွေး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဂန့်ဂေါမြို့နယ် အုံ့တုံးတောင်နှင့် ကျောက်ဂူတောင်တို့အနီးဝန်းကျင်ကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာသွားမည်

**ဂန့်ဂေါ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိအထင်ကရနေရာများဖြစ်ကြသည့် အုံ့တုံးတောင်တောရ ဓမ္မရိပ်သာနှင့် ကျောက်ဂူတောရ ဓမ္မရိပ်သာဝန်းကျင်ဒေသများတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာသွားမည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ယင်းနေရာဒေသများအား ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်ရန် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်ပြီး အုံ့တုံးတောင်ကြိုးပြင်ကာကွယ်တောသည် ဧက ၅၂၀၀ နှင့် ကျောက်ဂူကြိုးပြင်ကာကွယ်တောသည် ဧက ၈၀၀၀ အကျယ်အဝန်းအသီးသီးရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းနေရာဒေသများသည် အင်တိုင်းတော၊ ဝါးတောကြီးများအဖြစ် တည်ရှိနေဆဲဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ငယ်များ ကျင်လည် ကျက်စားလျက်ရှိကြသည်။

ဂန့်ဂေါမြို့နယ်သည် ၆၀၈၈၂၃ ဧက ကျယ်ဝန်းပြီး ကြိုးဝိုင်းတော ၂၆၈၂၉၆ ဧက၊ ကြိုးပြင်ကာကွယ်တော ၉၅၂၂၈ ဧက၊ စိုက်ပျိုးမြေ ၆၃၈၆၇ ဧက၊ မြေရိုင်း ၂၈၉၅ ဧကနှင့် အခြားမြေ ၁၇၈၅၃ ဧက အသီးသီးရှိရာ သစ်တောဖုံးလွှမ်းမှု ဧရိယာသည် မြို့နယ်စုစုပေါင်း ဧရိယာ၏ ၅၉ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# နှစ် ၈၀ သက်တမ်းရှိ ကင်းထောက်ရုံး ပြင်ဆင်ပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ နှစ်ပေါင်း ၈၀ သက်တမ်းရှိ ကင်းထောက်ရုံးအဆောက်အအုံကို ပြန်လည်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ဖွင့်ပွဲကို မကြာမီကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်းထောက်ရုံးအဆောက်အအုံကို ၁၉၃၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရမည်းသင်းမြို့၏ သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရသည်။ နှစ်ကာလရှည်ကြာလာ၍ ဟောင်းနွမ်းပျက်စီးလာသော အဆောက်အအုံကို ရှေးမူမပျက် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲကျင်းပရန် ကင်းထောက်လူငယ်မောင်မယ်များ၊ ဘင်ခရာနှင့် ပန်းပွားအကအဖွဲ့များဖြင့် လေ့ကျင့်လျက်ရှိသည်။ **အတ်ကလေး(ရမည်းသင်း)**



အဆောက်အအုံဖွင့်ပွဲကျင်းပရန် ကင်းထောက်လူငယ်များ ဇန်နဝါရီ ၆ ရက်က လေ့ကျင့်စဉ်။

# မရွှံ့မစောင်း မှန်လမ်းကြောင်းကို

အသက်ကြီးပြီး အထီးကျန်နေတဲ့ အားကိုးရာမဲ့ဘိုးဘွားတွေအတွက် ကျန်ရှိနေသေးသည့်အချိန်ကို စိတ်ချမ်းသာစွာ ဖြတ်သန်းနိုင်ဖို့ မေတ္တာနဲ့ ကူညီစောင့်ရှောက်မယ့် Save The Aged ပရဟိတအဖွဲ့အစည်းကို လွန်ခဲ့တဲ့ ငါးနှစ်တုန်းက လူငယ် ၁၅ ဦးက အွန်လိုင်းမှာစုစည်းပြီး စတင်ဖွဲ့စည်းခဲ့တယ်။ အားကိုးရာမဲ့ ဘိုးဘွားတွေရဲ့ နေရေးစားရေးကိစ္စတွေကို ပြုစုထောက်ပံ့ဖို့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကိုအခြေခံပြီး အခြားလူမှုရေးနဲ့ ပရဟိတလုပ်ငန်းတွေကိုပါ လုပ်ဆောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့တဲ့ Save The Aged အဖွဲ့ဟာ သက်တမ်းငါးနှစ်ပြည့်မြောက်တဲ့ ၂၀၁၅ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)မှာ ဘိုးဘွားရိပ်သာတစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ ရိပ်သာကို တောင်ဒဂုံမြို့နယ် (၁၄၆)ရပ်ကွက် သံလွင်လမ်းမှာ ဖွင့်လှစ်ထားပါတယ်။

"ရိပ်သာမှာ ဘိုးဘွားအယောက်ငါးဆယ် ဆံ့ပါတယ်။ အသင်းအနေနဲ့ စောင့်ရှောက်ပေးခဲ့တာ ဘိုးဘွား ၅၃ ယောက်ရှိပြီး ခုချိန်အထိ သက်ရှိထင်ရှား ၃၄ ယောက်ကျန်ပါတယ်။ အဲဒီ ၃၄ ယောက်လုံးကို ရိပ်သာကို ခေါ်ပြီးစောင့်ရှောက်ပေးဖို့ စီစဉ်ထားပါတယ်။ ပရဟိတသီးသန့်အသင်းဖြစ်ပြီး ဘိုးဘွားတွေကို လူမျိုးဘာသာမရွေး ပြုစုစောင့်ရှောက်နေပါတယ်" လို့ အသင်းတာဝန်ရှိသူ မဖြိုးသီရိက ပြောပါတယ်။ အသင်းအနေနဲ့ ဘိုးဘွားတွေရဲ့ ကျန်းမာရေးအနေနဲ့ တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ်စသဖြင့် စစ်ဆေးတာ၊ ဆေးရုံတက်ဖို့လိုရင်လည်း လိုက်လံပြသပေးတာ၊ အခါကြီးရက်ကြီးတွေမှာ ကန်တော့ပွဲလုပ်တာတွေ ဆောင်ရွက်ပေးလျက်ရှိတယ်လို့ မဖြိုးသီရိက ဆက်ပြောပြပါတယ်။

Save The Aged အဖွဲ့မှာ မြန်မာနိုင်ငံကတင်မကဘဲ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ ဒူဘိုင်း၊ ဂျပန်စတဲ့နိုင်ငံတွေကိုရောက်နေတဲ့ မြန်မာလူငယ်တွေပါ အမာခံအသင်းဝင်တွေအဖြစ်ပါဝင်နေပြီးတော့ **"ငါတို့ဖြစ်ရ၍လောကဝယ် ဘဝသမိုင်း မရှိုင်းစေရန် စိတ်မာန်မချ မာနမပါ ဒို့စွမ်းရာဖြင့် ဒို့သာသနာ ဒို့ပြည်ရွာကို သာယာစေမှု လုံ့လပြုအံ့။ အများအကျိုး ရွက်သယ်ပိုးက ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း မရွှံ့မစောင်း မှန်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့"** ဆိုတဲ့ ဆောင်ပုဒ်ကဗျာအတိုင်း ဆက်လက်လုပ်ဆောင်သွားကြမယ်လို့ အသင်းဝင်တွေက ဆိုပါတယ်။ ။

**သန်းမောင်(ရန်ကင်း)**

ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)

၁၂ ရက် -၉-၅ သိန်း / ၁၅ ရက် -၁၀-၅ သိန်း (ကိုယ်ကျွေးအပါ)

-နိုဝင်ဘာ ၃ ၊ ၁၇ ၊ ဒီဇင်ဘာ ၁ ၊ ဇန်နဝါရီ ၂၆ ၊ ဖေဖော်ဝါရီ ၉ နှင့် ၂၃ (အားလုံးပြည့်) ၊ မတ် ၉ (၅လို) ၂၃ (၂၇လို) ၊ ဧပြီ ၆ (၁၉လို) ၊

-အောက်တိုဘာ ၃ ၊ ၁၇ ၊ ၃၀ ၊ နိုဝင်ဘာ ၇ ၊ ၁၄ ၊ ၂၁ ၊ ၂၈ ၊ ဒီဇင်ဘာ ၅ ၊ ၁၂ ၊ ဇန်နဝါရီ ၉ ၊ ၁၆ ၊ ၃၀ နှင့် ဖေဖော်ဝါရီ ၆ (အားလုံးပြည့်) ၊ ၁၃ (၈လို) ၊ ၂၀ (ပြည့်) ၊ ၂၇ (၂လို) ၊ မတ် ၂ (၁၁လို) ၊ ၆ (၂လို) ၊ ၁၃ (၂၂လို) ၊ ၂၃ (၁၉လို) ၊ ၂၇ (၂၀လို) ၊ ဧပြီ ၃ (၃၀လို) ၊ ၁၀ (၂၃လို)

Air Bus A 320 လေယာဉ်ကြီးဖြင့်သာ

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဘီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၅၂၊ ၆၅၅၅၈၈၅၊ ၀၉-၅၆၀၀၀၂၃၊ ၀၉-၅၆၀၀၄၄၄

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

Ph : 09-512-1284, 09-420-707802

ROYAL SUN 01-212651, 09-30309551

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်စောဖေယျာဟန် ၁၃/ဆဆန(နိုင်)၀၃၀၂၀၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၁၆၃၈၂၁

ပျောက်ဆုံးကြောင်း
ကျွန်မ မအေးသာ ၁၃/တကန(နိုင်)၁၄၆၃၂၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၅၃၁၆၆၇

ပြင်ဦးလွင် - မြေကွက်ရောင်းမည်
(45 x 65)
ဈေးနှုန်း-(650)သိန်း
09 40 255 1485

| [illegible] |
| --- |
| [illegible] |

ကြော်ငြာ

# ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် (ဦးငြိမ်း)၏ဇနီး **သီရိသုဓမ္မသင်္ဂဇေါ်အုန်းကြင် OK မိသားစုမိခင်ကြီး**အား ၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဇ်ဘွဲ့တံဆိပ်** အပ်နှင်းခြင်းခံရသည့်အတွက် OK ဆန်စက်နှင့် ဆန်၊ ဆီရောင်းဝယ်ရေးမိသားစုများမှ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အမျိုးဘာသာသာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ချစ်သားသမီးများ - ကိုဝင်းနိုင်-(မမေနွယ်ဦး)၊**
**(ကိုကျော်ကျော်)-မချိုချို၊**
**ကိုဝင်းဇော်-မနုနုဝေ၊**
**ကိုဌေးလွင်-မဝင်းဝင်းမော်**

**ချစ်မြေးများ - စိုင်းသီဟနိုင်၊ စိုင်းအောင်ဇေယျာဦး၊**
**စိုင်းအာကာကျော်၊ မော်မော်ဟိန်းဌေး၊**
**မောင်ဥက္ကာကျော်၊ နန်းသီရိနိုင်၊**
**မငြိမ်းငြိမ်းစု၊ မယဉ်မွန်ကျော်၊**
**မမေဖြူစင်၊ မောင်သန့်မင်းခန့်၊**
**မောင်ဘုန်းမင်းခန့်**

**OK ဆန်စက်နှင့် ဆန်၊ ဆီရောင်းဝယ်ရေးဝန်ထမ်းများနှင့်လုပ်သားများ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် (ဦးငြိမ်း)၏ဇနီး **သီရိသုဓမ္မသင်္ဂဇေါ်အုန်းကြင် OK မိသားစုမိခင်ကြီး**အား ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဇ်ဘွဲ့တံဆိပ်** အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**သီဟသုဓမ္မမဏိဇောတဓရဦးစိုးသိမ်း-သီရိသုဓမ္မသင်္ဂဇေါ်ဆင်နု**
**(ရွှေနဒီသယ်ယူပို့ဆောင်ရေးနှင့်နဒီရွှေဝါကုမ္ပဏီလုပ်ငန်းစု)**
**ဦးသောင်းရင်-(ဒေါ်သိန်းကြည်) မန္တလေးမြို့**
**မခင်ခင်မြင့်နှင့်မောင်နှမများ(အောင်ရတနာသိဒ္ဓိပွဲရုံ)**
**ဦးဝင်းအောင်-ဒေါ်သန်းသန်းနု (ပင်းတယ၊ တောင်ကြီးမြို့)**

## ကြော်ငြာ

**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်ပေါ်တွင်တည်ဆောက်နေသော ဗဟာရောဇာဓိဆရာတော်သပိတ်မြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးသော ဓာတ်မိုးတွင်း(၅)ထပ်ကျောင်းဆောင်သစ်ကြီး၏ (၂)ထပ်ပြီးစီးခြင်း ရုပ်ရှင်ဗီဒီယိုခွေအားဖြင့် ဓမ္မမင်္ဂလာအခမ်းအနား ဖိတ်ကြားခြင်း**

အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့ ဓောမိသုသမ္ပတ္တိ မြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ အရှင်မြတ် ဦးဆောင်၍ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်(၃၂၄၀၀) စတုရန်းပေရှိသောမြေကွက်ကြီးကို သာသနာ့ဝတ္ထုကမြေအဖြစ် ဝယ်ယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၅-၁၂-၂၀၁၄ (သောကြာနေ့)တွင် တည်ဆောက်နေသော ဓာတ်မိုးတွင်း(၅)ထပ်ကျောင်းဆောင်သစ် ကြီး၏ (၂)ထပ်တည်ဆောက်ပြီးစီးခြင်း ဓမ္မမင်္ဂလာအခမ်းအနားကိုအဆိုပါကျောင်းဆောင်သစ်ကြီးတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

အထက်ပါအခမ်းအနားတွင် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော် **ဒေါက်တာအရှင်ဉာဏိဿရ** မထေရ်မြတ်ကြီးမှ ကြွရောက်ချီးမြှင့်ဩဝါဒကထာ ဟောကြားတော်မူခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမြေမြတ်တွင်ကျင်းပပြုလုပ်ခဲ့ သော ဓမ္မမင်္ဂလာအခမ်းအနားပွဲသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ခဲ့ကြသော ဒကာ၊ ဒကာမများ တို့၊ ဆရာတော်ဘုရားတို့ကို **ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ** ကိုယ်တိုင်ကြွရောက်ဖော်ပြရှင်းလင်းချီးမြှင့်မည် ဖြစ်ပါသောကြောင့် ဒါယကာ၊ ဒါယိကာမများ ကိုယ်တိုင် ရောက်ရှိ၍ သာဓုခေါ်ဆိုနိုင်ကြရန် အတွက် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်- ၁၁-၁-၂၀၁၅ (တနင်္ဂနွေနေ့) အချိန်- ညနေ ၃ း ၀၀ နာရီ မှ ညနေ ၅ း ၀၀ နာရီအထိ
နေရာ- ရခိုင်ပြည်နယ်ခန်းမ၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း- ၀၁-၂၉၆၄၄၆၊ ၀၁-၃၉၃၈၈၉၊ ၀၉-၅၁၆၅၈၇၁၊ ၀၉၅၁၀၃၅၂၂၊ ၀၉-၄၂၄၈၇၉၅၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဖော်ပြပါ ပညာရေးကောလိပ်၏ ... RC ... လုပ်ငန်းဆောင်ရွက်လိုပါသဖြင့် ... အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | ၉-၁-၂၀၁၅ရက် |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက် | ၂၅-၁-၂၀၁၅ရက် |
| တင်ဒါဖွင့်ဖောက်မည့်ရက် | ၂၆-၁-၂၀၁၅ရက် |

ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ
... ပညာရေးကောလိပ်

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
၂၀၁၄-၁၅ခုနှစ် အသင်းနှစ်ပတ်လည် ... ပညာထူးချွန်ဆုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ
...
၂၀၁၄ ... (ရန်ကုန်)

ဂုဏ်ထူး ဦးအောင်ခိုင် (အငြိမ်းစား)
သမိုင်းတံခွန် ဦးထွန်းနွယ်
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း/ အထူးအဆင့်မြင့်ဘော်ဒါ
မူလတန်း၊ အလယ်တန်း၊ အထက်တန်း
Ali-Dugan TOP TEN VIP-1
ရန်ကုန်မြို့အနီး ကျောင်းတကာနှင့်အည်၊ ... ဖုန်း 01-577 505, 09 470 74649

UEC
OFFICIAL PRIVATE SCHOOL
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING
Why We Choose UEC ?
• Fully-Air Con ... Lab Facilities, PA System, Multimedia, Extracurricular Activities, Excursion နှင့် Study Tour ...
• ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
... GUIDE ... MA,MSc ...
Ph: 01 539875, 09 3165 6973, 09 515 7988, 09 50 80476, 09 730 56707

## စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း

... (B.Sc, But)
နှင့်
... (LL-B,LL-M,M'Res)
...

EAGLE GUEST HOUSE
ရန်ကုန်လေဆိပ်၊ ... EAGLE ...
ဖုန်း- ၀၁ ၆၅၀၀၈၀
၀၉ ၅၃၀၄၃၆၅၃
၀၉ ၃၂၂၂၅၆၆၇
၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

## အမည်ပြောင်း

...




## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လေးထောင့်ကန်)၊ မြေကွက်အမှတ် ၇၉၃၊ မြေကွက်တည်နေရာအမှတ်၁၉၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်လှမယ်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လှမယ်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စိုးစိုးသန်း ၁၂/သဃက(နိုင်) ၀၉၂၈၈၈၊ ဦးမြတ်ကျော် ၁၂/သဃက(နိုင်) ၀၉၂၆၇၉၊ ဦးအောင်မိုး ၁၃/ရစန(နိုင်) ၀၀၄၁၄၅၊ ဒေါ်မိမိငယ် ၁၂/သဃက(နိုင်) ၀၉၁၅၈၃တို့က ပါမစ်မူရင်းတင်ပြ၍ ဂရန်လျှောက်ထားလာရာတွင် တင်ပြထားသော ပါမစ်မှာ မပြည့်စုံသဖြင့် ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၂၂၄၊ မြေကွက်တည်နေရာ အမှတ် ၂၂၄၊ လယ်သမား ၁ လမ်း၊ ၂၁ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဒေါ်ယဉ်ယဉ်သန်း (WKA-၀၂၁၃၂၀)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်သန်း ကွယ်လွန်သဖြင့် ဦးအေးသန်း ၁၂/ဥကမ(နိုင်)၁၂၄၃၉၅ ကတစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးအေးသန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၈၀၉ / ၁၉-၁၁-၁၄) ရသူ ဒေါ်သူဇာယဉ် ၁၂/ရကန(နိုင်)၀၂၃၅၈၉ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၁၄/က၊ မြေကွက်တည်နေရာအမှတ် ၂၁၄/က၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ရွှေးမြင့်၊ ဒေါ်ခင်သန်းတင့်၊ ဦးအုန်းသင်၊ ဦးလှဝင်း၊ ဦးမြင့်စိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရွှေးမြင့်၊ ဒေါ်ခင်သန်းတင့်၊ ဦးအုန်းသင်၊ ဦးလှဝင်း၊ ဦးမြင့်စိုး တို့အား တရားပြိုင်ထား၍ ဦးမင်းအောင်ကျော်က တောင်ဥက္ကလာပမြို့နယ်၊ တရားမရုံးတွင် တရားလိုပြု၍ တရားမကြီးမှုအမှတ် ၈၁/၁၄၏စီရင်ချက် ဇာရီမှုအမှတ် ၆၃/၁၄၏အမိန့် ၁၂-၈-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြပြီး တရားရှုံး(ကိုယ်စား)ဘီလစ် ဒေါ်နန့်ဆန်း သိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ


# " ရန်ကုန်စတော့အိတ်ချိန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ "

၁။ မြန်မာနိုင်ငံတွင် အရင်းအနှီးစျေးကွက်ဖွံ့ဖြိုးလာစေရေးအတွက် ကနဦးခြေလှမ်းအဖြစ် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်း စတင်တည်ထောင်ပြီး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ဥက္ကဋ္ဌ ၊ အတ္တာရေးဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းက ရန်ကုန်စတော့အိတ်ချိန်းနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဟောပြောမည် ဖြစ်ပါသည် -

ဟောပြောမည့်ပုဂ္ဂိုလ် - ဒေါက်တာ မောင်မောင်သိန်း (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ) ဒုတိယဝန်ကြီး၊ အတ္တာရေးဝန်ကြီးဌာန

ကျင်းပမည့်နေ့ရက် - ၁၈.၁.၂၀၁၅ (တနင်္ဂနွေ)

ကျင်းပမည့်အချိန် - နံနက် ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီအထိ

ကျင်းပမည့်နေရာ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်တာဝန်ကြီးများ၊ ဥပဒေရေးရာပညာရှင်များ၊ စိတ်ပါဝင်စားသူများအားလုံး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

Diamond Sponsored : GRAND GUARDIAN INSURANCE, YOUNG Investment Group, Capital Life Insurance

Organized by Worldlink W.E.S Group PH: 09-260282332



ဘောဂဗေဒဌာန၊ နှစ်(၉၀)ပြည့် နဝရတ်ရတု အာဆီယံအောင်မှတ် အာရှစီးပွားရေးကျွမ်းကျင်ပွဲ ဖိတ်ကြားလွှာ

MEA



# ၂၀၁၄-၂၀၁၅ အဌမတန်း

အတန်းတင်စာမေးပွဲအောင်ပွဲဝင်အထူးထုတ်

# educator

မြန်မာနိုင်ငံတစ်ဝန်းအဖွဲ့က ထုတ်ပြန်ထားသောမေးခွန်းပုံစံအတိုင်း အဖြေပေး ရေးသားနည်းနှင့်အညီရေးသားပြုစုထားသော မေးခွန်း၅ စုံ ပါဝင်သည်။

ထွက်ပြီ


**ကန့်ကွက်နိုင်ပါကြောင်း**

ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၁၄၄တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၆စီ၂ ၊ မြေကွက်အမှတ် V Class 60၊ မြေပိုင်မြေအမျိုးအစား၊ Ahmed Eusoof Mamsa အမည်ပေါက်မြေအား စာချုပ်အမှတ် ၁၀၂၇/၁၉၂၉၊ စာချုပ်အမှတ် ၁၃၁၁/၁၉၃၇၊ ရန်ကုန်တိုင်း တရားရုံးတွဲဖက်(၄)ရုံး၏တရားမကြီးမှု ၃၉/၂၀၀၁၏ ၁၉-၈-၂၀၀၃ရက်စွဲပါ စီမံအုပ်ချုပ်ခွင့်ရှိသော မူတာဝါလီလူကြီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် တားဝရမ်းအမိန့်၊ တိုင်းတရားရုံးတရားမကြီးမှု ၂၀၀၃/၂၀၀၅၏ ၂၅-၁၀-၂၀၀၅ ရက်စွဲပါ အီးအေမန်ဆာဝကပ်ဖ်ပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာအမိန့်တို့ကိုတင်ပြ၍ အီးအေမန်ဆာဝကပ်ဖ် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


NUS (GDip.SA) ဝင်ခွင့်သင်တန်း

ISS Institute of Systems Science

Graduate Dip: in Systems Analysis

17 Jan 2015 စမည်။

Application Form စတင်လက်ခံနေပြီ။

စီးပွားရေးတက္ကသိုလ်

MBA/DMA ဝင်ခွင့်

GMAT, Reasoning & English

Sec A & B 10 Jan နှင့် 19 Jan 2015 စမည်

ORION Business School 09 5115997


**ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဖယ/၅၅၃၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၄/ဒဒရ(နိုင်) ၀၈၄၄၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

**ဖခင်အမည်မှန်**

ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ အထက (၄)၊ အဌမတန်းမှ မမိုးမိုးအောင်၏ဖခင်အမည်မှန်မှာ ဦးလေးမောင် ၁၃/ကလန(နိုင်)၀၂၇၈၈၆ ဖြစ်ပါသည်။

**ဦးလေးမောင်**

**ဥတုရာသီ တောကိုမှီ**

**ကန့်ကွက်နိုင်ပါကြောင်း**


# မဟာရေကုမ္ပဏီလီမိတက်





**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကန့်ကွက်နိုင်ပါကြောင်း

**လုပ်ငန်းနှင့်ခြံအမြန်ရောင်းမည်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးအနီး၊ နဝဒေးအိမ်ရာရှေ့ (စီးပွားရေးလုပ်ငန်းမြေကွက်)၊ ပေ(၇၅×၁၀၀)ထောင့်ကွက်၊ မျက်နှာစာနှစ်ဖက်ရှိ ဂရန်မြေ လက်ရှိ တစ်လ ကျပ် ၃၅ သိန်းဝင်ငွေရှိသော လုပ်ငန်းအပါအဝင် ညှိနှိုင်းဈေးဖြင့်ရောင်းမည်။ အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၅၁၄၄၄၅၂၊ ၀၉-၈၆၃၄၅၁၀**

**ပြင်ဆင် ဖတ်ရှုပါရန်**

၁၄-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)၊ ကော်လံ ၅/၆ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာ၏စတုတ္ထစာကြောင်း (၂၀၁၄ခုနှစ်၊ တရားရုံးတော်)ကို ပယ်ဖျက်(ချန်လှပ်)၍ ဖတ်ရှုပါရန်။

ကြော်ငြာ

# မြေးဦးသမီးလေးအတွက် အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘိုးဘိုး ဦးတင်ဝင်း-ဘွားဘွားဒေါ်သိန်းသိန်းဦးတို့၏မြေးဦး သမီးလေးအား ၂၉-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့ပါသော သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အိအိအောင်နှင့် ဒေါက်တာဒေါ်ငြိမ်းမိုးသော်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးစိုးနိုင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းအေးနှင့် ဝိတိုရိယဆေးရုံကြီးမှ တာဝန်ကျဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ဘိုးဘိုး ဦးတင်ဝင်း-ဘွားဘွား ဒေါ်သိန်းသိန်းဦး**
**ဒယ်ဒီ-ဒုရဲအုပ်အောင်ကိုသက်-မာမီမခိုင်ဇာတင်ဝင်း**
**နှင့်**
**GREEN ISLAND SCHOOL I & II မှ ဆရာ၊ ဆရာမများ**

# ကျေးဇူးတင်လွှာ

အမေရိကန်နိုင်ငံနေ ဦးလှိုင်မျိုးဟန်-ဒေါ်နီမာညွန့်တင်တို့၏တစ်ဦးတည်းသောသား မောင်လှိုင်ဖြိုးဟန်နှင့် စင်ကာပူနိုင်ငံနေ ဦးမော်စီလွင်-ဒေါ်မူယာခင်တို့၏သမီးကြီး မဖြိုးယမုံနာတို့၏ ၁၉-၁၂-၂၀၁၄ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးပါသော Capt ဦးစိုးလွင် ညွှန်ကြားရေးမှူး (ငြိမ်း) ရေကြောင်း ဦးစီးဌာနနှင့် ဇနီးဒေါ်ခင်စန်းတင့်၊ လက်ထပ်မင်္ဂလာပန်းကုံး ဆင်မြန်းပေးပါသော ဒေါက်တာဦးမြင့်ဟန် [စက်မှုစီးပွားထူးချွန်ရှင်နှင့် Sweden နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် The Royal order of the polar star first class နှင့် သူကောင်းဘွဲ့(Knight)အခြားချီးမြှင့်ခံရသော မြန်မာနိုင်ငံဆိုင်ရာ Sweden နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်]နှင့်ဇနီး ဒေါ်ခင်မြင့်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းဝတ်ဆင်ပေးသော (အမျိုးသားလူ့အခွင့်အရေး ကော်မတီအဖွဲ့ဝင်) ဦးဇော်ဝင်းနှင့်ဇနီးဒေါ်နွယ်နီခမ်း၊ ရွှေဆောင်လမ်းပြ ဖွဲ့ဦးထက်နှင့် အမရာမင်း၊ မင်္ဂလာပန်းကြဲပေးသော Jill Jeremiah, Citra မင်္ဂလာပန်းကုံးဗန်းကိုင်ပေးသော မခင်စပယ်ဘို၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ပေးသော မဆုမြတ်ချယ်၊ သတို့သားအရံများဖြစ်ကြသော လှိုင်သက်ထွေး၊ David Wan, Haig Harboyan ရဲအောင်မင်း၊ သတို့သမီးအရံများဖြစ်ကြသော မယဉ်မျိုးသူ၊ မယဉ်မင်းဖြိုး၊ မမြတ်ဆု၊ Yulia၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မသီရိရဲအောင် မင်္ဂလာအခါတော်ပေးသီချင်းနှင့် တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေပေးသော A1 ဦးစိုးမြင့်နှင့်အဖွဲ့၊ လက်ကိုင်ပန်းနှင့်ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မဇူဇူ(Zu Zu Collection)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော မိတ်ကပ်မေဦးစံနှင့် အဖွဲ့၊ ဗီဒီယိုမှတ်တမ်းနှင့် ဓာတ်ပုံများရိုက်ကူးပေးသော ကိုလင်းထွန်းနှင့်အဖွဲ့၊ ၁၉-၁၂-၂၀၁၄ရက်ညတွင် Chatrium Hotel(Pool Side)၌ကျင်းပသော မင်္ဂလာညစာစားပွဲနှင့် ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့)တွင် မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများ Sedona Hotel Chatrium Hotelတို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မင်းကွန်းတိပိဋကကျောင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ကိုလှိုင်ဖြိုးဟန်နှင့်မဖြိုးယမုံနာခင်**

## ကလေးမြို့
## အထက (၃)စိန်မေရီကျောင်း (၁၉၆၄-၂၀၁၄)၏
## နှစ် (၅၀)ပြည့်ရွှေရတုပွဲ၊ (၇)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ပူဇော်ပွဲ
## ဆုတောင်းပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ
# ဖိတ်ကြားလွှာ

အထက(၃) နှစ်(၅၀)ပြည့်ရွှေရတုပွဲ (၇)ကြိမ်မြောက် အငြိမ်းစားဆရာ/မကြီးများအားပူဇော်ပွဲ၊ ဆုတောင်းပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက (၃) ကျောင်းဝင်းအတွင်း အောက်ပါအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အထက (၃) စိန်မေရီ ကျောင်းတော်ကြီးတွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ/မကြီးများ၊ လက်ရှိပညာသင်ကြားပေးနေကြသော ဆရာ ဆရာမများ၊ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၊ ပညာသင်ကြားနေဆဲ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ပါဝင်ဆင်နွှဲကြပါရန် ဖြစ်မြောက်ရေးကော်မတီမှ ရိုသေလေးစားခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အငြိမ်းစားပင်စင်ယူပြီးသောဆရာ ဆရာမကြီး (၆၀)ကျော်အား ပူဇော်ကန်တော့မည်ဖြစ်ပါသည်။

**အစီအစဉ်**

၁၇-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၈နာရီ **“ရွှေရတု”** အထိမ်းအမှတ်အားကစားပွဲ၊ ဖျော်ဖြေပွဲနှင့် **အမှတ်တရဈေးရောင်းပွဲ**

၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက်၉:၀၀နာရီ **“ရွှေရတု”** အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ဖွင့်ပွဲ

**မွန်းလွဲ ၁:၀၀နာရီ ဆရာကန်တော့ပွဲ၊ ဆုတောင်းပွဲ**
**ညနေ ၆:၀၀နာရီ စာပေဟောပြောပွဲ**

အထက (၃)စိန်မေရီကျောင်း၏ နှစ်(၅၀)ပြည့်ရွှေရတုပွဲ၊ (၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဆုတောင်းပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအတွက်လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ မိမိတို့တတ်နိုင်သည့်ဘက်မှ (sponser) ပေးလိုလျှင်သော်လည်းကောင်း၊ အသေးစိတ်သိရှိစုံစမ်းလိုလျှင်သော်လည်းကောင်း အောက်ဖော်ပြပါကျင်းပရေးကော်မတီများထံ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးချို ဖုန်း-၀၉-၂၅၆၁၅၇၁၄၇၊ ၀၉-၄၀၀၄၂၁၉၆၃၊ (ရန်ကုန်)ဆရာဦးလွယ် ဖုန်း-၀၉-၇၉၅၈၀၁၆၂၂၊ (မန္တလေး) ကိုအောင်ဇော်မိုး ဖုန်း-၀၉-၂၀၁၆၄၇၇၊ ၀၂-၈၀၁၆၆၊(ကလေး) ကိုမောင်မောင်အေး(ကိုအဲ)ရှန်ဟိုင်း ဖုန်း-၀၉-၄၇၀၇၃၂၅၃၊ ဒေါ်စုစုရည် (နှင်းသက်သက်ဝေ) ဖုန်း-၀၇၃-၂၁၈၂၈၊ ကိုညီညီလင်း (Linnet) ဖုန်း-၀၉-၄၀၀၄၇၃၀၇၄**

## အထက(၁)မြောက်ဥက္ကလာပမြို့နယ် ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၅၉မှ ၂၀၁၄အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ကျောင်းအုပ်ကြီးများ၊ ၁၉၅၉-၁၉၈၉ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမများနှင့် ၁၉၈၀-၂၀၁၄ အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ပါသည်။

အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား/ ကျောင်းသူဟောင်းများအားလုံးစုံညီတွေ့ဆုံ ကုသိုလ်ယူပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ် ကြားအပ်ပါသည်။

| **အာစရိယပူဇော်ပွဲကျင်းပမည့်အစီအစဉ်** | **အလှူငွေများလှူဒါန်းရန်** | |
|---|---|---|
| **ကျင်းပမည့်အချိန် -မွန်းလွဲ ၁:၀၀နာရီ တိတိ** | ဒေါ်ဆောင်းသီတာ | ဖုန်း-၀၉-၅၀၀၄၃၁၉ |
| **ကျင်းပမည့်ရက် -၁၁-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)** | ဦးအောင်မြင့်ကြည် | ဖုန်း-၀၉-၅၁၅၇၈၆၁ |
| **ကျင်းပမည့်နေရာ -အထက(၁)မြတ်ခရေခန်းမ** | ဦးထွန်းထွန်းဦး | ဖုန်း-၀၉-၅၀၀၉၈၉၇ |
| | ဦးမျိုးဆွေ | ဖုန်း-၀၉-၅၀၀၉၇၅၇ |
| | ဒေါ်ဝင်းမာထွန်း | ဖုန်း-၀၉-၅၀၉၆၇၀၄ |
| | ဦးတင်စိုး | ဖုန်း-၀၉-၅၀၉၀၃၉၄ |
| | ဒေါ်ငြိမ်းမွန်မွန်နွယ် | ဖုန်း-၀၉-၄၃၀၆၄၁၈၀ |

**(၂၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၃**

ဒေါ်သန်းသန်း **နှင့်** ၁။ ဒေါ်တင်တင်သိန်း
၂။ ဦးညွန့်အေး
၃။ ဒေါ်ကြည်ကြည်ဆွေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၀၇၀)နေ (၁)ဒေါ်တင်တင်သိန်း၊ (၂)ဒေါ်ကြည်ကြည်ဆွေ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သန်းသန်းက ပဋိညာဉ်နှင့်အညီ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ၂၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၁**

ဦးမင်းသန့်(ခ)စရဝဏ္ဏ **နှင့်** ၁။ ဦးလှသန်း
၂။ ဒေါ်မြတ်သူဇာထွေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၁၂၂၁/ခနေ(၁)ဦးလှသန်း၊(၂)ဒေါ်မြတ်သူဇာထွေး(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမင်းသန့်(ခ)စရဝဏ္ဏက ပဋိညာဉ်နှင့်အညီ အရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အရိုင်းစုကျေးရွာနေ ဦးစောလယ်လား၏သား စောရီးလယ်ထူး၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်နံပါတ်အရ ၁၈-၁-၁၉၉၄ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/7399၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စ/၃၂၀၆၊ Hyundai Porter II PU 4×2 ယာဉ်လက်ဝယ်ရှိသူ ဦးတိုးနိုင် ဝင်း ၁၂/အစန(နိုင်)၂၃၁၂၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊မြေကွက်အမှတ် (၄၁၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၁၀/ခ)၊ မေယုလမ်းသွယ်၊ ၄/တောင်၊ သာကေတမြို့နယ်၊ ဦးသောင်းရွှေ ၁၂/သကတ(နိုင်)၀၇၆၉၂၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးသောင်းရွှေ(ဖခင်)နှင့် ဒေါ်လှကြည် (မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးသန်းအောင်(လူပျိုကြီး)ဘဝဖြင့်ကွယ်လွန်သဖြင့် ကျန်သားသမီးနှင့် ညီ၊ ညီမတော်စပ်သူများဖြစ်သော ၁။ ဒေါ်ချိုတူးမာ ၁၂/သကတ(နိုင်)၀၇၆၉၀၈၊ ၂။ ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၇၄၃၂၇၊ ၃။ ဦးရန်မျိုးအောင်၁၂/သကတ(နိုင်)၀၇၆၂၀၈၊၄။ ဒေါ်ချိုချိုဝင်း ၁၂/သကတ(နိုင်)၀၅၇၀၄၁၊ ၅။ ဒေါ်သီတာဝင်း ၁၂/သကတ(နိုင်)၁၂၇၇၃၂၊ အမှတ်စဉ် (၁)၊(၂)၊(၄)၊(၅)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၇၆၈/၂၀၁၄)ရသူ ဦးရန်မျိုးအောင်မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်တင်မိုး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ ချင်းတွင်းလမ်း၊ ဘီ-၁နေ ဦးဆန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ဇနီး ဒေါ်တင်တင်မိုး အသက်(၆၅)နှစ်သည် ၅-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လဇွမ်ဂျီးဂျန်

**အသက်(၇၆)နှစ်**

သူငယ်ချင်း ဗိုလ်မှူးဘရန်ရှောင်(ငြိမ်း) - ဒေါ်နော်အဲလီဇဘက်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လဇွမ်ဂျီးဂျန်သည် ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၅)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင့်လှိုင် - ဒေါက်တာလှမြသွေးဣန္ဒြာ (ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန)၊ (ကျန်းမာပညာ)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးရင် အသက်(၉၃)နှစ်သည် ၃-၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁၂း၀၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း**

## ဒေါ်ခင်ကြည် အသက်(၇၆)နှစ်

လှိုင်ကော်မြို့၊ မိုင်းလုံး ၂၃၇၊ ဝါဆိုကျောင်းလမ်းနေ (ဦးစံညွှန့်-ဒေါ်နှင်းမြိုင်)တို့၏သမီး၊ (ဦးဆရာလေး-ဒေါ်ပြုံး)တို့၏သမီးချွေးမ၊ [ဦးအောင်ကျော် (အင်/ချုပ်၊ ပြည်သူ့ဆောက်လုပ်ရေး၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးလှထွန်းနိုင်-ဒေါ်နန်းဟွမ်ခမ်း၊ ဦးအာကာစိုး-(ဒေါ်နန်းဟွမ်လျှမ်)၊ ဦးအောင်ဖုန်းဝေ၊ ဒုတိယဗိုလ်မှူးကြီးရန်နောင်-ဒေါ်ပန်းသူဇာ၊ မပန်းနီလာ၊ အောင်ဖုန်းစည်၊ မပန်းသန္တာထွေး၊ ဦးရဲနိုင်ထွန်း-ဒေါ်ပန်းသန္တာမျိုးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၅ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ် ၇(B)၊ သုံးလွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဦးခင်ညိုလှိုင် B.Sc (Forestry)

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊သစ်ထုတ်ရေးဌာန၊မြန်မာ့သစ်လုပ်ငန်း**
**အောင်ဆန်းသူရိယလှသောင်းကျောင်းသားဟောင်း**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၄၆-B၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်နေ [ဒုတိယဗိုလ်မှူးကြီးခင်ညို(ငြိမ်း) - ဒေါ်တင်ကျော့ကျော့]တို့၏သား၊ (ဦးဝင်းဖေ)-ဒေါ်ခင်ခင်စိန်တို့၏သားသမက်၊ ဦးခင်ညိုကျော်-ဒေါ်ဝင်းကြူကြူတို့၏ညီ၊ ဗိုလ်မှူးမောင်မောင်ဝင်းဖေ(ငြိမ်း)-ဒေါ်စန်းစန်းလွင်၊ ဦးကြူသိန်းအောင်-ဒေါ်သီတာဝင်းဖေ(ခေတ္တ-USA)တို့၏အစ်ကို၊ ဒေါ်မိမိဝင်းဖေ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်ညိုဝေမွန် (Northampton General Hospital UK)၊ ကိုခင်ညိုညီထွေးတို့၏ချစ်လှစွာသောဖခင်သည် ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရဲထွန်း

**အထက(၁)လမ်းမတော် (စိန့်ဂျွန်း)ကျောင်းသားဟောင်း**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၉လမ်း၊ အမှတ် ၃၈၊ မြေညီထပ်(ယာ)နေ (ဦးအုန်း-ဒေါ်မြသောင်း)တို့၏သားထွေး၊ ဦးတင်ထွန်း(မြန်မာ့အာမခံ၊ ငြိမ်း)-ဒေါ်မြင့်မြင့်စန်း(မြန်မာ့အာမခံ)၊ ဦးကျော်ကျော်နိုင် 2/0 (F.G)-ဒေါ်မြမြသွယ်၊ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်စု၊ (ဦးလှထွန်း)တို့၏ညီ/မောင်၊ ကိုကျော်ကျော်-မမေအိအိစံ၊ ကိုသုနောင်ထွန်း-မအေးအေးကျော်၊ မချောစုဝင်း၊ မောင်ကျော်စိုးဟန်၊ မောင်ထူးမြတ်ကျော်နိုင်၊ မောင်အောင်ခန့်ဖြိုးတို့၏ဦးလေး၊ မောင်သုတထွန်း၏အဘိုးသည် ၈-၁-၂၀၁၅ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်အေး(ခ)
## ဦးပါကြီး (မြိတ်)

**ရာသက်ပန်အသင်းဝင်အမှတ်-၁၁၂၅**
**အသက်(၈၇)နှစ်**

မြိတ်မြို့၊နောက်လယ်ရပ်နေ (ဦးတော်မီ-ဒေါ်တင်ညွှန့်)တို့၏သား၊ (ဦးအင်ဟောင် - ဒေါ်ကြင်ဟွာ)တို့၏ သားသမက်၊ မြိုင်သာယာရပ်၊ မြိုင်သာယာလမ်း၊ အမှတ် ၁၀၃(A)နေ ဒေါ်ရှုစင်၏ခင်ပွန်း၊ ဦးဝင်းအေး-ဒေါ်မေဖောင်း၊ ဒေါက်တာဦးအောင်ကြည်-ဒေါ်ကေသီအေး၊ ဒေါ်ကြူကြူအေး၊ ဦးကျော်စွာအေး-ဒေါ်တင်တင်အေး၊ ဦးဝင်းငယ်(ခ)ဦးဝင်းလွင်အေး-ဒေါ်နီနီသိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် မော်လမြိုင် မြန်မာပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်ဝင်းစမ်းမြိုင်

**ညွှန်ကြားရေးမှူး၊ သူနာပြု(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ် ၇၂နေ (ဦးမြိုင်-နော်ဖလော်ရာမြိုင်)တို့၏သမီးကြီး၊ (ဦးဂျွန်မြိုင်)-ဒေါ်ဖြူတီ၊ (ဦးမောရစ်ဆင်မြိုင်)-ဒေါ်ရှုဘီ၊ (စောလဲနေမြိုင်)တို့၏ ညီမ၊ ဦးစောဒယ်နီယယ်-(နော်လူးဝစ်မြိုင်)၊ စောထွန်းလင်း-(နော်အဒိုးရီမြိုင်)တို့၏အစ်မ၊ [စောဟေ(လ်)တန်ချော]၏ဇနီး၊ တူ၊ တူမ ၂၂ယောက်တို့၏ အဒေါ်၊ စောဂျွန်မတ် - နော်ဂျွန်ထူးလေတို့၏မိခင်၊ စောအယ်လယ်သခရစ်ဂျွန်၏အဘွားသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၉-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဆရာမန်းသောင်းတင် (ဟင်္သာတ)

**အလက(၅)ဟင်္သာတ၊ (ယခင် ကွန်းဗင့်ကျောင်း)**
**အလက(၁)ဟင်္သာတ၊ (ယခင် နေရှင်နယ်ကျောင်း)**
**အလက(အဖျောက်ကျောင်း) ဆရာဟောင်း**
**အသက်(၉၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ သီရိ ၂လမ်း၊ အမှတ် ၄၇၁နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ မန်းဖရက်ဒီ-ဒေါ်ရီရီသန်း၊ နန့်ခရစ်တီးနား-မန်းဝင်းတင်၊ နန့်စီစီသောင်း-ဦးထွန်းလွင်၊ မန်းတင်ဝင်း-ဒေါ်ဝါဝါဝင်း၊ နန့်ချိုချိုသောင်း-ဦးမင်းမင်း၊ နန့်ဖြူဖြူသောင်း-စောနေဒွန်း၊ နန့်အေးမာထွေးသောင်းတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၇ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၅ရက် နံနက် ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကျောင်းအုပ်ဆရာကြီး ဦးနု (B.A Ed BEd) (သုံးခွ)

**ကျောင်းအုပ်ကြီး(ငြိမ်း)၊ အထက(၁)အင်းစိန်**
**အထက(သုံးခွ)၊ အထက-၃(မင်္ဂလာဒုံ)၊ အထက-၄(ဇန်းမော်)၊**
**အထက(ပြွန်တန်ဆာ)၊ အထက(လှော်ကား)၊ အထက-၁(အင်းစိန်)**
**အသက်(၈၈)နှစ်**

သုံးခွမြို့နေ (ဦးဘ-ဒေါ်ဖွားခင်)တို့၏သား၊ ခရမ်းမြို့နေ (ဦးစံညိမ်း-ဒေါ်အေးသွယ်)တို့၏သားသမက်၊ (ဦးထွန်းတင်)၊ (ဦးစိန်လှိုင်)၊ ဒေါ်ခင်ကြည်၊ (ဦးလှဖေ)တို့၏ညီ/မောင်/အစ်ကို၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ ကန်လမ်းနှင့် ဒေါနလမ်းထိပ်၊ ရွာမအရှေ့၊ အမှတ် ၁၀၀နေ ဦးထွန်းလှကြိုင်(ကားလုပ်ငန်း)-ဒေါ်ခိုင်ဇင်နု(အထက-၂၊ အင်းစိန်)၊ ဒေါက်တာခင်မောင်ထွန်း(ကျော်ဆေးကုသခန်း)-ဒေါ်အေးမဥ္ဇူနု(Sales Admin Manager)(Co Ca-cola Pinya Beverages Myanmar Ltd.)တို့၏ဖခင်၊ မောင်အောင်ကောင်းမြတ် (BA Eng Y.U.F.L Translater)၊မောင်ဉာဏ်လင်းမောင်(Myanmar Aviation Academy)၊ မခိုင်ဆုမြတ်ထွန်း(2nd MB ဆေးတက္ကသိုလ်-၂)တို့၏အဘိုး၊ (ဆရာမကြီးဒေါ်အုံးရီ)၏ခင်ပွန်းသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းညွန့်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် ၁၆၀၄(ခ)နေ (ဦးဘလူ-ဒေါ်မြရီ)တို့၏သမီး၊ (ဦးစံညွှန့်)၏ဇနီး၊ (ဦးအောင်စိုး)၊ ဒေါ်စွဲ့ယဉ်ခိုင်၊ ဒေါ်ညွှန့်ညွှန့်ဝင်း (အထက-၃၊ တာမွေ)၊ ဒေါ်ခင်ခင်အေး(အထက-၄၊ ဒဂုံတောင်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဖရန်စစ်(ခ)ဦးတင်ဖေ

**တရားရုံးချုပ်(ဦး/ရှိ) (ငြိမ်း)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ ၂လမ်း၊ အမှတ် ၁၆နေ (ဒေါ်စိုးစိုး)၏ခင်ပွန်း၊ သံတွဲမြို့နေ(ဦးမောင်ဖေ-ဒေါ်မယ်ခင်)တို့၏သား၊ စစ်တွေမြို့နေ(ဦးမောင်ဖြူ)၏သားသမက်၊ စစ်တွေမြို့နေ(ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့)၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်လှရှင်၊ (ဦးလှဒင်) - ဒေါ်နှင်းမြိုင်တို့၏ ညီ/မောင်၊ ဒေါ်ခင်လှ-ဦးမောင်မောင်တို့၏အစ်ကို၊ ဦးလှဌေး-ဒေါ်သန်းသန်းအေး၊ (ဦးတင်စိုး)-ဒေါ်မြတ်ရီ၊ ဦးတင်အေး၊ ဦးမျိုးမြင့်သိန်း-ဒေါ်ဝင်းဝင်းနိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် မရမ်းကုန်း(ခဝဲခြံ) မင်းသုံးပါးဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ထိန်လင်းထွဏ်း

**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်နေ ဦးတင်ဝင်းကျော် - (ဒေါ်မြင့်မြင့်ဝင်း)တို့၏ သားထွေး၊ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်နေ ဦးစိန်သန်းဦး-ဒေါ်ဦးမြယဉ်တို့၏သားသမက်၊ ကိုဇော်ဝင်းထွဏ်း-မစိုးစိုးနု၊ကိုသက်နိုင်ဝင်း-မသန်းသန်းအေး၊ ကိုနိုင်ဝင်းထွဏ်းတို့၏ညီငယ်၊ ကိုသန်းအောင်ကျော်-မခင်သန္တာတို့၏ ညီ/မောင်၊ မမီမီစိုး၊ မောင်အောင်ခိုင်သန်း၊ မောင်အောင်ငယ်ဟိန်းတို့၏ အစ်ကို၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၄လမ်း၊ အပိုင်း ၄၊ အမှတ် ၅၁၇၊ လေးလွှာ (B)နေ မနွယ်နွယ်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထိန်လင်းထွဏ်း(ခ)ET(ခ)ဘိုထိန်သည် ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊ ဓမ္မာရုံ၊ စောင်းတန်းဒါယကာကြီး**

## ဦးပန်းစိန်

**(မုဒုံမြို့၊ ရေးမြို့၊ မြစ္စာညို)**
**အသက်(၇၅)နှစ်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ ရှင်အရဟံလမ်း၊ အမှတ် ၄၄နေ (ဦးအုန်းဖေ-ဒေါ်ညွှန့်)တို့၏ချစ်လှစွာသောသားထွေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊အမှတ် ၆၅/၇၀၊ အခန်း ၀၃-၀၉၊ ငွေချမ်းသာချမ်းသာ ဂုဏ်ရောင်ကွန်ဒိုနေ ဒေါ်မြသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းညွှန့်-ဒေါ်သီတာမွန်၊ ဒေါ်အေးအေးမြင့်(JAT)၊ ဒေါ်သီသီစိုး(စင်ကာပူ)၊ ဒေါက်တာခင်ခင်ထွေး (လက်ထောက်ဆေးရုံအုပ်၊ စံပြဆေးရုံကြီး၊ သဃ်္ဃန်းကျွန်း)၊ ဒေါ်ချိုချိုသိန်း(စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မခင်မြတ်မြတ်ဆု၏အဘိုးသည် ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီနှင့် စံပြဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတို့တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမဒေါ်ခတီဂျာဘီဘီ(ခ)
## ဒေါ်စန္ဒီးယား(ခ)မီးမီး

**အသက်(၄၅)နှစ်**

တောင်ကြီးမြို့နေ (ဦးဒယ်ဘိုသာမန်)-ဒေါ်ငွေစန်းတို့၏သမီး၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း ၁၂၀၊အမှတ် ၅၆နေ(ဟာဂျီဦးပါ)-ဟာဂျီမဒေါ်တင်တင်မြင့်တို့၏သမီးချွေးမ၊ ဟာဂျီဦးအောင်မိုး (စိုး ကားမောင်းသင်တန်း)၏ဇနီး၊ ကိုဝင်းနိုင်-မမိုးဖြူသဲ၊ မောင်အောင်ကိုကိုဦးတို့၏ချစ်လှစွာသောမိခင်သည် ၈-၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၉-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေးဥယျာဉ်တော်သို့ ဂျွလ်မာအပြီး ဒွါဖနာပြုလုပ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ညွန့် (အလိန်လည်)

**မြန်မာ့မီးရထား(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ အလိန်လည်ကျေးရွာနေ (ဦးထွန်းမြိုင်-ဒေါ်ပန်းစိန်)တို့၏ သား၊ သဘော့ချောင်းကျေးရွာနေ (ဦးပန်းဇုံ-ဒေါ်ပု)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊မြို့သစ် ခ/၄လမ်းနေ ဒေါ်တင်ငွေ၏ခင်ပွန်း၊ ဦးဆွေဝင်း-ဒေါ်နွဲ့ကြည်၊ (ဦးမောင်မောင်ဆွေ)- ဒေါ်သင်းယုခိုင်၊ ဦးတင်ကိုကို၊ ဦးတင့်လွင်-ဒေါ်ခင်ခင်ငွေ၊ ဒေါ်ရီရီချို (အင်းစိန် စည်ပင်)၊ ဦးတက်တိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၁-၂၀၁၅ရက် ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သုံးဆယ်မြို့အသင်း(ရန်ကုန်)**
**ဂုဏ်ထူးဆောင်အသင်းဝင်**
**(ကန်တော့ခဲ)**

## ဒေါ်သိန်းဟန်(ခ)
## ဒေါ်မြင့်မြင့်သိန်း

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မြို့မရပ်ကွက် (၁)၊ လမ်းမတော် ၄လမ်း၊ ပရိတ်ဝေါ(လ်)ကွန်ဒို၊အမှတ် ၅၀၃၊ငါးလွှာနေ ဦးမြစိုး၏ဇနီးသည် ၇-၁-၂၀၁၅ရက် နံနက် ၄း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မေစန်း(မော်ကျွန်း)

**အသက်(၈၁)နှစ်**

(ဦးသုခ - ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဦးအောင်သန်း) - ဒေါ်နှင်းမေ (မော်ကျွန်း)၊(ဦးဝင်းဖုက်-ဒေါ်လှသန်း)မော်ကျွန်းတို့၏ညီမ၊ (ဒေါ်ခင်အေးကြည်)၊ ဦးချစ်လှိုင်၊ ဒေါ်ခင်မြင့် (ဇလွန်လမ်း၊ စမ်းချောင်း)တို့၏အစ်မ၊ (ဦးဝင်းတင်)၏ဇနီး၊ ဦးခင်မောင်ဦး(MD Treasure Mansion Co.,Ltd.)၊ ဒေါ်မြင့်မြင့်အေး (ရွှေစံအိမ်ပရိဘောဂ)၊ ဦးမျိုးညွှန့်၊ ဒေါ်တင်ဥမ္မာတို့၏မိခင်၊ မောင်ဘုန်းမြတ်မင်း (ပထမနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မရွှန်းလဲ့ဖြူ(အထက-၁၊ ဒဂုံ)၊ မမြကြာဖြူ(အထက-၁၊ဒဂုံ)၊ မလဝန်းသော်တာတို့၏အဘွားသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(တိုက် ၂၃၊ အခန်း ၄၁၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ သဃ်္ဃန်းကျွန်းနှင့်လမ်း၄၀ အထက်လမ်းတို့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းမြင့်

**(တပ်ကြပ်၊ ငြိမ်း)**
**အသက်(၇၅)နှစ်**

မုံရွာမြို့၊ကိုးပင်ရွာနေ(ဦးဘမောင်-ဒေါ်လှအေး)၊ (ဦးကျော်သန်း-ဒေါ်ဒေါ်ခွေး)တို့၏သားကြီး၊ ပဲခူးမြို့၊ ဇိုင်း/တောင်၊ ကန္နားလမ်းနေ (ဦးညွှန့်-ဒေါ်မြကြည်)တို့၏သားသမက်၊ဦးမှတ်ကြီး၊ ဒေါ်ရင်ရင်၊ ဦးကံညွှန့်-ဒေါ်စိန်စိန်၊ ဦးသန်းဝင်း-ဒေါ်လှရွှေ၊ ဒေါ်မြစန်း၊ ဦးသန်းဌေး-ဒေါ်မြင့်ကြည်တို့၏အစ်ကိုကြီး၊(ဦးကျော်မြင့်)-ဒေါ်အေးရီ၊ (ဦးစိုးမြင့်ဝေ-ဒေါ်သွင်သွင်အေး)၊ (ဦးလှမြင့်)-ဒေါ်အေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်လွင်၊(ဦးကျော်ဇင်မြင့်)၊ (ဦးခင်မောင်ချစ်)-ဒေါ်ခင်အုန်းမြင့်တို့၏ညီ/မောင်၊ ဒေါ်မူမူမြင့်၊ ဦးစိန်လှိုင်-ဒေါ်လှလှမင်း၊ ဒေါ်ဝင်းဝင်းမြင့်တို့၏ အစ်ကို၊ မနီနီသန်းမြင့်အေး (ITC-Bado)၊ မအေးစုလှိုင်၊ မောင်ဇော်မျိုးလှိုင်-မဇာဇာသန်းမြင့်အေးတို့၏ ဖခင်၊ မောင်မြတ်ကောင်းခန့်၏အဘိုး၊ ဒေါ်အေးလေး၏ခင်ပွန်းသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ ကမ်းနားလမ်း၊ ဇိုင်း/တောင်၊ အမှတ် ၃၈၄ နေအိမ်မှ ဖော်တော်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# ကြော်ငြာ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဥူးသုမန

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင် ပုပ္ပါးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥူးသုမန သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါရှိ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ပုပ္ပါး၊ ဖိုလ်ဝင်တောင် ခရီးဆက်သာသနာပြုအဖွဲ့၊ အလောင်းတော်ကဿပ သာသနာပြုအဖွဲ့ ပဓာနနာယကဆရာတော်သည် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) ၇-၁-၂၀၁၅ရက် နံနက် ၁း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။(ဈာပနကျင်းပမည့်ရက်အား ထပ်မံကြေညာပါမည်။) တပည့် ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဝိသုဒ္ဓါစာရ (အဂ္ဂမဟာပဏ္ဍိတ) (မဟာဒွါရ)

**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝိသုဒ္ဓါစာရ (အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) ၁၅-၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဟင်္သာတမြို့သုသာန်၌ အဂ္ဂိဈာပနကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ဈာပနကော်မတီအဖွဲ့၊ဘုရားကြီးကျောင်းတိုက်၊ဟင်္သာတမြို့

## ဦးတင်လှ(ခ)ဖထီးလှ အသက်(၇၅)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**အောင်ဘာလေသိန်းဆုဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စကားမြွား၊ အစုကြီးကျေးရွာနေ (ဦးမြညွှန့်-ဒေါ်အေးဘဏ်)တို့၏သားထွေး၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးစိုးလှ-ဒေါ်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၃၁နေ ဒေါ်သန်းသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးကျော်လွင်ဦး(ငြိမ်း)-ဗိုလ်ကြီးနန့်စိုးစိုးမင်း(ငြိမ်း)၊ ဦးအောင်မျိုးမင်း(Regards Engineering Co.,Ltd.)-ဒေါ်သန္တာစိုး(လ/ထညွှန်မှူး၊ ဟိုတယ်/ခရီး)၊ ကိုလင်းထင်၊ ကိုနေလင်း(ခေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောဖခင်၊ မအင်းကြင်းဆု(Grade -IX, A, အထက သုဝဏ္ဏ)၊ မမေသက်ထားလင်း (FISC Pre School)တို့၏အဘိုးသည် ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၇း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ (B.A, B.Ed) အသက်(၇၄)နှစ်

**အလက(၁)လမ်းမတော်(ငြိမ်း)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၆၃နေ(ဦးသိန်းပို-ဒေါ်ကျင်ယုံ)တို့၏သမီး၊ (ဦးလူလေး-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ဦးသိန်းနိုင်(ဘူမိဗေဒအရာထမ်း၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်စပယ်နိုင်(ခေတ္တ-စင်ကာပူ)၊ ဦးကျော်ထွေး-ဒေါ်ခင်သဇင်နိုင်(Myanmar DHL Ltd.)၊ (မောင်ထွန်းမင်းနိုင်)တို့၏မိခင်၊ မောင်ကောင်းစည်သူ၊ မဆုရတီ၊ မောင်လင်းထွဋ်ခေါင်တို့၏ အဘွားသည် ၈-၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၅ရက် (စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်ဥ အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊မြသီတာလမ်း၊ အမှတ် ၅၄၅/ဘီနေ (ဦးကျော်ရင်-ဒေါ်စိန်)တို့၏သမီး၊(ဦးကြည်စိန်)၏ညီမ၊ (ဦးသန်းလွင်-ဒေါ်အေးမိ)၊ (ဦးမောင်မောင်) - ဒေါ်အေးမြင့်တို့၏ အစ်မ၊ ဦးရဲမြင့် - ဒေါ်နှင်းနှင်းဝေ၊ ဦးထွန်းလင်း၊ ဦးအောင်မိုးမိုး-ဒေါ်ခင်မာလာ၊ ဦးမြင့်ကြည်-ဒေါ်နန်းမြအေးတို့၏ကြီးကြီး ၊ မြေးလေးယောက်တို့၏ အဘွားသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရွှေကို အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်၊ စံပြရပ်ကွက်၊ မင်္ဂလာသိန္ဓုလမ်း၊ အမှတ် ၁၀/ခနေ (ဦးအုန်း)-ဒေါ်ကျင်မြိုင်တို့၏သား၊ (ဦးထွန်းကြည်) - ဒေါ်ကျင်ထွန်းတို့၏ သားသမက်၊ ဦးဆန်းညွှန့်-ဒေါ်တင်တင်မာ၊ ဒေါ်အေးအေးမာ၊ ဒေါ်စန်းစန်းမာ၊ ဦးဆန်းဝင်းအောင် - ဒေါ်တင်သီတာလှိုင်၊ မောင်ဝင်းနောင်တို့၏အစ်ကိုကြီး၊ မောင်ဝင်းဇော်ဦး-မထူးအဉ္ဇလီ၊ မောင်အောင်ကျော်နိုင်တို့၏ဖခင်၊ မအိငယ်၊ မအိဖြူ၊ မအိတာ၊မောင်ဖိုးသား၊ မောင်သားချိုတို့၏ဘဘကြီး၊ မအဲအဲမော်၏ဘိုးဘိုးကြီး၊ ဒေါ်နီနီမာ၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၁၀/ခ၊ မင်္ဂလာသိန္ဓုလမ်း နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်းနာယက**

## ဦးယုကြည် အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ ၃လမ်း၊ အမှတ် ၉၇နေ (ဦးကောက်-ဒေါ်ချိုဝါ)တို့၏သားကြီး၊ (ဦးနီကော-ဒေါ်ယုံ)တို့၏သားသမက်၊ ဒေါ်ကျင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မောင်စိုး-ဒေါ်သိန်းရီ၊ ဒေါက်တာခင်မောင်မျိုး - ဒေါက်တာဌေးဝင်းကြည်၊ ဦးဟန်စိန်-ဒေါ်မြင့်မြင့်ဝေ၊ ဒေါက်တာဘုန်းမြင့်ဝင်း-(ဒေါက်တာလဲ့လဲ့ဝေ)၊ ဒေါက်တာစိုးကျော်-(ဒေါ်ဆွေဆွေလှ)၊ ဒေါက်တာမိုးကျော်-(ဒေါက်တာဥမ္မာစိုး)၊ ဒေါက်တာမောင်အောင် - ဒေါက်တာခင်ခင်ဝေတို့၏ဖခင်၊မြေး ၁၅ယောက်၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီး၊ ဦးယုဆိုင်၊ ဒေါ်စွမ်ရီတို့၏အစ်ကိုသည် ၈-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှမြင့် အသက်(၇၈)နှစ်

**မူလတန်းပြဆရာမ(ငြိမ်း)**

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်မင်းလမ်း၊ အမှတ် ၁၁၀နေ (ဦးလှမောင်-ဒေါ်ခင်ရွှေ)တို့၏ သမီး၊ (ဦးစံလွင် - ဒေါ်ခင်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်စိုး၊ မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဒေါ်သက်သက်စိုး (အထက ကျိုက္ကော်)၊ ဦးသန်းဝင်း-ဒေါ်မြတ်မြတ်စိုး (အထက ကျိုက္ကော်)၊ ဦးဟန်ထွန်း-ဒေါ်ပြုံးပြုံးစိုး၊ဦးမိုးကျော်စိုး(လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်မေနွယ်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၇-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက္ကော်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာသန်းအောင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ကျင်းပရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများမှတာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဇန်နဝါရီလအတွင်း စတင်ကျင်းပပြုလုပ်မည့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ အပါအဝင် လာမည့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❋



ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ဖွင့်ပွဲ မနောအကများနှင့်စတင်



**မြစ်ကြီးနား ဇန်နဝါရီ ၈**

(၆၇)နှစ်မြောက်ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပရာ ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ဖွင့်ပွဲအတွက် ကချင်နှစ်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဆရာတော် လလောက်ဂျုံးခေါင်က ဆုတောင်းဆက်ကပ်ပြီး ကချင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကျောင်းသားကျောင်းသူ ၆၀၀တို့က ကချင်ပြည်နယ်နေ့ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခရိလအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင်ပြည်နယ်သည် တိုင်းရင်းသားလူမျိုးများအတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြပြီး ကချင်မျိုးနွယ်စုဝင်များ၊ ရှမ်းမျိုးနွယ်စုဝင်များ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ လူဦးရေ ၁၆ သိန်းကျော် နေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရန်အတွက် တောင်ပေါ်မြေပြန့်

*စာမျက်နှာ ၃ ကော်လံ ၁* ■

## အချိန်အခါမဟုတ် မိုးရွာနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှရွေ့လျားလာသော လေအေးများနှင့် တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေနွေးများ၏စုဆုံမှုကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

## ယနေ့ မာတိကာ


ဂျပန်မြောက်ပိုင်း နှင်းမုန်တိုင်းဝင်ရောက်မှု ရပ်ဆိုင်း — စာ » ၄

၂၀၁၅ ခုနှစ် Myanmar C.P ဖလားတင်းနစ်ပြိုင်ပွဲ ကျင်းပမည် — ဆောင်းပါး — စာ » ၆

တောရက်စ် အက်သလက်တီကိုတွင် ပြန်ကစားပြီ — စာ » ၁၃

ဗလငါးတန် စာကြည့်အသင်း သုံးနှစ်ပြည့်အခမ်းအနား လက်ဝှေ့ပြိုင်ပွဲ ကျင်းပ — စာ » ၁၆


mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS


### CLAIMS DAY NOTICE

**M.V HOEGH CHENNAI VOY:NO(8)**

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO. (8) are here by notified that the vessel will arrive on about 11-1-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### CLAIMS DAY NOTICE

**M.V CARIBBEAN HIGHWAY VOY:NO(131)**

Consignees of cargo carried by M.V CARIBBEAN HIGHWAY VOY: NO. (131) are here by notified that the vessel will arrive on about 11-1-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**မိုးစပါးဖြိုင်ဖြိုင်ပေါ် စပါးနှင့်ဆန်များ အရောင်းသွက်လျက်ရှိ**

စာ - ၄



လူမှုစီးပွား

**ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံထားရန်လိုအပ်**

စာ - ၅





# သက်ဝင်လှုပ်ရှားလာမည့် ၂၀၁၅ အာရှဖလား

စာ - ၇

**အာရှဖလားချန်ပီယံများ**

| | | | | | |
|---|---|---|---|---|---|
| ၁၉၅၆ | - | တောင်ကိုရီးယား | ၁၉၈၈ | - | ဆော်ဒီအာရေဗျ |
| ၁၉၆၀ | - | တောင်ကိုရီးယား | ၁၉၉၂ | - | ဂျပန် |
| ၁၉၆၄ | - | အစ္စရေး | ၁၉၉၆ | - | ဆော်ဒီအာရေဗျ |
| ၁၉၆၈ | - | အီရန် | ၂၀၀၀ | - | ဂျပန် |
| ၁၉၇၂ | - | အီရန် | ၂၀၀၄ | - | ဂျပန် |
| ၁၉၇၆ | - | အီရန် | ၂၀၀၇ | - | အီရတ် |
| ၁၉၈၀ | - | ကူဝိတ် | ၂၀၁၁ | - | ဂျပန် |
| ၁၉၈၄ | - | ဆော်ဒီအာရေဗျ | | | |




MINGALAR
MANDALAY
ဖွင့်ပွဲအထိမ်းအမှတ် အထူးအစီအစဉ်
မကြာမီ
ဖွင့်လှစ်တော့မည့်
မြန်မာနိုင်ငံ၏ပထမဆုံး
လမ်းလျှောက်ဈေး
( Walking Street )
ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်
(၄)ထပ် လူနေဆိုင်ခန်းများကို
လ(၃၀)အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့်
ရောင်းချပေးမည့်အစီအစဉ်အား စတင်လိုက်ပါပြီ။
မင်္ဂလာ မန္တလေး အဆင့်မြင့် ကွန်ဒိုမီနီယံရှိ အခန်းများကိုလည်း
လ(၃၀)အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။
အခန်းအရေအတွက်ကန့်သတ်ထားပါသည်။
ဝယ်ယူအားပေးသော Customer များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။
ဆက်သွယ်ရန်လိပ်စာ
Information Centre မင်္ဂလာမန္တလေး
E-mail : salesandmarketingnsl@gmail.com, Website : www.mingalarmandalay.com
Hot Line
09-431 48 577, 431 48 588


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
We Define Lifestyle
UNITED
ကမ္ဘာ့အေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးအွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than
84%
Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၃) ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• DUAL KEY SYSTEM UNIT များ
• LOW E-GLASS SYSTEM
• DUPLEX SYSTEM
• SMART HOME SYSTEM FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET
SERVICED RESIDENCE
SOILBUILD
Orangetee
777
1st Prize
2nd Prize
3rd Prize
CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ဒိုင်မွန်လက်စွပ်တစ်ကွင်း
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES
SQFT

ဇန်နဝါရီအပြောင်းအရွှေ့ကတော့စနေပြီ။ ဘယ်အသင်းတွေ ဘယ်လိုကစားသမားတွေကို ခေါ်ယူကြမှာလဲ။ ပြီးတော့ မထင်မှတ်တဲ့ အပြောင်းအရွှေ့တွေရော ဖြစ်လာဦးမှာလားဆိုတာကအစ စိတ်ဝင်စားဖို့ ကောင်းလာသလို အဲဒီအပေါ်အခြေခံပြီး ဗြိတိန်သတင်းစာတစ်စောင်ဖြစ်တဲ့ Dailymail ကတော့ ပရီမီယာလိဂ်အသင်းတွေရဲ့အခြေအနေနဲ့ လိုအပ်တဲ့နေရာ၊ ခေါ်ယူချင်တဲ့ကစားသမား၊ သုံးစွဲခွင့်ရှိတဲ့ငွေ ကြေးတွေနဲ့ စစ်ထုတ်ဖော်ပြလာတဲ့အတွက် ပရိသတ်တွေ ချင့်ချိန်နိုင်ဖို့ စိတ်ဝင်စားဖို့ကောင်းတဲ့အသင်း အချို့အကြောင်းကို ထုတ်နုတ်ဖော်ပြပေးလိုက်ရပါတယ်။

# ပရီမီယာလိဂ်နှင့် ဇန်နဝါရီ

လင်းဆက်

## အာဆင်နယ်

အာဆင်နယ်အနေနဲ့လက်ရှိစုဖွဲ့မှု အနေအထားအရ လိုအပ်ချက်များနေသလို ဇန်နဝါရီဈေးကွက်အတွင်း ဗဟိုခံစစ်မှူးတစ်ဦး၊ ကွင်းလယ်ခံစစ်ကစားသမားတစ်ဦး၊ ညာတောင်ပံခံစစ်ကစားသမားတစ်ဦးနဲ့ ဂိုးသမားတစ်ဦးကို ခေါ်ယူဖို့လိုအပ်နေသလို အပြောင်းအရွှေ့မှာ သုံးစွဲနိုင်ခွင့်ဘတ်ဂျက်ငွေကလည်း ပေါင်သန်း ၂၀ လောက်ရှိနေပါတယ်။ လတ်တလောအခြေအနေအရအသင်းရဲ့ လူငယ်တိုင်းစစ်မှူး ဆာနိုဂိုက အငှားနဲ့ အသင်းကနေထွက်ခွာဖို့ရှိနေပြီး ပြန်လည်ခေါ်ယူလိုမှုအဖြစ် အစ်ဆွစ်ခ်ျကစာသမား တိုင်ရိုနီမင်ကို ပေါင်ရှစ်သန်းနဲ့ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။

## ချယ်လ်ဆီး

ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံဖြစ်ဖို့ ကြိုးစားနေတဲ့ ချယ်လ်ဆီးကတော့ ခံစစ်မှူးတစ်ဦးနဲ့ တိုက်စစ်မှူးတစ်ဦးခေါ်ယူဖို့ ရှာဖွေနေပါတယ်။ ဒါပေမယ့် မော်ရင်ညိုစိတ်ကြိုက်ကစားသမားရှာမတွေ့ရင် နောက်လာမယ့် နွေရာသီအထိလည်းစောင့်စားရနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးဟာ ဒီဇန်နဝါရီဈေးကွက်အတွင်း အသုံးပြုဖို့ ဘတ်ဂျက်ငွေပေါင်သန်း ၃၀ရှိသလို ရယ်ဂျီကာကစားသမား ကရာမာရစ်ကို ခေါ်ယူနိုင်ရေး ကြိုးစားနေကာ အသင်းမှာနေရာမရတဲ့ မိုဟာမက်ဆာလာကတော့ အငှားစာချုပ်နဲ့ အသင်းကိုစွန့်ခွာသွားမယ့် အခြေအနေမှာရှိပါတယ်။

## လီဗာပူး

ဒီရာသီမှာ ရုန်းကန်နေရတဲ့လီဗာပူးအတွက်ကတော့ ဇန်နဝါရီမှာ အားဖြည့်နိုင်ဖို့အတော်ကြိုးစားရမှာပါ။ လီဗာပူးအနေနဲ့ ဒီဇန်နဝါရီမှာ လက်စွမ်းထက် ဂိုးသမားတစ်ဦးနဲ့ ခံစစ်မှူးတစ်ဦးအားဖြည့်ဖို့လိုအပ်နေပေမယ့်လည်း အပြောင်းအရွှေ့အတွက် အသုံးပြုငွေမရှိဖြစ်နေပါတယ်။ ဒါကြောင့်ပဲ လီဗာပူးဟာ ဆွမ်ဆီးကနေထွက်ခွာဖို့ရှိနေတဲ့ ဝီလ်ဖရက်ဒ်ဘိုနီကို အငှားနဲ့သာ ခေါ်ယူနိုင်ဖို့ပစ်မှတ်ထားနေကာ ဘိုရီနီကတော့ အသင်းကိုစွန့်ခွာနိုင်ခြေအရှိဆုံး အခြေအနေဖြစ်နေပါတယ်။

## ဆောက်သမ်တန်

ရော်နယ်ကိုးလ်မန်းလက်ထက်မှာ ခြေစွမ်းပြနိုင်တဲ့ ဆောက်သမ်တန်ကတော့ ဗဟိုခံစစ်မှူး တစ်ဦးအလိုရှိနေပါတယ်။ အပြောင်းအရွှေ့အတွက် သုံးစွဲနိုင်တဲ့ဘတ်ဂျက်က ပေါင် ၁၀သန်းသာရှိပြီး အိုင်းယက်စ် ကစားသမား ဒင်စပီလ်ကို ပေါင် သုံးသန်းနဲ့ ခေါ်ယူနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်။ အသင်းကနေ ထွက်ခွာဖို့ အရှိဆုံးကတော့ ဂျေးရိုဒရီကွက်ဇ်ပါပဲ။

## မန်ယူ

ဒီရာသီမှာ ဗန်ဟားလ်ရဲ့ ဦးဆောင်မှုနဲ့ အနည်းငယ်ပြန်လည် ဦးမော့လာတဲ့ မန်ယူကတော့ ညာနောက်ခံလူတစ်ဦးနဲ့ ကွင်းလယ်ကစားသမားတစ်ဦးလိုအပ်နေသေးပေမယ့် ဗဟိုခံစစ်မှူး ခေါ်ယူရေးကသာ သူတို့အတွက် အသင့်တော်ဆုံးဖြစ်နေပါတယ်။ ဒါကြောင့်ပဲ ဗန်ဟားလ်အနေနဲ့ အက်သလက်တီကိုဗဟိုခံစစ်မှူး ဂိုဒင်ကိုပေါင် ၂၈ သန်းကျော်နဲ့ ခေါ်ယူဖို့ပစ်မှတ်ထားနေကာ ဗန်ဟားလ်အတွက် ဘတ်ဂျက်ငွေကလည်း ပေါင်သန်း ၅၀ ရှိနေပါတယ်။ လက်ရှိအချိန်မှာတော့ အသင်းမှာ နေရာမရဘဲ အငှားသွားကစားနေတဲ့ ကွင်းလယ်ကစားသမား အန်ဒါဆန်ကတော့ အသင်းကို စွန့်ခွာနိုင်ခြေအရှိဆုံးဖြစ်နေပါတယ်။

## မန်စီးတီး

ဒီရာသီမှာ ချယ်လ်ဆီးကို အကောင်းဆုံးဖိအားပေးထားနိုင်တဲ့မန်စီးတီးကတော့ နီဂရီဒိုရဲ့နေရာမှာ အစားထိုးနိုင်ဖို့ တိုက်စစ်မှူးတစ်ဦးလိုအပ်နေသလို ဗဟိုခံစစ်မှူးတစ်ဦးပါ လိုအပ်နေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ မန်စီးတီးဟာ ဝုဖ်ဘတ်ရဲ့ဘယ်လ်ဂျီယံ ကွင်းလယ်တိုက်စစ်ကစားသမား ဒီဘရူနီကို ပေါင်ခြောက်သန်းနဲ့ ခေါ်ယူနိုင်ဖို့ ပစ်မှတ်ထားနေကာ အပြောင်းအရွှေ့အတွက် အသုံးပြုစရာ ဘတ်ဂျက်ကလည်း ပေါင်သန်း ၃၀လောက်ရှိနေပါတယ်။ လက်ရှိအချိန်မှာတော့ ပုံမှန်နေရာမရတဲ့ ဗဟိုခံစစ်မှူး နာစတာဆစ်ဟာ အသင်းကိုစွန့်ခွာသွားမယ့်အခြေအနေမှာရှိနေပါတယ်။

## စပါး

ပိုချက်စတီနိုရဲ့ဦးဆောင်မှုအောက်မှာ ရာသီအစပိုင်းက ရလဒ်တွေ မငြိမ်ခဲ့ပေမယ့် နောက်ပိုင်းမှာ တည်ငြိမ်မှုရလာတဲ့စပါးကတော့ တိုက်စစ်မှူးတစ်ဦးနဲ့ ကွင်းလယ်ကစားသမားတစ်ဦးခေါ်ယူဖို့ အလိုဆန္ဒရှိနေပါတယ်။ ပိုချက်စတီနိုအနေနဲ့ ဒီဇန်နဝါရီမှာ ပေါင် ၃၅ သန်းလောက်သုံးစွဲပိုင်ခွင့်ရှိနေသလို ဆောက်သမ်တန်ကစားသမား ဂျေးရိုဒရီကွက်ဇ်ကို ပေါင် ၁၅ သန်းနဲ့ ခေါ်ယူနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်။ လက်ရှိအချိန်မှာတော့ ချီရီချက်စ်ဟာအသင်းကို စွန့်ခွာနိုင်ခြေအများဆုံးပါပဲ။

## အဲဗာတန်

ဒီရာသီမှာ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိတဲ့ အဲဗာတန်ကတော့ ဂိုးသမားတစ်ဦးနဲ့ ဗဟိုခံစစ်မှူးတစ်ဦး အားဖြည့်ဖို့ လိုအပ်နေသလို လူငယ်ကစားသမား ခရစ္စတီယန်ဆက်ဆူရဲ့နေရာမှာ အစားထိုးဖို့ ကြိုးစားနေပါတယ်။ လက်ရှိအချိန်မှာတော့ အသင်းကိုစွန့်ခွာသွားနိုင်ခြေ အရှိဆုံးအဖြစ် တိုက်စစ်မှူး အာရူးနာကွန်က ရှိနေသလို အဲဗာတန်ဟာ အပြောင်းအရွှေ့အတွက် ဘတ်ဂျက်ငွေ ပေါင် ၁၀ သန်းရှိနေကာ ဆဲလ်တစ်ကစားသမား ဗန်ဒစ်ကို ပေါင်ရှစ်သန်းနဲ့ ခေါ်ယူနိုင်ဖို့ ပစ်မှတ်နေပါတယ်။

# ကမ္ဘာ့တန်ဖိုးအရှိဆုံး ဘောလုံးသမားများစာရင်း၏ တတိယနှင့် စတုတ္ထနေရာတို့တွင် ဟာဇက်၊ ဒီယေဂိုကော်စတာတို့ရပ်တည်နိုင်ခဲ့

ထက်အောင်

ကမ္ဘာ့ဘောလုံးလောကမှ ကစားသမားများ၏ တန်ဖိုးကို တွက်ချက်မှုအသစ်တစ်ခုအရ ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဟာဇက်နှင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာတို့သည် တတိယနှင့် စတုတ္ထမြောက် တန်ဖိုးအရှိဆုံး ကစားသမားများအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ တွက်ချက်မှုကို ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လွတ်လပ်သည့် လေ့လာဆန်းစစ်ရေးစင်တာတစ်ခုဖြစ်သည့် The International Centre for Sports Studies Football Observatory က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုတွက်ချက်မှုတွင် ကစားသမားများ၏ နောက်ဆုံးပြောင်းရွှေ့ကြေး၊ လက်ရှိစာချုပ်သက်တမ်း၊ ကစားသမားများ၏ အသက်နှင့် လက်ရှိ ကစားနေသည့် ကလပ်စသည်တို့ကို တွက်ချက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

The International Centre for Sports Studies Football Observatory မှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တန်ဖိုးအရှိဆုံးကစားသမားများစာရင်းတွင် ဟာဇက်က ယူရို ၉၉ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ ဒီယေဂိုကော်စတာက ယူရို ၈၄ သန်းဖြင့် စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစာရင်း၏ ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ဟာဇက်၊ ဒီယေဂိုကော်စတာတို့အပြင် အင်္ဂလန်ပရီမီယာလိဂ် ပြိုင်ပွဲမှ စတာလင်း၊ ဖာဘရီဂက်စ်၊ ဆာဂျီယိုအဂူရိုနှင့် အလက်ဆစ်ဆန်းချက်ဇ်တို့လည်း ပါဝင်ခဲ့ကြသည်။

**The International Centre for Sports Studies Football Observatory မှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တန်ဖိုးအရှိဆုံး ကစားသမား ၁၀ ဦးစာရင်း**

| အမည် | ကလပ် | တန်ဖိုး |
|---|---|---|
| လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | ယူရို ၂၂၀ သန်း |
| ခရစ္စတီယာနိုရော်နယ်ဒို | ရီးရဲမက်ဒရစ် | ယူရို ၁၃၃ သန်း |
| အီဒင်ဟာဇက် | ချယ်လ်ဆီး | ယူရို ၉၉ သန်း |
| ဒီယေဂိုကော်စတာ | ချယ်လ်ဆီး | ယူရို ၈၄ သန်း |
| ပေါလ်ပေါ့ဂ်ဘာ | ဂျူဗင်တပ် | ယူရို ၇၂ သန်း |
| ဆာဂျီယိုအဂူရို | မန်စီးတီး | ယူရို ၆၅ သန်း |
| ရာဟီးစတားလင်း | လီဗာပူး | ယူရို ၆၃ သန်း |
| ဖာဘရီဂက်စ် | ချယ်လ်ဆီး | ယူရို ၆၂ သန်း |
| ဆန်းချက်ဇ် | အာဆင်နယ် | ယူရို ၆၁ သန်း |
| ဂါရတ်ဘေးလ် | ရီးရဲမက်ဒရစ် | ယူရို ၆၀ သန်း |






